အတွဲ (၅၃) အမှတ် (၁၄၆)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၃ ရက်၊ တနင်္လာနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘရူနိုင်းအမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၃

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျရောက်သော ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၏ နှစ်(၃၀)ပြည့် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်ဆူလ်တန်ဟာဂျီဟာဆာနာလ်ဘိုလ်ကီးယား မူအစ်ဇာဒင်ဝါဒူလာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(က) ဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်နှင့်ကျောက်တန်းမြို့နယ်ရှိ သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(က) ဖွံ့ဖြိုးရေးအတွက် လုပ်ငန်းများဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် အထူးစီးပွားရေးဇုန် အပိုင်း(က)တွင် မြေညှိခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုရာ Myanmar Thilawa SEZ Holding Public Ltd. ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် Thilawa SEZ Management Committee ဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်တို့က အထူးစီးပွားရေးဇုန် အပိုင်း(က)အတွင်းရှိ မြေဧရိယာဟက်တာ ၄၀၀ တွင် မြေယာပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ မြန်မာ-ဂျပန် သီလဝါဖွံ့ဖြိုးတိုးတက်ရေးလီမိတက် (Myanmar-Japan Thilawa Development Ltd.)ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Mr.Yanai နှင့် တာဝန်ရှိသူများက သီလဝါအထူးစီးပွားရေးဇုန် အပိုင်း (က) ဖွံ့ဖြိုးရေးအတွက် ဖော်ဆောင်နေမှုနှင့် စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်နှင့် ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်တို့က လျှပ်စစ်ဓာတ်အားနှင့် ရေပံ့ပိုးပေးနိုင်မည့် အခြေအနေများနှင့် လမ်းများဖောက်လုပ်ပေးမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အထူးစက်မှုဇုန်ဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရေး စီမံကိန်းဧရိယာအတွင်း ရေ၊ လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိရေးနှင့် လမ်းများစနစ်တကျ ဖောက်လုပ်ပေးရေး၊ အထူးစီးပွားရေးဇုန်အတွင်း စက်ရုံအလုပ်ရုံများ ဖွင့်လှစ်လုပ်ကိုင်သည့်အခါတွင် ကျွမ်းကျင်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရန်ကုန်တိုင်းဒေသကြီး သန်လျင်နှင့် ကျောက်တန်းမြို့နယ်ရှိ သီလဝါအထူးစီးပွားရေးဇုန်အပိုင်း(က) မြေယာပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကိုကြည့်ရှုစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၅ ကော်လံ ၁

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်တွင် ၃၃ ထပ်မြင့်သော Golden City စီမံကိန်းတည်ဆောက်နေ

သတင်း-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရန်ကုန်မြို့သည် စီးပွားရေးမြို့တော်ဖြစ်ပြီး နိုင်ငံတကာမှ စီးပွားရေးမြို့တော်များကဲ့သို့ တဖြည်းဖြည်းအသွင်ပြောင်းလဲလျက်ရှိနေသည်။ နေရာတိုင်းတွင် အဆောက်အအုံသစ်များ တည်ဆောက်နေမှုကို တွေ့မြင်နေရပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဖြင့် တည်ဆောက်နေသော အဆောက်အအုံများလည်းရှိနေပြီဖြစ်သည်။ ယခုအခါ ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ရန်ကင်းလမ်းမပေါ်တွင် အထပ်မြင့် အဆင့်မြင့် အဆောက်အအုံစီမံကိန်းတစ်ခုဖြစ်သည့် Golden City စီမံကိန်းတစ်ခုကို စင်ကာပူအခြေစိုက် Golden Land ကုမ္ပဏီက စတင်တည်ဆောက်နေပြီဖြစ်သည်။

စာမျက်နှာ ၆ ကော်လံ ၅

ယနေ့ မာတိကာ

ကိုယ်ဝန်ဆောင် အမျိုးသမီးများ လေကောင်းလေသန့် ရရှိရန် အထူးတလည် လိုအပ်လျက်ရှိ စာ - ၄

မြန်မာ့ ဗုဒ္ဓစင်တာကြီး ဗြိတိန်၌ တည်ဆောက်မည် စာ - ၁၁

ကမ်းလင့်လက်များအား မျှော်လင့်နေသော အသက်ရှူသံများ စာ - ၁၃

မန်ယူနဲ့ ချယ်လ်ဆီးတို့ ရင်ပူရဦးမယ့် ချန်ပီယံလိဂ်ပွဲ စာ - ၁၄

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အိုးအိမ်မဲ့သူများ၏ မျှော်လင့်ချက်

လွန်ခဲ့သည့်တစ်နှစ်အတွင်း အိမ်ဈေး၊ မြေဈေးများ အဆမတန် မြင့်တက်မှုဂယက်ကြောင့် ကျူးကျော်တဲထိုးနေထိုင်သူများ ပို၍များပြားလာသည်ကို သတိပြုမိသည်။ အိမ်ဈေး၊ မြေဈေးနှင့်အတူ အိမ်ခန်းငှားခများပါ ဈေးတက်ခဲ့သည့်အလျောက် ကျူးကျော်နေထိုင်မှုများ မြို့ကြီးများ၌ ဖြစ်ပေါ်ခဲ့သည်။ အထူးသဖြင့် အိမ်ခန်းငှားရမ်းနေထိုင်သူများ ပို၍များသည်။

နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ အခက်အခဲအကျပ်အတည်းများကို မျက်ခြည်မပြတ်စောင့်ကြည့် ဖြည့်ဆည်းပေးလျက်ရှိပါသည်။ ယခုအခါ အဆိုပါအကျပ်အတည်းကို ဖြေရှင်းသွားနိုင်ရန်အတွက် နိုင်ငံတော်က စတင်ကိုင်တွယ်ဆောင်ရွက်တော့မည် ဖြစ်ပါသည်။ မြေမဲ့၊ ယာမဲ့၊ အိမ်ရာမဲ့ အိမ်ထောင်စုများအတွက် နိုင်ငံတော်အစိုးရအနေဖြင့် **City Development Plan** နှင့် **Township Development Plan** များရေးဆွဲကာ ဆောင်ရွက်နေပြီဖြစ်ကြောင်း သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ဖေဖော်ဝါရီ ၂၁ ရက်နေ့ကပြုလုပ်သော အစည်းအဝေး၌ ထုတ်ဖော်ပြောကြားလိုက်ပြီဖြစ်ပါသည်။ ဤသတင်းသည်ကား အိုးအိမ်မဲ့သူများအတွက် မင်္ဂလာသတင်းတစ်ရပ်ပင် ဖြစ်ပါသည်။ အလွန်ပင်ဝမ်းမြောက်ဝမ်းသာဖြစ်ရမည့် သတင်းစကားပင်ဖြစ်ပါသည်။

"မြေမဲ့၊ ယာမဲ့စာရင်းများ ကောက်ယူရာမှာ သက်ဆိုင်ရာမြို့နယ်၊ ဒေသအလိုက် စာရင်းတိကျစွာ ရရှိဖို့လိုအပ်ပြီး အခြေခံကိန်းဂဏန်းများ မှန်မှန်ကန်ကန်ကောက်ယူနိုင်ဖို့လိုအပ်ပါတယ်။ ဒီအထဲမှ စိုက်ပျိုးရေးလုပ်ကိုင်သူများကို စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ဖို့ နေရာချထားပေးမှသာလျှင် ကုန်ထုတ်လုပ်မှုတိုးတက်လာမှာ ဖြစ်ပါတယ်။ အခြားအလုပ်လုပ်ကိုင်တဲ့ မြေမဲ့၊ ယာမဲ့တွေကိုလည်း နေထိုင်ရေးအတွက်စီစဉ်ပေးရမှာ ဖြစ်ပါတယ်"ဟု ဝန်ကြီးဦးစိုးသိန်းက အဆိုပါအစည်းအဝေး၌ ပြောကြားခဲ့ပါသည်။

အဆိုပါလုပ်ငန်းအောင်မြင်အောင် ဆောင်ရွက်ရေးသည် ရိုးသားမှန်ကန်မှုနှင့် အဂတိကင်းရှင်းရေးသည် အရေးအကြီးဆုံးအချက်ဖြစ်ပါသည်။ ပြည်သူ့အကျိုးစီးပွားဖော်ဆောင်ရာတွင် ကိုယ်ကျိုးအမြတ်မထုတ်မိရန် အရေးကြီးပါသည်။ ဤအစီအစဉ် အမှန်တကယ်အထမြောက် အကောင်အထည်ပေါ်လာမည်ဆိုပါက အိမ်ရာမရှိသူများ အိုးပိုင်အိမ်ပိုင်ဖြစ်သွားမည်ဖြစ်၍ အလွန်ပင်ဝမ်းမြောက်စရာကောင်းပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ကိုင်ရန် အခက်အခဲဖြစ်နေသူများမှာလည်း လုပ်ငန်းအတွက် အဆင်ပြေလာပြီး ကုန်ထုတ်လုပ်မှု တိုးတက်လာမည်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဤလုပ်ငန်းစဉ်သည် ယနေ့နိုင်ငံတော်က ဆောင်ရွက်နေသည့် ဆင်းရဲမှုလျှော့ချ ရေးလုပ်ငန်းစဉ်အတွက်များစွာအထောက်အကူဖြစ်လာမည် ဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးပွားလာမည်။ မြို့ပြများတွင် နေစရာအပြင် အလုပ်အကိုင်များပါ ဖန်တီးပေးရန် စီစဉ်ထားခြင်းကြောင့် လူမှုဘဝလည်း တိုးတက်လာမည်ဖြစ်ပါသည်။ ထို့ကြောင့် အိမ်ရာမဲ့၊ ယာမဲ့၊ မြေမဲ့ဖြစ်နေသူများ၏ မျှော်လင့်ချက်ရောင်ခြည်သည် တဖြည်းဖြည်း တောက်ပလာတော့မည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ဒက္ခိဏသီရိမြို့နယ် ခုတင် ၅၀ ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၂၂

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ဒက္ခိဏသီရိမြို့နယ် ခုတင် ၅၀ ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက်နံနက် ၁၁ နာရီက အဆိုပါ ဆေးရုံဥပစာ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ဒက္ခိဏသီရိမြို့နယ် ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံအဆောက်အအုံကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်နှင့် နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်က ခုတင် ၅၀ ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံဖွင့်ပွဲ အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို Global Sensor ဖြင့်ဖွင့်လှစ်ပေးပြီး ဆေးရုံအတွင်းရှိ အရေးပေါ်နှင့် ပြင်ပလူနာဌာနရှိ သွားဆေးကုသခန်း၊ ဓာတ်ခွဲခန်းနှင့် X-Ray ဓာတ်မှန်ခန်းတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများသည် ခွဲစိတ်ဆောင်ရှိ ခွဲစိတ်ခန်းအတွင်း ခေတ်မီခွဲစိတ်စက်ကိရိယာများဖြည့်တင်းထားမှု၊ သားဖွားဆောင်အတွင်း ဖွဲ့စည်းထားရှိမှုနှင့်သားဖွားခန်းအတွင်း ခေတ်မီစက်ကိရိယာများ ဖြည့်တင်းထားမှုနှင့် လူနာဆောင်အတွင်း ပြင်ဆင်ထားမှုတို့ကို လှည့်လည် ကြည့်ရှုကြသည်။

ထို့နောက် ခုတင် ၅၀ ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ပွဲနှင့်ဆေးပဒေသာပင် အလှူငွေလှူဒါန်းခြင်းအခမ်းအနားကို ဆေးရုံဝင်းအတွင်းရှိ ယာယီမဏ္ဍပ်၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က နေပြည်တော်ကောင်စီနယ်မြေအတွင်း ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရေးအတွက် ဇမ္ဗူသီရိ၊ ဥတ္တရသီရိ၊ ပုဗ္ဗသီရိ၊ ဇေယျာသီရိစသည့်မြို့နယ်များတွင် ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံများကို ဆောက်လုပ်ပေးခဲ့ပြီး ပျဉ်းမနားမြို့နယ် ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံကို ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံအဖြစ် လည်းကောင်း၊ လယ်ဝေးနှင့်တပ်ကုန်းမြို့နယ်များရှိ ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံများကိုလည်း ခုတင် ၁၀၀ ဆံ့အဖြစ် ထပ်မံတိုးမြှင့် ဆောက်လုပ်ပေးထားပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ယခုဖွင့်လှစ်သည့် ခုတင် ၅၀ ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံတွင် ဆေးရုံသုံးပစ္စည်းများကို ပြည့်ပြည့်စုံစုံဖြည့်တင်းပေးထားကြောင်း၊ ပြည်သူများအား လူတန်းစေ့ အသက်ရှည်နေထိုင်နိုင်ရန်နှင့် ရောဂါဘယကင်းဝေးစေရေး ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိကြောင်း၊ မွေးလူနာများကိုလည်း ပြည်သူ့ဆေးရုံတိုင်းတွင် အခမဲ့မွေးဖွားနိုင်ပြီဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒိုင်းမွန်းမာကျူရီ ဆောက်လုပ်ရေးကုမ္ပဏီမှ ဒုတိယအထွေထွေ မန်နေဂျာ ဦးသီဟကျော်က ခုတင် ၅၀ ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများကို နေပြည်တော် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမြင့်ထံသို့လည်းကောင်း၊ မြို့နယ်ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် သိန်း ၅၀ ကို ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသန်းညွန့်ထံသို့လည်းကောင်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ယနေ့ ဖွင့်လှစ်သည့် ခုတင် ၅၀ ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံသည် နေပြည်တော်ကောင်စီနယ်မြေ၊ ဒက္ခိဏခရိုင် ဒက္ခိဏသီရိမြို့နယ် မဥ္ဇူသကလမ်းမကြီးဘေး မြေဧရိယာ ၁၅ ဒသမ ၁၁ ဧကပေါ်တွင်တည်ရှိပြီး အရေးပေါ်နှင့်ပြင်ပလူနာဌာန၊ ခွဲစိတ်ကုသဆောင်၊ သားဖွားဆောင်၊ လူနာဆောင်နှင့် လုံးချင်းနှင့် ခြောက်ခန်းတွဲ၊ လေးခန်းတွဲဝန်ထမ်းအိမ်ရာများဖြင့် ဖွဲ့စည်းတည်ဆောက်ထားပြီး ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်နှစ်ခု၊ ကျေးရွာပေါင်း ၂၈ ရွာတို့မှ ပြည်သူ ၃၂၅၃၇ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သံဃာတော်များနှင့် သီလရှင်များအား ဆင်းကတ်များဆက်ကပ်

တပ်ကုန်း ဖေဖော်ဝါရီ ၂၂

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်း ဝါဆိုဝါကပ်ခဲ့ကြသော သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များကို နေပြည်တော်ကောင်စီ၏ အစီအစဉ်ဖြင့် စီဒီအမ်အေ ၈၀၀ ဖုန်းဆင်းကတ်များ ဆက်ကပ်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက်မှ ၁၉ ရက်အထိ ဆောင်ရွက်ခဲ့ရာ တပ်ကုန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအေးလူနှင့် ဥတ္တရခရိုင် သာသနာရေးမှူး ဦးစိန်ညွန့်တို့ ဦးဆောင်သော အဖွဲ့နှစ်ဖွဲ့ဖြင့် သက်ဆိုင်ရာဘုန်းကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ သွားရောက်ဖြန့်ဝေ ဆက်ကပ်ခဲ့ကြကြောင်းနှင့်ယင်းသို့ ဆက်ကပ်ရာတွင် တပ်ကုန်းမြို့နယ်အတွင်းရှိ ဘုန်းကြီးကျောင်း ၂၃၀ မှ သံဃာတော်အပါး ၈၇၁ နှင့် သီလရှင်ကျောင်း ရှစ်ကျောင်းမှ သီလရှင် ၅၄ ပါးတို့ကို စီဒီအမ်အေ ၈၀၀ ဆင်းကတ် ၉၂၅ ကတ်ကို ဖြန့်ဝေဆက်ကပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (၁၅၄)

ဗီတာမင်(အေ)နှင့် သန်ချဆေးတိုက်ကျွေး

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေး ဝန်ထမ်းများသည် ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၁၀နာရီမှ မွန်းတည့် ၁၂ နာရီအထိ တာမွေမြို့နယ် အရိုးကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ အသက်ခြောက်လမှ ငါးနှစ်အတွင်းရှိ ကလေးငယ်များကို ကိုယ်အလေးချိန် ချိန်ခြင်း၊ ဗီတာမင် (အေ) အားဆေးနှင့် သန်ချဆေးတိုက်ကျွေးခြင်း၊ ကိုယ်ဝန်သုံးလနှင့်အထက်ရှိ ကိုယ်ဝန်ဆောင်မိခင်လောင်းများအား သန်ချဆေး တိုက်ကျွေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု အသိပညာပေး ဆွေးနွေးဟောပြောခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။ ယင်းသို့ ဆောင်ရွက်ပေးကြရာတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများနှင့် ရပ်ကွက်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များက လိုအပ်သည်များကို ကူညီပံ့ပိုးပေးကြကြောင်း သိရသည်။

ကိုချစ်

Y.E.S. Since 1994
International English Language Centre

Basic Spoken English
Mon to Thurs-7:30-9:30 am 3,24 Feb
Mon to Thurs-10:00-12:00am 10 Feb
Sat & Sun - 9:00-12:00am 15 Feb
Sat & Sun - 12:30-3:30pm 15 Feb
MontoThurs-3:00-5:00pm 17Feb,10Mar
Mon to Thurs-5:30-7:00pm 17 Feb

Pre-Intermediate English
Mon to Thurs-10:00-12:00am 17 Feb
Mon to Thurs-7:30-9:30am 17 Feb
Mon to Thurs-5:00-7:00pm 17 Feb
Sat & Sun - 12:30-3:30pm 22 Feb

Grammar Foundation Course
Mon to Thurs-7:30-9:30am 10 Feb
Mon to Thurs-1:00-2:30pm 10 Feb
Sat & Sun - 9:00-12:00am 15 Feb

Vocabulary Enrichment Course
MontoThurs - 3:00 - 5:00pm 17Feb

Structure & Written Expression
Mon to Thurs - 5:00 - 6:30pm 10 Feb
Sat & Sun - 9:00 - 12:00 am 15 Feb
Sat & Sun - 12:30 -3 :30pm 15 Feb
Sat & Sun - 1:00 - 3:00pm 17 Feb

Basic Writing Course
Mon to Thurs - 1:00 - 3:00pm 17 Feb

IELTS, SAT, AWC, API, TOEFL, IE

ငယ်ရွယ်သူကလေးများအတွက်
အင်္ဂလိပ်စကားပြော သင်တန်းများ

No.190, 2nd Flr:,28th St:(Upper), Pabedan Tsp. ☎ 243950

Travels & Tours
"ဖေဖော်ဝါရီ / မတ် Promotion Trip"

ဗုဒ္ဓဂယာ	USD 780	လာအို	USD 980
ရှင်ဆိုင်	USD 780	ကမ္ဘောဒီးယား	USD 680
စင်ကာပူ	USD 850	ဗီယက်နမ်	USD 800
ဘာလီ	USD 900	ဟောင်ကောင်	USD 1100
ပီနန် ၊ လန်ကာဝီ	USD 900	ဗုဒ္ဓဂယာ (International Style)	USD 1300

No.67, Baho Rd, Sanchaung. Ph: 01-500191, 519292, 510491,510218
E/1, 35 Rd, Bet 72x73 St, Mandalay.
Ph: 09-31693339,09-73013856
Hot Line: 09-73003772

ပြည်တွင်းသတင်း

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း ၂၀၁၄ ခုနှစ် ပြည်ထောင်စုဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မီးလင်းဘောရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ၂၀၁၄ ခုနှစ် ပြည်ထောင်စုဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မီးလင်းဘောရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြည်ထောင်စုဖလား ဂေါက်သီး ရိုက်ပြိုင်ပွဲတွင် မီးလင်းဘောရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

✻ ကျောဖုံးမှ

ပြည်နယ်များမှ အသက် ၂၅ နှစ်အထက် (အမျိုးသား) ဂေါက်သီးရိုက်ပြိုင်ပွဲ၌ မြို့တော်ဂေါက်ကွင်းတွင် အသင်းခုနစ်သင်း၊ ရေပြာဂေါက်ကွင်းတွင် ရှစ်သင်း၊ အသက် ၂၅ နှစ်အောက် (အမျိုးသား) ဂေါက်သီးရိုက်ပြိုင်ပွဲ၌ မြို့တော်ဂေါက်ကွင်းတွင် အသင်းငါးသင်း၊ ရေပြာဂေါက်ကွင်းတွင် ရှစ်သင်းနှင့် အမျိုးသမီးဂေါက်သီးပြိုင်ပွဲ၌ မြို့တော်ဂေါက်ကွင်းတွင် အသင်းငါးသင်း၊ ရေပြာဂေါက်ကွင်းတွင် ခုနစ်သင်းတို့ အလှည့်ကျ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ယနေ့ ကျင်းပသည့် ဂေါက်သီးရိုက်ပြိုင်ပွဲ၌ အသက် ၂၅ နှစ်အထက် အမျိုးသားအသင်းလိုက် ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၃၄ ချက်ဖြင့် မန္တလေးတိုင်းဒေသကြီး အသင်းက ဦးဆောင်ကစားလျက်ရှိပြီး ၂၅ နှစ်အထက် တစ်ဦးချင်းပြိုင်ပွဲတွင် ကျော်ကျော်(မန္တလေး)က ၁၇ ချက်လျှော့ရိုက်၍ ဦးဆောင်ကစားလျက်ရှိသည်။

၂၅ နှစ်အောက် အမျိုးသားအသင်းလိုက်ပြိုင်ပွဲ၌ စုစုပေါင်း ၂၃၃ ချက်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအသင်းကလည်းကောင်း၊ တစ်ဦးချင်းပြိုင်ပွဲ၌ စည်သူအောင်(နေပြည်တော်)က ၁၆ ချက်လျှော့ရိုက်၍ လည်းကောင်း ဦးဆောင်ကစားလျက်ရှိသည်။

အမျိုးသမီးပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၉၃ ချက်ဖြင့် ရှမ်းပြည်နယ်အသင်းက လည်းကောင်း၊ တစ်ဦးချင်းပြိုင်ပွဲတွင် ဖူးပွင့်ရတီခိုင်(ရန်ကုန်)က ကိုးချက်လျှော့ရိုက်၍လည်းကောင်း ဦးဆောင်ကစားလျက်ရှိသည်။

၂၀၁၄ ခုနှစ် ပြည်ထောင်စုဖလားဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ညနေပိုင်းတွင် ဆုပေးပွဲ အခမ်းအနားကို နေပြည်တော် မြို့တော်ဂေါက်ကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

၂၀၁၄ ခုနှစ် ပြည်ထောင်စုဖလား ဂေါက်သီးရိုက် ပြိုင်ပွဲတွင် အမျိုးသား အားကစားသမားတစ်ဦး ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

၂၀၁၄ ခုနှစ် ပြည်ထောင်စုဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမျိုးသမီး အားကစားသမားတစ်ဦး ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

တောင်ငူမြို့မဈေးကြီး ယာယီဈေးတည်ဆောက်

တောင်ငူ ဖေဖော်ဝါရီ ၂၂

ဖေဖော်ဝါရီ ၁၃ ရက်က ဖြစ်ပွားသော တောင်ငူမြို့မဈေးကြီးမီးလောင်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသော မီးဘေးသင့်ဈေးသူဈေးသားများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တာဝန်ရှိသူများ ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၈ နာရီက တွေ့ဆုံစဉ် မြို့မိမြို့ဖများနှင့်ဈေးသူဈေးသားများ၏ တောင်းဆိုချက်အရ ယာယီဆိုင်ခန်းပေါင်း ၆၇၂ ခန်းကို တောင်ငူမြို့နယ် မိုင်ဒါကွင်းမြေနေရာတွင် ရက်ပေါင်း ၃၀ အတွင်း အပြီးတည်ဆောက်မည်ဖြစ်ကြောင်းသိရသည်။

ယင်းကဲ့သို့ တည်ဆောက်ရာတွင် အချိန်မီ ပြီးစီးနိုင်ရေးအတွက် အလုပ်သမားပေါင်း ၂၀၀ ကျော်နှင့်အတူ နေ့ဆိုင်း၊ ညဆိုင်းဖြင့် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ) သူရ(တောင်ငူ)**

မီးငြှိမ်းသတ်ယာဉ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုသည် ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဌာနချုပ်၌ ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနသို့ မီးငြှိမ်းသတ်ယာဉ် ၁၇ စီး လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားရာတွင် မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးစသည့် ရည်မှန်းချက် တာဝန်ကြီး(၄)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုနှစ် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေဖြင့် မီးငြှိမ်းသတ်ယာဉ် ၂၂၂ စီး ဝယ်ယူခဲ့ပြီး နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးသို့ ဖြန့်ခွဲထုတ်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒီကနေ့ ရန်ကုန်တိုင်းဒေသကြီးသို့ မီးငြှိမ်းသတ်ယာဉ် ၁၇ စီး **(အောက်ပုံ)**ကို လွှဲပြောင်းပေးသွားမည်ဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် မူလက မီးသတ်ယာဉ် ၁၃၁ စီး ရှိပြီးဖြစ်သည့်အတွက် ယခုမီးငြှိမ်းသတ်ယာဉ် ၁၇ စီးပါဝင်မည်ဆိုပါက မီးသတ်ယာဉ် ၁၄၈ စီးရှိလာမှာဖြစ်သည့်အတွက် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်၊ ရပ်ကွက်/ကျေးရွာများ၏ မီးငြှိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်း၊ မီးဘေးလုံခြုံရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသွားသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေထံ မီးသတ်ယာဉ် ၁၇ စီးနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများအား လွှဲပြောင်းပေးအပ်ပြီး တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မီးငြှိမ်းသတ်ယာဉ်များအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

One Stop Supplier
for Hotels & Restaurants
THE HOST
HOTEL & RESTAURANT
ARTICLES MART

Open Daily : 9AM to 5:30 PM
Add: No.7, Aung Theik Di Road, Mayangone Tsp; Yangon, Myanmar. Ph: 01-662086, 0949282185, 09 31369690, Email : thehost@billionforce.com

နိုင်ငံတကာသတင်း

ကိုယ်ဝန်ဆောင်အမျိုးသမီးများ လေကောင်းလေသန့်ရရှိရန် အထူးတလည်လိုအပ်လျက်ရှိ

ဘာသာပြန်-ဒေါက်တာသာစိန်

ကိုယ်ဝန်ဆောင်နေစဉ် ကာလအတွင်း လေထုညစ်ညမ်းမှုနှင့် ထိတွေ့နေရသော မိခင်လောင်းများမှာ သွေးတိုးရောဂါဖြစ်လာနိုင်သည့် အခြေအနေရှိကြောင်း မကြာသေးမီက အမေရိကန်ပြည်ထောင်စုတွင် ပြုလုပ်ခဲ့သော လေ့လာဆန်းစစ်မှု အသစ်တစ်ရပ်အရ သိရသည်။

ယင်း လေ့လာဆန်းစစ်မှုတွင် ပါဝင်သော ဖလော်ရီဒါတက္ကသိုလ်မှ သုတေသီများက လေထုထဲပါရှိသော ဆာလဖာဒိုင်အောက်ဆိုက်၊ ကာဗွန်မိုနောက်ဆိုက်နှင့် ဓာတုဆိုင်ရာအမှုန်များမှာ ကိုယ်ဝန်ဆောင်အမျိုးသမီးများအတွက် အဆိပ်အတောက်ဖြစ်စေကြောင်း၊ သို့သော် ယင်းအဆိပ်အတောက်သည် စီးကရက်ဆေးလိပ်ငွေ့ရှူရှိုက်မိသလောက် မပြင်းထန်ကြောင်း မိမိတို့စမ်းသပ်တွေ့ရှိခဲ့သည်ဟု ဆိုသည်။

အမေရိကန်ပြည်ထောင်စု ပတ်ဝန်းကျင်ထိန်းသိမ်းရေး အေဂျင်စီ (EPA) မှထုတ်ပြန်သော အစီရင်ခံစာအရ စက်ရုံနှင့်တောမီးလောင်ရာမှ ထွက်ရှိလာသော အက်စစ်၊ ဖုန်၊ သတ္တုနှင့် မြေမှုန့်များအစရှိသည့် ဓာတုဆိုင်ရာအမှုန်များနှင့် လျှပ်စစ်ဓာတ်အားစက်ရုံမှ ထုတ်လွှင့်သော ဆာလဖာဒိုင်အောက်ဆိုက်နှင့် ကားအိတ်ဇောပိုက်မှ ထွက်လာသော ကာဗွန်မိုနောက်ဆိုက် ဓာတ်ငွေ့များမှာ လေထုညစ်ညမ်းမှုဖြစ်စေကြောင်း ဆိုသည်။ ထို့ပြင် အဆိုပါတက္ကသိုလ်မှ လက်ထောက်ပါမောက္ခ ရှီရာအိုဟိုင်ရှုက ပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းတရားများသည် သန္ဓေသားကြီးထွားဖွံ့ဖြိုးမှုအပေါ် ဆိုးကျိုးများစွာ သက်ရောက်စေနိုင်ကြောင်း ပြောကြားသည်။

သွေးတိုးရောဂါသည် သေဆုံးမှုမြင့်တက်သည့်အပြင် စိတ်ဒဏ်ရာဒဏ်ချက်ကိုပါရစေသဖြင့် လမစေ့ကလေးမွေးဖွားမှုအပါအဝင် မိခင်နှင့်သန္ဓေသားများအတွက် အန္တရာယ်များစွာဖြစ်ပေါ်စေကြောင်း ယင်းလက်ထောက် ပါမောက္ခက ထပ်လောင်းပြောကြားသည်။

သုတေသီများသည် ၂၀၀၄ ခုနှစ်နှင့် ၂၀၀၅ ခုနှစ်အတွင်းက ဖလော်ဒါရီတွင် ကလေးမွေးဖွားသော ကိုယ်ဝန်ဆောင်မိခင် ၂၂၀၀၀ ၏ အချက်အလက်များကို စစ်ဆေးခဲ့ပြီးနောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အေဂျင်စီ (EPA) က ကောက်ခံခဲ့သော အချက်အလက်များကို အသုံးပြုကာ ယင်းကိုယ်ဝန်ဆောင်မိခင်များ ကိုယ်ဝန်ဆောင်စဉ် ကာလအတွင်း လေထုညစ်ညမ်းမှုနှင့် မည်ရွေ့မည်မျှ ထိတွေ့ခဲ့သည်ကို စစ်ဆေးတိုင်းတာခဲ့ကြကြောင်း၊ ယင်းကိုယ်ဝန်ဆောင်မိခင်များထဲမှ ၄ ဒသမ ၇ ရာခိုင်နှုန်းမှာ ကိုယ်ဝန် ဆောင်စဉ်ကာလအတွင်း သွေးတိုးရောဂါ ဖြစ်ပွားနေသည်ကို တွေ့ရှိခဲ့ကြကြောင်း ဆိုသည်။

(ဆင်ဟွာ)

မြောက်ကိုရီးယား တပ်ဖွဲ့ဝင်နှစ်ဦး ၎င်းတို့၏ ဒုံးပျံရှေ့၌ လုံခြုံရေး စောင့်ကြပ်နေစဉ်။

ဆိုက်ဘာလက်နက် တောင်ကိုရီးယားတီထွင်ထုတ်လုပ်

ဆိုးလ် ဖေဖော်ဝါရီ ၂၂

တောင်ကိုရီးယားနိုင်ငံအနေဖြင့် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယား အဆောက်အအုံများကို ဖျက်ဆီးရန်ရည်ရွယ်ချက်ဖြင့် ဆိုက်ဘာတိုက်ခိုက်ရေး ကိရိယာတစ်မျိုးကို တီထွင်ထုတ်လုပ်သွားမည်ဟု ဆိုသည်။

တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် Stuxent နှင့်တူသော ဆိုက်ဘာလက်နက်များကို ထုတ်လုပ်သွားရန် လိုလားကြောင်း၊ အဆိုပါဆော့ဝဲသည် အီရန်နျူကလီးယား သန့်စင်စက်ရုံများကို တိုက်ခိုက်ရန် ထုတ်လုပ်ထားကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

တောင်ကိုရီးယားစစ်တပ် အနေဖြင့် အဆိုပါဆော့ဝဲအသုံးပြုမစ်ရှင်ကို ဖွင့်လှစ်ဆောင်ရွက်မည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနကပြောသည်။ အဆိုပါဆိုက်ဘာလက်နက်သည် အလွန့်အလွန် အန္တရာယ်များနိုင်ကြောင်း ကွန်ပျူတာလုံခြုံရေးကျွမ်းကျင်ပညာရှင်တစ်ဦးက ပြောကြားသည်။ ကာကွယ်ရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၉ ရက်တွင် အဆိုပါ လက်နက်အစီအစဉ်ကို အစိုးရသို့တင်ပြခဲ့ကြောင်း ယွန်ဟပ်သတင်းအေဂျင်စီက သတင်းထုတ်ပြန်ခဲ့သည်။

၂၀၀၆ ခုနှစ်တွင် မြောက်ကိုရီးယားက နျူကလီးယားလက်နက် အောင်မြင်စွာ စမ်းသပ်နိုင်ကြောင်း ထုတ်ဖော်ပြောကြားသည်။ တောင်ကိုရီးယားက ထုတ်လုပ်မည့် အဆိုပါ ဆိုက်ဘာလက်နက်သည် မြောက်ကိုရီးယားနျူကလီးယား အဆောက်အအုံများနှင့် ဒုံးပျံအဆောက်အအုံများကို ဖျက်ဆီးစေနိုင်သည်ဟု ဆိုသည်။

(ဘီဘီစီ)

ဝေရတ်တောင်လုံခြုံရေးဖြန့်ကြက်မည်

ခတ္တမန္ဒူ ဖေဖော်ဝါရီ ၂၂

တောင်တက်သမားများအကြား ဆူပူရန်ဖြစ်မှုများကို ထိန်းချုပ်ရန်အလို့ငှာ ဝေရတ်တောင်ခြေစခန်း၌ လုံခြုံရေးတာဝန်ရှိသူများ အဖွဲ့တစ်ဖွဲ့ကို ဖြန့်ကြက်ချထားမည်ဖြစ်ကြောင်း နီပေါအစိုးရက ဆုံးဖြတ်လိုက်သည်။

ပြီးခဲ့သည့်ဧပြီလက ဥရောပတောင်တက်သမားများနှင့် တောင်တက်သမား ကူညီရေးအဖွဲ့တို့သည် အမြင့် ၂၄၅၀၈ ပေ၌ ဆူပူရန်ပွဲဖြစ်ခဲ့သည်။

ရဲနှင့်စစ်သားများ ပါဝင်သော လုံခြုံရေးအဖွဲ့ကို တောင်တက်ရာသီ ဧပြီလမှစပြီး တောင်ခြေရှိ စခန်း၌ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။ ယင်းလုံခြုံရေးအဖွဲ့တွင် နီပေါစစ်တပ်မှ အရာရှိသုံးဦးအပါအဝင် တပ်ဖွဲ့ဝင်ကိုးဦးဖြင့် ဖွဲ့စည်းထားသည်။ ယင်းတောင်သည် နီပေါနှင့်တရုတ်ကြားတွင်ရှိပြီး ကမ္ဘာတွင် အမြင့်ဆုံးတောင်ဖြစ်ကာ အမြင့်ပေ ၂၉၀၂၉ ရှိသည်။

(ဘီဘီစီ)

အတိုက်အခံနှင့်သဘောတူညီမှုရသော်လည်း ယူကရိန်း၌ ဆန္ဒပြမှုများရှိနေဆဲ

ကီယက်ဗ် ဖေဖော်ဝါရီ ၂၂

ယူကရိန်းနိုင်ငံရေး အကျပ်အတည်း အဆုံးသတ်ရန်ရည်ရွယ်သည့် စာချုပ်ချုပ်နိုင်သော်လည်း မြို့တော်ကီယက်ဗ် အဓိကရင်ပြင်၌ ထောင်နှင့်ချီသော ဆန္ဒပြမှုများဖြစ်ပွားနေဆဲဖြစ်သည်။

သမ္မတဗစ်တာယာနုကိုဗစ်ချ်နှင့် အတိုက်အခံခေါင်းဆောင်ကလစ်ချ်ကိုတို့အကြား သောကြာနေ့က လက်မှတ်ရေးထိုးလိုက်သော စာချုပ်အရ စည်းလုံးညီညွတ်သော အစိုးရတစ်ရပ်ဖွဲ့စည်းလျက် သမ္မတရွေးကောက်ပွဲ ကျင်းပသွားမည်ဟု ဆိုသည်။ သို့သော်လည်း ဆန္ဒပြသူအများစုက မစ္စတာယာနုကိုဗစ်ချ်ကို မယုံကြည်ဘဲရှိသည်။

အမေရိကန်နှင့်ရုရှားသမ္မတတို့က အဆိုပါသဘောတူစာချုပ်ကို အမြန်ဆုံး အကောင်အထည်ဖော်ပေးရန် သဘောတူခဲ့ကြသည်။ ရုရှားနိုင်ငံအနေဖြင့် အဆိုပါအကောင်အထည်ဖော်ရေးတွင် တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်ရန်လိုလားကြောင်း သမ္မတပူတင်က အိုဘားမားထံ သောကြာနေ့က ဖုန်းဆက်ပြောကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါသဘောတူညီချက်သည် နိုဝင်ဘာလ မငြိမ်မသက်မှု စတင်ကတည်းက သွေးထွက်သံယိုမှုအဖြစ်ဆုံးနေ့အပြီး အီးယူနိုင်ငံခြားရေးဝန်ကြီးသုံးဦးက ကြားဝင်စေ့စပ်ခဲ့ပြီးနောက် ရရှိခဲ့ခြင်းဖြစ်သည်။

(ဆင်ဟွာ)

အမေရိကန်ဂျက်လေယာဉ်ကုမ္ပဏီနှစ်ခု

ပိတ်ဆို့မှုဖယ်ရှားပြီးနောက် လေယာဉ်အစိတ်အပိုင်းများ အီရန်သို့ရောင်း

ဝါရှင်တန် ဖေဖော်ဝါရီ ၂၂

အီရန်နှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများအကြား ကြားဖြတ်နျူကလီးယား သဘောတူညီချက်ရရှိရေး ကြိုးပမ်းရန် အမေရိကန်ကုမ္ပဏီကြီးနှစ်ခုက အီရန်သို့ ဂျက်လေယာဉ်အစိတ်အပိုင်းများ တင်ပို့ရောင်းချရေး လိုင်စင်လျှောက်ထားလာသည်။

အမေရိကန်လေကြောင်း ကုမ္ပဏီနှစ်ခုဖြစ်သည့် ဘိုးရင်းနှင့်ဂျင်နရယ် အီလက်ထရွန်နစ်တို့သည် ပြီးခဲ့သည့်နှစ် နျူကလီးယားသဘောတူညီချက်ရရှိပြီးနောက် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ခွင့်ပြုချက်လျှောက်ထားလာကြောင်း အမေရိကန်တာဝန်ရှိသူများက အတည်ပြုပြောကြားသည်။

ဂျင်နရယ် အီလက်ထရွန်နစ်ကုမ္ပဏီသည် ၂၀၁၄ ခုနှစ်ကတည်းက လေယာဉ် အစိတ်အပိုင်းများနှင့် အင်ဂျင်ထိန်းသိမ်းရေးပစ္စည်းများ တင်ပို့ခွင့်လိုင်စင် လျှောက်ထားခဲ့ကြောင်း ဂျီအီးပြောရေးဆိုခွင့်ရှိသူ ရစ်ကနေဒီက ပြောသည်။

အီရန်ကိုပိတ်ဆို့မှု ဖြေလျှော့လိုက်ပြီးနောက် တင်သွင်းမှုကို ထပ်မံလျှောက်ထားခဲ့ကြောင်း ၎င်းကုမ္ပဏီက ပြောသည်။ ဘိုးရင်းကုမ္ပဏီကလည်း အီရန်သို့ လေယာဉ်အစိတ်အပိုင်းများတင်ပို့ရေး ပို့ကုန်လိုင်စင်လျှောက်ထားခဲ့သည်ဟု ဆိုသည်။

အမေရိကန်အနေဖြင့် အီရန်ကို ပိတ်ဆို့မှုများ ဖြေလျှော့ပေးပြီး ၎င်းတို့ကုမ္ပဏီများ အကျိုးများစေရန် ကြိုးစားနေကြောင်း ဗာဂျီးနီးယား အခြေစိုက်တီရယ်အုပ်စု လေ့လာသုံးသပ်သူ ဂျိုးလ်ဂျွန်ဆင်က ပြောသည်။ အီရန်နှင့် အင်အားကြီးခြောက်နိုင်ငံက ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် အီရန်ယူရေနီယံသန့်စင်ရေးလုပ်ငန်းကို အကန့်အသတ်ဖြင့် ဆောင်ရွက်ရန် သဘောတူလိုက်ပြီးနောက် အီရန်ကို ပိတ်ဆို့မှုအချို့ လျှော့ပေးခဲ့သည်။

(ပရက်စ်တီဗွီ)

နယူးဇီလန် ခရစ်ချတ်ချ်၌ ၂၀၁၁ ခုနှစ်ငလျင်ကြောင့် သေဆုံးသူများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်ပွဲကျင်းပ

ဝယ်လင်တန် ဖေဖော်ဝါရီ ၂၂

နယူးဇီလန်နိုင်ငံတောင်ပိုင်း ခရစ်ချတ်ချ်မြို့၌ ၂၀၁၁ ခုနှစ်ငလျင်ကြောင့် သေဆုံးသွားသူများအတွက် တတိယအကြိမ်မြောက် ဝမ်းနည်းခြင်းအထိမ်းအမှတ်ပွဲ ကျင်းပခဲ့သည်ကို နယူးဇီလန်ရုပ်သံက ထုတ်လွှင့်ခဲ့သည်။

၎င်းအထိမ်းအမှတ်ပွဲကို ခရစ်ချတ်ချ်မြို့ ရုက္ခဗေဒဥယျာဉ်၌ ဖေဖော်ဝါရီ ၂၂ ရက် အစောပိုင်းက စတင်ကျင်းပခဲ့ပြီး မွန်းလွဲပိုင်းတွင် ပြီးဆုံးခဲ့သည်။ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်က အင်အား ၆ ဒသမ ၃ ရစ်ချ်တာစကေးအဆင့်ရှိ ငလျင်လှုပ်မှုကြောင့် သေဆုံးခဲ့သူ ၁၈၅ ဦးအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် အဆိုပါအထိမ်းအမှတ်ပွဲသို့ လာရောက်ကြသော မြို့တော်ဝန်နှင့် လူထောင်ပေါင်းများစွာသည် မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ်၌ တိတ်ဆိတ်ငြိမ်သက်ခြင်းဖြင့် ဆုတောင်းမှုပြုလုပ်ခဲ့ကြသည်။ ၎င်းနောက် သေဆုံးသူ ၁၈၅ ဦး၏ အမည်များကို ဖတ်ခဲ့ကြပြီး လွမ်းသူ့ပန်းခွေများ ချခဲ့ကြောင်း သိရသည်။

မြို့တော်ဝန်က ယနေ့သည် ပျက်စီးဆုံးရှုံးမှုများနှင့် သေဆုံးသူများကို ပြန်လည်သတိရပြီး အနာဂတ်အတွက် စီမံခန့်ခွဲမှုများနှင့် မျှော်လင့်ချက်များကို ရှာဖွေရန် အချိန်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု သိရသည်။ (ဆင်ဟွာ)

ပြည်ထောင်စုဝန်ကြီးများနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းဆောင်ရွက်သူများ စီးပွားရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းဆောင်ရွက်သူများ၊ စီးပွားရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံခဲ့သည်။

နိုင်ငံတော်သမ္မတနှင့် နံနက်ပိုင်း တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးများနှင့်ပုဂ္ဂလိက စီးပွားရေးလုပ်ငန်း ဆောင်ရွက်သူများ၊ စီးပွားရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် ယင်းခန်းမ၌ပင် ဆက်လက်တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံ ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းဆောင်ရွက်သူများ၊ စီးပွားရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၊ စီးပွားရေးအဖွဲ့အစည်းအလိုက် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ တွေ့ကြုံရသည့်အခက်အခဲများ၊ အောင်မြင်မှုရရှိသည့် လုပ်ငန်းများ၊ ဝန်ကြီးဌာနများက ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို အကျယ်တဝင့်ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့်ဦးတင်နိုင်သိန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်နှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီးများနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းဆောင်ရွက်သူများ၊ စီးပွားရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးစဉ်။

(သတင်းစဉ်)

◆ ရှေ့ဖုံးမှ

လုပ်သားများ အဆင်သင့်ရရှိရေးအတွက် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့သည်။

သီလဝါ အထူးစီးပွားရေးဇုန် အပိုင်း(က)တွင် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေးကို ဆောင်ရွက်လျက်ရှိရာ ယခုအခါ မြေယာပြုပြင်ခြင်းလုပ်ငန်း၏ ၈၀ ရာခိုင်နှုန်း၊ စီမံကိန်းတစ်ခုလုံး၏ ၁၂ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဘရူနိုင်းအမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၃

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျရောက်သော ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၏ နှစ်(၃၀)ပြည့် အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး မင်းသား ဟာဂျီမိုဟာမက်ဘိုလ်ကီးယား ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ပုပ္ပားရုပ်သံစက်ရုံ၌ Digital ရုပ်/သံလွှင့်စက်ပစ္စည်းများတပ်ဆင်နေစဉ်ကာလအတွင်း လက်ရှိ 5 KW အစား 500 W ဖြင့် ပြောင်းလဲထုတ်လွှင့်ပေးမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၂

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော ရုပ်မြင်သံကြားအစီအစဉ်များကို Analogue စနစ်မှ Digital စနစ် (DVB-T2) သို့ ပြောင်းလဲထုတ်လွှင့်ရန် ဆောင်ရွက်လျက်ရှိရာ ဒုတိယအဆင့်အဖြစ် မြစ်ကြီးနား၊ လွိုင်ကော်၊ ဘားအံ၊ ဖလမ်း၊ ကနေဒီ၊ မော်လမြိုင်၊ စစ်တွေ၊ တောင်ကြီး၊ ကျိုင်းတုံ၊ လားရှိုး၊ ထားဝယ်၊ ပြည်၊ တောင်ငူ၊ ညောင်လေးပင်၊ ပဲခူး၊ မင်းဘူး၊ ပုပ္ပား၊ မိတ္ထီလာ၊ ကျောင်းကုန်း၊ ပုသိမ်၊ ဟသ်ာတ၊ မုံရွာတို့တွင် စက်ပစ္စည်းတပ်ဆင်မှုများ စတင်ဆောင်ရွက်သွားမည်ဖြစ်သည်။

ပုပ္ပားရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံတွင် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်မှ မတ် ၆ ရက်အတွင်း Digital Antenna တပ်ဆင်မှုများ ဆောင်ရွက်မည်ဖြစ်သဖြင့် လက်ရှိထုတ်လွှင့်နေသာ MRTV အစီအစဉ် Analogue 5 KW ထုတ်လွှင့်မှုကို ခေတ္တရပ်နား၍ Analogue 500 W ရှိသော လွှင့်စက်ဖြင့် ယာယီထုတ်လွှင့်ပေးသွားမည်ဖြစ်သည်။

ယင်းသို့ 500 W ဖြင့် ထုတ်လွှင့်မှုကို ပုပ္ပားစက်ရုံမှအရှေ့ဘက်တွင် လက်ပံပြား၊ အနောက်ဘက်တွင် ပုဂံ၊ ညောင်ဦးနှင့်တောင်ဘက်တွင် ကျောက်ပန်းတောင်းမြို့အထိ ဖမ်းယူရရှိနိုင်မည်ဖြစ်ပြီး 5 KW ဖြင့် ထုတ်လွှင့်စဉ်က ရရှိနေသော ၁၅ မိုင်ကျော်နေရာများမှ ဖမ်းယူရရှိနိုင်မည်မဟုတ်ကြောင်းနှင့် 5 KW ဖြင့် ပြန်လည်ထုတ်လွှင့်မည့်ရက်ကို ဆက်လက်ကြေညာသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံးများ ဖွင့်လှစ်ပြီးဖြစ်၍ ပြန်လည်စွန့်လွှတ်သည့်မြေများအတွက် မြေသိမ်းဆည်းခံရသူများက ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်စုံစမ်းလျှောက်ထားနိုင်

ကရင်ပြည်နယ် ခရိုင်နှင့်မြို့နယ်အသီးသီးတွင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံးများကို အောက်ပါအတိုင်း ဖွင့်လှစ်ပြီးဖြစ်သဖြင့် ပြန်လည်စွန့်လွှတ်သည့်မြေများတွင် သိမ်းဆည်းခံထားရသည့် မြေများပါဝင်ခြင်း ရှိ/မရှိကို စုံစမ်းနိုင်ကြောင်း၊ ပါဝင်ပါက သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံး(ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံး)များတွင် ခိုင်လုံသောအထောက်အထားဖြင့် လျှောက်ထားနိုင်ကြောင်းနှင့် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်-

စဉ်	ကော်မတီအမည်	တည်နေရာ	ဆက်သွယ်ရန်ဖုန်း
၁	ကရင်ပြည်နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ပြည်နယ်အစိုးရအဖွဲ့ရုံး	၀၅၈-၂၁၂၃၃
၂	ဘားအံခရိုင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၅၈-၅၁၂၃၅
၃	ကော့ကရိတ်ခရိုင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၅၈-၄၀၀၀၂
၄	မြဝတီခရိုင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၅၈-၅၀၁၈၃
၅	ဖာပွန်ခရိုင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၁-၅၈၁၂၄၆
၆	ဘားအံမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန	၀၅၈-၂၁၀၃၇
၇	လှိုင်းဘွဲ့မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန	၀၅၈-၄၅၀၀၆
၈	သံတောင်ကြီးမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန	၀၅၈-၄၅၀၀၁
၉	ကော့ကရိတ်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန	၀၅၈-၄၀၀၃၅
၁၀	ကြာအင်းဆိပ်ကြီးမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန	၀၅၈-၆၀၀၁၄
၁၁	မြဝတီမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန	၀၅၈-၅၀၀၀၃
၁၂	ဖာပွန်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန	၀၁-၅၈၁၂၄၆

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

‘ခေါင်းလား’ ‘ဂေါင်းလား’

မောင်ခင်မင်(ဓနုဖြူ)

“ဘဘ တော်တော်နေကောင်းသွားပြီနော်။ မနေ့ကထက် ပိုပြီးကြည်ကြည်လင်လင်ဖြစ်နေတယ်”

“အေး. . . နေကောင်းပါတယ်ကွယ်။ ဒီနေ့ သမီးရောက်လာတာ အတော်ပဲ။ မနေ့က သမီးမေးတဲ့ အဖတ်အရွတ်ကိစ္စကလေးတွေ ပြောစရာကျန်နေသေးတယ်ကွဲ့.”

“ပြောပါ ဘဘ။ သမီးစိတ်ဝင်စားပါတယ်”

“အဖတ်အရွတ်မှာ အသံမှန်ဖို့ဆိုတာက အသံအလေးအပေါ့၊ အတင်းအလျော့၊ အဖြတ်အရပ်ဆိုတာတွေ သူ့နေရာနဲ့သူ မှန်မှန်ကန်ကန်ဖတ်ဖို့ ရွတ်ဖို့ကို ဆိုလိုတာပဲကွဲ့.”

“ဟုတ်ကဲ့ ဘဘ”

“စာဖတ်တဲ့အခါ လေးလေးပင်ပင်အသံထွက်ပြီးဖတ်ရတဲ့ အသံမျိုးရှိသလို ပေါ့ပေါ့အသံထွက်ပြီး ဖတ်ရတဲ့ အသံမျိုးလည်းရှိတယ်။ အဲဒီလိုပဲ တင်းတင်းဖတ်ရတဲ့ အသံ၊ လျော့လျော့ဖတ်ရတဲ့အသံ၊ ဖြတ်ပြီးဖတ်ရတဲ့ အသံ၊ ရပ်နားပြီးဖတ်ရတဲ့အသံတွေလည်းရှိတယ်။ အဲဒီအချက်တွေကို သတိပြုပြီး ဖတ်ကြရွတ်ကြဖို့ ရှေးကတည်းက ပညာရှင်တွေက လမ်းညွှန်ခဲ့ကြပါတယ် သမီးရယ်”

“ပြောပြပါ ဘဘ။ သမီးမှတ်သားချင်လို့ပါ”

“အဖတ်အရွတ်မှားလို့ အဓိပ္ပာယ်တစ်မျိုးဖြစ်သွားပုံကို ပညာရှင်တွေပြတဲ့ သာဓကတစ်ခု သမီးကိုပြောပြမယ်”

“ဟုတ်ကဲ့ ဘဘ”

“ရှေးက အိမ်တစ်အိမ်ရဲ့ရှေ့မှာ အများသိအောင် စာတစ်ကြောင်းရေးထားတယ်တဲ့။ အဲဒီစာက ‘မသာရ ထားငှားရန်ရှိသည်’တဲ့ကွဲ့.”

“ဟုတ်ကဲ့ ဘဘ”

“အဲဒီအိမ်ရှင်အမျိုးသမီးရဲ့နာမည်က ‘မသာရ’လေ။ သူက သူ့ဆီမှာ ဓားတစ်ချောင်းငှားဖို့ရှိတယ်လို့ ကြော်ငြာထားတာပါ။ ရှေးက ‘ဓား’ကို ထဆင်ထူးနဲ့ ‘ထား’လို့လည်း ရေးကြတာကိုး သမီးရဲ့”

“ဟုတ်ကဲ့”

“အဲဒီ မသာရက သူ့ဆီမှာဓားငှားဖို့ရှိတယ်လို့ ရေးထားတာကို ဖတ်တဲ့သူတစ်ယောက်က အဖြတ်အတောက်လွဲပြီး ‘မသာရထား- ငှားရန်ရှိသည်’လို့ ဖတ်လိုက်တော့ လူသေရင် မသာအလောင်းတင်တဲ့ရထားငှားဖို့ရှိတယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်သွားတာပေါ့ကွယ်။ ဖတ်တဲ့သူက အဖြတ်အတောက်လွဲသွားတော့ အဓိပ္ပာယ်ပါ တစ်မျိုးဖြစ်သွားပါရော”

“အဖြတ်အတောက်မှန်ဖို့ အရေးကြီးတာပေါ့နော် ဘဘ”

“ဟုတ်တယ်။ ဘဘကိုယ်တိုင်ကြားခဲ့တာ တစ်ခုရှိသေးတယ်။ ဂီတဖျော်ဖြေပွဲတစ်ပွဲမှာ ဆိုမယ့်သီချင်းခေါင်းစဉ်က ‘ဆင်မပေးရ ဆံမြည္ဒာကေ’တဲ့။ ပြည်လှဖေရဲ့ နတ်ရှင်နောင်သီချင်းထဲက စာသားကို ခေါင်းစဉ်လုပ်ထားတာပါ။ ချစ်သူလေးရဲ့ဆံကေသာကို ပန်းပန်ဆင်မပေးရလို့ လွမ်းတဲ့ အဓိပ္ပာယ်ပေါ့။ အဲဒါကို အခမ်းအနားမှူးက ဘယ်လိုကြေညာသလဲဆိုတော့ “ခုဆက်လက်ပြီးဖျော်ဖြေမယ့် သီချင်းက ‘ဆင်မ-ပေးရ ဆံမြည္ဒာကေ ဖြစ်ပါတယ်” လို့ ကြေညာလိုက်တာကိုး။ ‘ဆင်-မပေးရ’ကို အဖြတ်အတောက်လွဲပြီး ‘ဆင်မ- ပေးရ’လို့ ဆိုလိုက်တော့ ပရိသတ်က ဝါးခနဲပွဲကျသွားတာပေါ့ကွယ်။ ‘ဆင်မ’ဆိုတာကြီး မြင်ယောင်လာလို့ထင်ပါရဲ့”

“ဟုတ်တာပေါ့နော်။ ဩော်. . . သမီးတို့ သူငယ်ချင်းတွေနဲ့ ကစားတာ တစ်ခု သတိရလို့ပါဘဘ”

“ပြောပါဦး သမီးရဲ့”

“စာရွက်မှာ ‘ဆရာမလာရင်ကောင်းမယ်’လို့ရေးပြီး ဖတ်ခိုင်းတာ၊ တစ်ယောက်က ‘ဆရာမ- လာရင်ကောင်းမယ်’လို့ ဖတ်တယ် ဘဘ။ တစ်ယောက်ကတော့ ‘ဆရာ-မလာရင်ကောင်းမယ်’လို့ ဖတ်ပါတယ်။ ဘယ်သူဖတ်တာ မှန်သလဲဆိုပြီး ငြင်းကြတာပျော်စရာကောင်းပါတယ်။ အဲဒါကို သတိရလို့ပါ”

“အေး---ဟုတ်တာပေါ့။ ‘ဆရာမ- လာရင်’လို့ဖတ်တော့ အဓိပ္ပာယ်တစ်မျိုး၊ ‘ဆရာ- မလာရင်’လို့ဖတ်တော့ အဓိပ္ပာယ်တစ်မျိုး ထွက်တာပေါ့ကွယ်။ ဩော်---သတိရလို့၊ စကားပုံတစ်ခုကလည်း အဲဒီလိုအဓိပ္ပာယ်နှစ်မျိုးထွက်နေတယ်ကွဲ့.”

“ပြောပြပါ ဘဘ”

“ခွေးဖြူ တောမတိုးဝံ့ဆိုတဲ့စကားပုံလေ”

“ဘယ်လို အဓိပ္ပာယ်နှစ်မျိုးထွက်တာလဲဘဘ”

“ ‘ခွေးဖြူ-တောမတိုးဝံ့’လို့ဖတ်ရင် အဖြူရောင်ခွေးလို့ အဓိပ္ပာယ်ရတယ်။ ‘ခွေးဗျူ’လို့ အသံထွက်တယ်။ အဲဒီခွေးဖြူဟာ ကြောက်လို့တောမတိုးဝံ့သလို ကြောက်တတ်တဲ့သူဟာလည်း အခက်အခဲကိုရင်မဆိုင်ဝံ့ဘူးလို့ ဆိုလိုတာပေါ့။ တစ်ခါ ‘ခွေး-ဖြူတော မတိုးဝံ့’လို့ ဖတ်ရင်တော့ ခွေးဟာ ဖြူကောင်ရဲ့ဆူးတွေကို ကြောက်တဲ့အတွက် ဖြူကောင်တွေကြားကို မသွားဝံ့သလို ကြောက်တတ်တဲ့သူဟာလည်း အခက်အခဲကိုရင်မဆိုင်ဝံ့ဘူးလို့ ဆိုလိုတာပေါ့။ စကားပုံရဲ့ ဆိုလိုတဲ့အဓိပ္ပာယ်ကတော့ အတူတူပါပဲ။ ခိုင်းနှိုင်းပုံက အဓိပ္ပာယ်နှစ်မျိုးဖြစ်နေတာပေါ့။ နှစ်မျိုးစလုံးလည်း သုံးနေကြတာပဲလေ”

“ဒါလည်း အဖြတ်အတောက်ကြောင့် အဓိပ္ပာယ်နှစ်မျိုးဖြစ်သွားတာပဲနော်။ စိတ်ဝင်စားစရာ ကောင်းပါတယ် ဘဘ”

“ဘဘကိုယ်တိုင် အဖြတ်အတောက်မှားပြီး အမှတ်မှားခဲ့တဲ့ နာမည်တစ်ခု ရှိတယ်ကွဲ့.”

“ဟုတ်ကဲ့ ဘဘ”

“တစ်ခါက ဆောင်းပါးတစ်ပုဒ်မှာ ရေးသူနာမည်ကို ‘မင်းလှမြင့်ထွန်း’လို့ တွေ့ရတော့၊ ဘဘက ထင်လိုက်တယ်။ ဩော်- ဒီကလောင်ရှင်က သူ့ဇာတိ မင်းလှမြို့ကို အစွဲပြုပြီး မင်းလှမြင့်ထွန်းလို့ နာမည်ယူတာပဲလို့ ထင်တာ”

“အဲဒီလို မဟုတ်ဘူးလား ဘဘ”

“အေး. . . နောက်လူချင်းသိတော့မှ ဘဘထင်သလို မဟုတ်မှန်းသိရတယ်။ သူ့နာမည်က ‘လှမြင့်ထွန်း’တဲ့။ ရှေ့က ‘မင်း’ ထည့်တာက မွန်အမျိုးသားဖြစ်နေလို့ မွန်ဓလေ့အတိုင်း ‘မင်း’ ထည့်တာတဲ့။ အဲဒီတော့မှ ဘဘထင်တာ မှားသွားကြောင်း သိရတာပေါ့ကွယ်”

“စိတ်ဝင်စားဖို့ကောင်းပါတယ် ဘဘ”

“အဲ. . . နောက်တစ်ခုပြောချင်တာက အသံအလေးအပေါ့မှားသွားလို့ အဓိပ္ပာယ်ကောက်တာ မှားသွားတဲ့ သာဓကပဲကွဲ့. ”

“ပြောပါ ဘဘ”

“ ‘ခေါင်း’လို့ရေးထားတဲ့ စာလုံးကို အသံထွက်ရင် သူ့အတိုင်းပဲ ‘ခေါင်း’လို့ အသံပေါ့ပေါ့ ထွက်ရတာလည်းရှိတယ်၊ ‘ဂေါင်း’လို့ အသံလေးလေးထွက်ရတာလည်းရှိတယ်။ ကဲ. . . သမီး စဉ်းစားကြည့်စမ်းပါ။ ဘယ်လိုစကားလုံးမျိုးတွေမှာ ‘ခေါင်း’လို့ အသံပေါ့ပေါ့ထွက်သလဲ”

“အဲ. . . သစ်ခေါင်းတို့၊ လူသေထည့်တဲ့ ခေါင်းတို့ကို ‘ခေါင်း’လို့ပဲ အသံထွက်ရပါတယ် ဘဘ”

“ဟုတ်ပြီ။ ဂေါင်းလို့ အသံထွက်တာကရော ဘယ်စကားလုံးမျိုးတွေလဲ သမီး”

“ ‘ဦးခေါင်း’တို့၊ ‘တံဆိပ်ခေါင်း’တို့၊ ‘ခေါင်းဆောင်’ တို့မှာ ‘ဂေါင်း’လို့ အသံထွက်ရပါတယ် ဘဘ”

“အေး ဟုတ်ပြီ။ တစ်ခါက မြန်မာဝတ္ထုတစ်ပုဒ်ကို နိုင်ငံခြားသား ပညာရှင်တစ်ယောက်က အင်္ဂလိပ်လို ဘာသာပြန်ရာမှာ အဲဒီစကားလုံးတစ်လုံးကြောင့် ပြဿနာတက်ဖူးတယ် သမီးရဲ့။ သူက ရန်ကုန်မြို့ထဲမှာ လူသေအလောင်းထည့်တဲ့ခေါင်း (coffin)တစ်လုံးဝယ်တယ်လို့ ဘာသာပြန်လိုက်တာကိုး၊ ဒီတော့ မြန်မာလူမျိုးတွေ မြို့တော်ကြီးအလယ်မှာတောင် အသုဘခေါင်းတွေ ရောင်းနေတယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်သွားတာပေါ့။ အမှန်က ဝတ္ထုထဲမှာ ရန်ကုန်မြို့ထဲက ဆိုင်တစ်ဆိုင်မှာ တံဆိပ်ခေါင်း (stamp)ဝယ်တဲ့အကြောင်း ရေးထားတာပါ။ တံဆိပ်ခေါင်းကိုလည်း ‘ခေါင်း’လို့ တစ်လုံးတည်းရေးတယ်လေ။ အသံထွက်ရင်တော့ ‘ဂေါင်း’လို့ ထွက်တာပေါ့။ ဒါကို နိုင်ငံခြားသားပညာရှင်ကမသိဘဲ အသုဘခေါင်းထင်ပြီး ဘာသာပြန်လိုက်တော့ တော်တော်ပြဿနာတက်သွားတာပေါ့ကွယ်။ အသံအလေးအပေါ့ တစ်ချက်မှားသွားရုံနဲ့ ဘယ်လောက်ဆိုးသွားတယ်ဆိုတာ သိနိုင်တာပေါ့ကွယ်”

“မှတ်သားစရာတွေ၊ သတိပြုစရာတွေ သိရတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ် ဘဘ”။ ။

“စာဖတ်တဲ့အခါ လေးလေးပင်ပင် အသံထွက်ပြီး ဖတ်ရတဲ့ အသံမျိုးရှိသလို ပေါ့ပေါ့အသံထွက်ပြီး ဖတ်ရတဲ့ အသံမျိုးလည်းရှိတယ်။ အဲဒီလိုပဲ တင်းတင်းဖတ်ရတဲ့ အသံ၊ လျော့လျော့ဖတ်ရတဲ့အသံ၊ ဖြတ်ပြီးဖတ်ရတဲ့ အသံ၊ ရပ်နားပြီးဖတ်ရတဲ့ အသံတွေလည်းရှိတယ်။

နေပြည်တော်သတင်းစာတိုက်ဝန်ထမ်းများ

ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ရတနာလိုဏ်ဂူ(ရသေ့ဂူ)သို့ ပင့်ဆောင်ပူဇော်

နေပြည်တော် ဖေဖော်ဝါရီ ၂၂

နေပြည်တော် ဇေယျာသီရိမြို့နယ် ရွာသစ်ကုန်းကျေးရွာ တောင်ခြေအနီး တည်ထားကိုးကွယ်သော ကပ်ကာကမ္ဘာအေးစေတီတော် ပရိဝုဏ်ရှိ ရတနာလိုဏ်ဂူ(ရသေ့ဂူ)သို့ ဥဒ္ဒိဿက ဗုဒ္ဓရုပ်ပွားဆင်းတုတော် ပင့်ဆောင်လှူဒါန်းပူဇော်ပွဲကို ယနေ့နံနက် ၈ နာရီတွင် ခရေပင်လမ်းခွဲရှိ နေပြည်တော်သတင်းစာတိုက်ဝန်ထမ်းအိမ်ရာ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နယူးလိုက်အော့ဖ်မြန်မာသတင်းစာ စာတည်းမှူးချုပ် ဦးသန်းမြင့်ထွန်း ဦးဆောင်သော ဝန်ထမ်းများက ဥဒ္ဒိဿက ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ဝန်ထမ်းအိမ်ရာ ယာယီစံကျောင်းတော်မှ ရတနာလိုဏ်ဂူ(ရသေ့ဂူ) သို့ ပင့်ဆောင်လှူဒါန်းပူဇော်ကြသည်။ **(အပေါ်ပုံ)**

ဥဒ္ဒိဿက ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကို အလှူရှင် ဦးအောင်ကျော်ကျော်၊ ဦးမျိုးသန့်နှင့် ဝန်ထမ်းများက လှူဒါန်းပူဇော်ကြခြင်းဖြစ်ကြောင်း သိရသည်။

အေးသန်း

● ရှေ့ဖုံးမှ

“Golden City စီမံကိန်းမှာ ဟိုတယ်၊ ရှော့ပင်းစင်တာ၊ အဆင့်မြင့်ဆွေးနွေးပွဲခန်းမ၊ ဖျော်ဖြေရေးခန်းမနဲ့ အဆင့်မြင့်လူနေခန်းတွေပါဝင်မှာ ဖြစ်ပါတယ်။ ကလေးတွေအတွက် ကစားကွင်းတွေပါဝင်ပြီး ကျန်းမာရေးလေ့ကျင့်ခန်း၊ ဂေါက်ကွင်း၊ အခြားအားကစားနည်းများဖြစ်တဲ့ စားပွဲတင်တင်းနစ်၊ ရေကူးကန်စတာတွေလည်းပါဝင်မှာဖြစ်ပါတယ်။ နိုင်ငံတကာအဆင့်မီ လူနေမှုဘဝပုံစံကို အပြည့်အဝရရှိစေနိုင်မယ့် စီမံ ကိန်းဖြစ်ပါတယ်”ဟု ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ရန်ကင်းလမ်းရှိ Golden City အ ဆောက်အအုံ၌ ဖေဖော်ဝါရီ ၂၂ ရက်နံနက်က ကျင်းပသည့်ရှင်းလင်းပွဲ တွင် Golden City စီမံကိန်းမှ CEO ဖြစ်သူ Alex Zhu ကပြောသည်။

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ရန်ကင်းလမ်းတွင် မြေအကျယ်အဝန်းကိုးဧကပေါ်၌ တည်ဆောက်မည့် အဆိုပါစီမံကိန်းတွင် အထပ် ၃၃ ထပ်မြင့်သော အဆောက်အအုံကိုးလုံး တည်ဆောက်မည်ဖြစ်သည်။ ယင်းအဆောက်အအုံကိုးလုံး၏အလယ်တွင် အထပ်လေးထပ်မြင့်သော ကြယ်ငါးပွင့်အဆင့် ဟိုတယ်တစ်လုံးကိုလည်း တည်ဆောက်မွမ်းမံသွားမည်ဖြစ်ရာ လာမည့် ၂၀၁၆ ခုနှစ်ကုန်ခန့်တွင် ပြီးစီးမည်ဖြစ်သည်။

အဆိုပါ Golden City စီမံကိန်းနေရာသည် ရွှေတိဂုံစေတီနှင့် နှစ်ကီလိုမီတာအကွာအဝေးတွင် တည်ရှိပြီး အင်းလျားလိတ်ဟိုတယ်နှင့်သုံးမိနစ်ခန့်သာ ယာဉ်ဖြင့်သွားလာနိုင်သည့်နေရာတွင် တည်ရှိသည်။

အမြင့် ၃၆၂ ပေ ရှိပြီး အထပ် ၃၃ ထပ်ပါရှိမည့် အဆိုပါ အဆင့်မြင့်စီမံကိန်းကို ကမ္ဘာ့နာမည်ကြီးဒီဇိုင်းပညာရှင်များက ရေးဆွဲပုံစံထုတ်ထားခြင်းဖြစ်သည်။ ယင်းအထပ်မြင့်အဆောက်အအုံများကို ကြယ်ငါးပွင့်ဟိုတယ်ဒီဇိုင်းနှင့်အရည်အသွေးအတိုင်း တည်ဆောက်မည်ဖြစ်သည်။

ထိုသို့ တည်ဆောက်ရာတွင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရန် တည်ဆောက်သွားမည်ဖြစ်ပြီး ကိုယ်ပိုင်လျှပ်စစ်၊ ကိုယ်ပိုင်ရေပေးဝေမှုစနစ်၊ ကိုယ်ပိုင်လုံခြုံရေးစနစ်များ၊ သတင်းပြန်ကြားရေးစနစ်များ ထည့်သွင်းတည်ဆောက်မည်ဖြစ်ရာ နိုင်ငံတကာအဆင့်မီ လူနေခန်း ၅၀၀ ခန့်လည်း ပါဝင်မည်ဖြစ်ပြီး ရန်ကုန်မြို့တွင် ၃၃ ထပ်မြင့်သော အဆင့်မြင့်လူနေအဆောက်အအုံများ ထွက်ပေါ်လာတော့မည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ဖေဖော်ဝါရီ ၂၀ ရက်က ပျဉ်းမနားမြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ပျဉ်းမနားမြို့နယ်အတွင်း နေထိုင်လျက်ရှိသော အငြိမ်းစားဝန်ထမ်းပင်စင်စားများအား GSM ဖုန်းကတ်များနှင့် WCDMA ဖုန်းကတ်များချပေးမှုကို ဒက္ခိဏခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦး ရှင်းလင်းပြောကြားစဉ်။ ဇော်မျိုးနိုင်

▲ ကျောဖုံးမှ

ထိန်းချုပ်ကစားသွားသည်ကို တွေ့ရသည်။ ချယ်လ်ဆီးတိုက်စစ်မှူးများဖြစ်သည့် တောရက်စ်နှင့် အီတိုးတို့အတွဲမှာလည်း ဂိုးသွင်းလိုစိတ်စောနေသဖြင့် အချိတ်အဆက်မမိဘဲ ဂိုးပေါက်ဖန်တီးနိုင်မှု အားနည်းခဲ့သည်။

ပွဲချိန် ၆၈ မိနစ်တွင် အီတိုးအစား စချာလီဝင်ကစားသည်။ သို့သော်လည်း တိုက်စစ်မှူး တောရက်စ် အနီးကပ် ကန်သွင်းခွင့်ရသော်လည်း အပေါ်ထောင်တက်သွား၍ တစ်ဂိုးနစ်နာခဲ့ရသည်။

အဲဗာတန်တို့ မိနစ် ၉၀ တိုင်တိုင် ခံစစ်အခိုင်အမာဖြင့် ကစားခဲ့သော်လည်း ပွဲပြီးရန်နီးကပ်လာချိန် ချယ်လ်ဆီးတို့ တရစပ် တိုက်စစ်အရှိန်မြှင့်ထိုးဖောက်ကစားခဲ့ရာ တယ်ရီက ရရှိသည့်အခွင့်အလမ်းကို အမိအရ အသုံးချပြီး ချယ်လ်ဆီးအတွက် အနိုင်ဂိုးသွင်းယူပေးလိုက်သည်။ **မောင်နွေသစ်**

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်

ဟုမ္မလင်း ဖေဖော်ဝါရီ ၂၂

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းရွှေသည် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၀ ရက်အထိ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ် နောင်ပင်၊ မိုင်းဝယ်၊ ခေါင်ခမ်း၊ ကက်သာကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာပေါင်း ကိုးရွာသို့သွားရောက်ကာ ဒေသခံမိဘပြည်သူများနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စိုင်းစိုင်း(ဟုမ္မလင်း)

ပြည်တွင်းသတင်း

စီးပွားရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းဆောင်ရွက်သူများ၊ စီးပွားရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တွေ့ဆုံခဲ့သည်။

တွေ့ဆုံပွဲတွင် စီးပွားရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

စက်မှုဇုန်လုပ်ငန်းများဆိုင်ရာနှင့်စပ်လျဉ်း၍ **လှိုင်သာယာစက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြတ်သင်းအောင်**က လှိုင်သာယာစက်မှုဇုန်ကို ၁၉၉၅ခုနှစ်မှ စတင်တည်ထောင်ခဲ့ပြီး စက်ရုံစတင်တည်ထောင်ခဲ့သည့်အချိန်မှ ယနေ့အထိ နိုင်ငံတော်ကို အခွန်အခများ ပေးဆောင်ခဲ့ကြောင်း၊ လှိုင်သာယာစက်မှုဇုန်ခုနစ်ခုတွင် စက်ရုံပေါင်း ၅၅၈ ခုရှိပြီး နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေးအတွက် အခွန်တွေကို အခွန်ဌာနက စေ့စေ့စပ်စပ် ကောက်ခံဖို့လိုပါကြောင်း၊ အသေးစားနှင့်အလတ်စား စက်မှုလက်မှုလုပ်ငန်းတွေကို အခွန်ကင်းလွတ်ခွင့်ပေးမည်ဆိုတာကြောင့် ဝမ်းသာပါကြောင်း၊ AEC မှာ အာဆီယံနိုင်ငံအတွင်းက အခွန်ကင်းလွတ်ခွင့်ရနေသည့် စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ယှဉ်ပြိုင်ရတော့မည်ဖြစ်ရာ အခွန်ကင်းလွတ်ခွင့် ပေးထားသည်ဆိုသော်လည်း တကယ်လက်တွေ့တွင် မြန်မာလုပ်ငန်းရှင်များက အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန် သုံးမျိုးရှိရာတွင် အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်ဆိုတာ လူတိုင်းပေးရမည်ဖြစ်ကြောင်း၊ ဝင်ငွေခွန်ဆိုသည် အမြတ်တစ်ခုကိုသာကင်းလွတ်ခွင့်ရကြကြောင်းကို နားလည်မှုလွဲမှားနေကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူကို ငါးနှစ် အခွန်ကင်းလွတ်ခွင့်ပေးလျှင် တိုင်းရင်းသား လုပ်ငန်းရှင်များကိုလည်း ပေးသင့်ကြောင်း၊ စက်မှုလုပ်ငန်းတွင် လျှပ်စစ်မီးမလုံလောက်သောကြောင့် အခက်အခဲများဖြစ်ပေါ်နေသဖြင့် လုပ်ငန်းရှင်များအပိုင်းကလည်း ဆောင်ရွက်မည်ဖြစ်သလို နိုင်ငံတော်အပိုင်းကလည်း ပံ့ပိုးပေးစေလိုကြောင်းဖြင့် ဆွေးနွေးသည်။

ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ **မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရန်ဝင်း**က မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ကို ၂၀၁၁ခုနှစ်တွင် အသင်း ၁၁ ခုနှင့် စတင်ဖွဲ့စည်းခဲ့ပြီး ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဂျာမနီ၊ နယ်သာလန်၊ ဆွစ်ဇာလန်စသည်ဖြင့် နိုင်ငံခြား တိုင်းပြည်များမှ ငွေကြေး၊ နည်းပညာ အကူအညီများနှင့် ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာနနှင့် ပူးပေါင်း၍ Tourism Master Plan များ ရေးဆွဲကာ အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်း လုပ်ဆောင်သည့်အခါ ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ခရီးသွား

လှိုင်သာယာစက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြတ်သင်းအောင် ဆွေးနွေးစဉ်။ (သတင်းစဉ်)

လုပ်ငန်းအဖွဲ့ချုပ် နှစ်ဖွဲ့တည်းနှင့် လုပ်ဆောင်ရာတွင် အခက်အခဲရှိနိုင်သဖြင့် သမ္မတကြီးက တာဝန်ရှိသူတစ်ဦးဦးကို သတ်မှတ်ကာ ဦးဆောင်မှုပေးမည်ဆိုပါက မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ခရီးသွားဦးရေမှာ ၂၀၁၂ ခုနှစ်တွင် တစ်သန်း၊ ၂၀၁၃ခုနှစ်တွင် နှစ်သန်းခန့်ရှိသဖြင့် နှစ်ဆခန့်တက်လာသော်လည်း ခရီးသွားဧည့်သည်ဝင်ရောက်မှုမှာ အာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်သော် နည်းနေသေးကြောင်း၊ ထိုင်းတွင် ခရီးသွားဧည့်သည် ၂၄ သန်း၊ မလေးရှားတွင် ၂၈ သန်း၊ လာအိုနိုင်ငံတွင် သုံးသန်းခွဲ၊ ကမ္ဘောဒီးယားတွင် ငါးသန်း၊ ဗီယက်နမ်တွင် ခုနစ်သန်းခွဲဝင်ရောက်မှုရှိခဲ့ပြီး ကမ္ဘာတွင် ခရီးသွား လုပ်ငန်းဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်နေသည်ကိုတွေ့ရကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အားနည်းနေသေးကြောင်း၊ တိုင်းပြည်ဝင်ငွေကို များစွာရှာဖွေပေးနေသော လုပ်ငန်းဖြစ်ကြောင်း၊ ခရီးသွားတစ်ယောက်လျှင် ပျမ်းမျှ ဒေါ်လာတစ်ထောင်သုံးစွဲပါက ပြီးခဲ့သောနှစ်တွင် ခရီးသွား နှစ်သန်းလာခဲ့သောကြောင့် နှစ်ဘီလီယံရှာပေးခဲ့ကြောင်း၊ ထိုင်းတွင် ခရီးသွားဧည့်သည် ၂၄ သန်းဝင်ရောက်ခဲ့သောကြောင့် တိုင်းပြည်အတွက် ၂၄ ဘီလီယံကို ခရီးသွား လုပ်ငန်းကရှာပေးခဲ့ကြောင်း၊ ထို့ကြောင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့အတွက် Tourism Promotion လုပ်ငန်းများ လုပ်ဆောင်ပေးရမည်ဖြစ်သလို ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရန် ဘတ်ဂျက်ချထားပေးရမည်ဖြစ်ကြောင်း၊ အာဆီယံနှင့် နိုင်ငံခြားသား လုပ်ငန်းရှင်များ ဝင်ရောက်လာသောအခါ တိုင်းရင်းသားလုပ်ငန်းရှင်များ

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

ယှဉ်ပြိုင်လုပ်ကိုင်နိုင်ရန် အတိုးသက်သာပြီး နှစ်ရှည်ချေးငွေများရရှိရန် ဘဏ်လုပ်ငန်းကနေ အထောက်အကူပြုပေးရန်လိုကြောင်း၊ ထိုကဲ့သို့ တိုင်းပြည်အတွက် နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနေသော ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရန် အချိန် ၅ မိနစ်တည်းနှင့် တင်ပြရခြင်းမှာ မလုံလောက်သောကြောင့် သမ္မတကြီးကဖြစ်စေ၊ တာဝန်ပေးအပ်သော တစ်ဦးဦးကဖြစ်စေ အသင်းအဖွဲ့များ၏ တင်ပြချက်များကို အချိန် ၂ နာရီ လောက်ပေးကာ နားထောင်ပေးစေလိုပါကြောင်းဖြင့် ဆွေးနွေးသည်။

ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ **မြန်မာနိုင်ငံ ဆောက်လုပ်ရေး လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးသာဌေး**က ရန်ကုန်မြို့တော်ကြီးကို ခေတ်မီမြို့တော်ကြီး ဖြစ်စေရန်အတွက် မြို့တော်အင်္ဂါရပ်နှင့် မကိုက်ညီသော တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ သာကေတမြို့နယ်များကို Redevelopment များ ပြန်လည်လုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ ယခင်က ၂၅ ထပ် ဆောက်လုပ်ခွင့်ရ အဆောက်အအုံများရှိသော်လည်း မကြာခင် Zoning သတ်မှတ်မည်ဖြစ်ပါက BCR၊ FAR အချိုးအရ ၁၂ ထပ်၊ ၁၃ ထပ်သာ ဆောက်လုပ်ခွင့် ရတော့မည်ဖြစ်ကြောင်း၊ မြို့သစ်များတွင် အထပ်မြင့်အဆောက်အအုံများကို ဆောက်လုပ်လိုက်ပါက မြို့တော်၏ လူဦးရေ သိပ်သည်းမှုကို လျှော့ချပေးနိုင်သောကြောင့် ကန့်သတ်ချက် အချို့ကိုလည်း ဖြေလျှော့ပေးစေလိုကြောင်း၊ Pilot Ratio သတ်မှတ်ချက်များကိုလည်း နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဖြစ်စေလိုကြောင်း၊ Zoning Plan ကြီးကို ပြန်လည်ညှိနှိုင်းဆွေးနွေးပေးစေလိုပါကြောင်းဖြင့် ဆွေးနွေးသည်။

ရေလုပ်ငန်းဆိုင်ရာနှင့်စပ်လျဉ်း၍ **မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်**

မြန်မာနိုင်ငံ ဆောက်လုပ်ရေး လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးသာဌေး ဆွေးနွေးစဉ်။ (သတင်းစဉ်)

အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ဆွေးနွေးရာတွင် ငါးလုပ်ငန်းဆိုင်ရာ စီးပွားရေးနှင့် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးဆောင်တာဝန်ယူဆောင်ရွက်ရန်နှင့် နိုင်ငံတော်၏ ငါး

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင် ဆွေးနွေးစဉ်။ (သတင်းစဉ်)

လုပ်ငန်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်များဖြင့် ငါးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့ပေါင်း ၁၀ သင်းကို စုဖွဲ့နိုင်ခဲ့ခြင်းကြောင့် ယနေ့အချိန်တွင် ပုဂ္ဂလိကငါးလုပ်ငန်းဆိုင်ရာကဏ္ဍ အားလုံးနီးပါးကို အမျိုးသားစီးပွားရေးအင်အားစုတစ်ရပ်အဖြစ် ဆက်စပ်စုစည်းနိုင်ခဲ့ပြီဖြစ်ပါကြောင်း။

ငါးလုပ်ငန်းကဏ္ဍ အနေဖြင့် လုပ်ငန်းသဘာဝချင်း မတူညီကြသော ပင်လယ်ပြင်နှင့် ကုန်းတွင်းငါးဖမ်းဆီးထုတ်လုပ်ရေးလုပ်ငန်းများ ငါး/ပုစွန်/ ရေသတ္တဝါ မွေးမြူထုတ်လုပ်ရေးလုပ်ငန်းများနှင့် ပြုပြင်ထုတ်လုပ်၍ ပြည်တွင်း/ပြည်ပ ဈေးကွက်များသို့ တင်ပို့ရောင်းချသည့် လုပ်ငန်းများ စသည့်လုပ်ငန်းစဉ်ကြီး (၃)ရပ်ဖြင့် ဆက်စပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ကုန်းတွင်း ငါးထုတ်လုပ်မှုလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေးအတွက် ငါးသယံဇာတ ထိန်းသိမ်းမှုဆိုင်ရာ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ စနစ်တကျချမှတ်ဆောင်ရွက်နိုင်ရန် လိုအပ်လျက်ရှိပါကြောင်း၊ အချို့နေရာဒေသများတွင် ငါးသယံဇာတ ထိန်းသိမ်းရေးအပိုင်းနှင့် ဒေသခံရေလုပ်သားများ၏ စားဝတ်နေမှုအပိုင်းမှာ ပဋိပက္ခအသွင်ဆောင်သည့် ထိပ်တိုက်ဆုံတွေ့မှုများ ဖြစ်ပေါ်လာသည့်အတွက် ဘက်စုံထောင့်စုံမှ စဉ်းစားသုံးသပ်၍ ကုန်းတွင်းငါးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း အကြံပြုတင်ပြအပ်ကြောင်း။

ပင်လယ်ပြင် ငါးဖမ်းလုပ်ငန်းများအနေဖြင့် တည်ရှိနေသည့် ငါးသယံဇာတကို တိုင်းရင်းသားလုပ်ငန်းရှင်များသာ ရေရှည်ထုတ်ယူသုံးစွဲနိုင်ရေးအတွက် နိုင်ငံခြားငါးဖမ်းသင်္ဘောများကို ငါးဖမ်းဆီးခွင့်ပြုမှုများအား ရပ်နားပေးရန် လိုအပ်သလို ပင်လယ်ပြင်ငါးသယံဇာတများ ရေရှည် ထုတ်ယူသုံးစွဲနိုင်ရေးအတွက်

မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတေဇ ဆွေးနွေးစဉ်။ (သတင်းစဉ်)

ငါးမဖမ်းရရာသီ(Close Season)နှင့် ငါးမဖမ်းရ ဧရိယာ (Close Area) များ သတ်မှတ်လိုက်နာရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရအနေဖြင့် စနစ်တကျ သတ်မှတ်ဆောင်ရွက်ခဲ့သော်လည်း ပင်လယ်ငါးဖမ်းလုပ်ငန်းများအပေါ် အမှီပြုနေသည့်လုပ်ငန်းရှင်များ၊ လုပ်သားများ၊ ဆက်စပ်လုပ်ငန်းများအနေဖြင့် အခက်အခဲများ မကြုံတွေ့စေရေးအတွက် ဖြေလျှော့ ဆောင်ရွက်ပေးခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းအနေဖြင့် လိုအပ်သည့် ဒီဇယ်တင်သွင်းခွင့်များ ရရှိလိုပါကြောင်း၊ တင်သွင်းခွင့်ပြုမည့်ဒီဇယ်များအတွက် အခွန်ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာသောအခွန်နှုန်းထားများ သတ်မှတ်၍ တင်သွင်းခွင့်ပြုရေးအတွက် အဆိုပြုတင်ပြခွင့်တောင်းခံအပ်ပါကြောင်း။

ငါးရှဥ့်အနေဖြင့် သဘာဝသယံဇာတမှ ဖမ်းယူရရှိမှုအပေါ် အခြေခံ၍ တရုတ်နိုင်ငံဈေးကွက်သို့ အဓိကတင်ပို့ရောင်းချနေပါကြောင်း၊ ငါးရှဥ့်မွေးမြူနိုင်မည့် အခြေခံကောင်းရှိသည့်ကျေးရွာများတွင် ငါးရှဥ့်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ကြရန် အားပေးကူညီသင့်ပါကြောင်း။

ငါးလုပ်ငန်းဆိုင်ရာ ဖမ်းဆီး၊ မွေးမြူ ပြုပြင်ထုတ်လုပ်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့်ဘဏ်ချေးငွေများ နှစ်တို၊ နှစ်လတ်၊ နှစ်ရှည် လုံလောက်စွာရရှိရေး၊ ဘဏ်တိုးနှုန်းများ နိုင်ငံတကာစံနှုန်းများနှင့်အညီဖြစ်စေရေးနှင့် ငါးလုပ်ငန်းများကို သမဝါယမစနစ်ဖြင့်အားပေးကူညီ ဆောင်ရွက်မှုများကို နိုင်ငံတော်အနေဖြင့် အစွမ်းကုန်ကူညီဆောင်ရွက်ပေးပါရန်နှင့် ဖွံ့ဖြိုးရေးနှင့် သုတေသနလုပ်ငန်းများကို အားပေးရန်နှင့် ငါးကန်၊ ပုစွန်ကန်များ မှတ်ပုံတင်ခွင့်များ ရရှိလိုပါကြောင်း ဆွေးနွေးသည်။

ကျောက်မျက် လုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ **မြန်မာနိုင်ငံ ကျောက်မျက် လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးတေဇ**က ဒီမိုကရေစီပြောင်းလဲရေးနှင့်အညီ စီးပွားရေးစနစ်များ ပြောင်းလဲဖို့လိုအပ်ပါကြောင်း၊ အသွင်ကူးပြောင်းမှုနှင့်အတူ နိုင်ငံတော်တည်ငြိမ်ရန်ဆိုတဲ့ကိစ္စ သတ္တုသိုက်ဧရိယာကို တည်ငြိမ်ဖို့ သေချာစဉ်းစားကိုင်တွယ်ပေးစေလိုပါကြောင်း၊ အခွန်ကိစ္စမှာ ကုန်ကြမ်းအတိုင်းထုတ်ရင် ကိုယ်ပိုင်လုပ်ကွက်မှာ ၁၀ ရာခိုင်နှုန်း၊ အချောထွက်ဆိုရင် ၃၃ ရာခိုင်နှုန်းပေးနေရခြင်းကြောင့် လုပ်ငန်းရှင်များ Value လုပ်ရာမှာ စိတ်ပြလုပ်ချင်သော်လည်း လက်တွေ့အခက်အခဲရှိကြောင်း၊ မြန်မာနိုင်ငံတိုးတက်ရေး မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များ ကြီးပွားတိုးတက်ရန်လိုပါကြောင်း၊ Mining တွေမှာ ရှိတာတွေက အမည်ခံပြီး တူးသောလူများမရှိရေး စီမံကြီးကြပ်ပေးရန်လိုကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ်လုပ်ကိုင်သူများကို တိုင်းပြည်တွင်ရင်းနှီးမြှုပ်နှံရန် အခွင့်အရေးပေးစေလိုကြောင်းဖြင့် ဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံးများဖွင့်လှစ်ပြီးဖြစ်၍ ပြန်လည်စွန့်လွှတ်သည့်မြေများအတွက် မြေသိမ်းဆည်းခံရသူများက ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်စုံစမ်းလျှောက်ထားနိုင်

ကယားပြည်နယ်ခရိုင်နှင့်မြို့နယ်အသီးသီးတွင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံးများကို အောက်ပါအတိုင်း ဖွင့်လှစ်ပြီးဖြစ်သဖြင့် ပြန်လည်စွန့်လွှတ်သည့်မြေများတွင် သိမ်းဆည်းခံထားရသည့် မြေများပါဝင်ခြင်း ရှိ/မရှိကို စုံစမ်းနိုင်ကြောင်း၊ ပါဝင်ပါက သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံး(ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံး)များတွင် ခိုင်လုံသော အထောက်အထားဖြင့် လျှောက်ထားနိုင်ကြောင်းနှင့် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်-

စဉ်	ကော်မတီအမည်	တည်နေရာ	ဆက်သွယ်ရန်ဖုန်း
၁	ကယားပြည်နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ပြည်နယ်အစိုးရအဖွဲ့ရုံး	၀၈၃-၂၁၁၅၇
၂	လွိုင်ကော်ခရိုင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၈၃-၂၁၅၄၉
၃	ဘော်လခဲခရိုင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၁-၃၃၃၀၀၂၉
၄	လွိုင်ကော်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၈၃-၂၁၁၅၀
၅	ဒီမော့ဆိုမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၈၃-၄၀၁၁၇
၆	ဖရူဆိုမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၁-၃၃၃၁၀၇၂
၇	ရှားတောမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၁-၃၃၃၁၅၃၉
၈	ဘော်လခဲမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၁-၃၃၃၀၀၂၉
၉	ဖားဆောင်းမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၁-၃၃၃၁၂၇၀
၁၀	မယ်စဲ့မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၁-၃၃၃၁၂၈၂

ပြည်တွင်းသတင်း

အနာဂတ်ကာလတွင် မိမိတို့နိုင်ငံ ဖွံ့ဖြိုးရေးအတွက် ငွေကြေးအရင်းအနှီးစုဆောင်းမှုနှင့် ချေးငွေများရရှိနိုင်မည့် အခြေအနေကောင်းများ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

မိမိအနေဖြင့် ယနေ့အခမ်းအနားသို့ တက်ရောက်ရသည့်ရည်ရွယ်ချက်မှာ လက်တွေ့နယ်ပယ်တွင် စီးပွားရေးလုပ်ကိုင်နေကြသည့် လုပ်ငန်းရှင်များနှင့် စီးပွားရေးလုပ်ငန်းများ၏ စိန်ခေါ်မှုများ၊ အခြေအနေများကိုလာရောက်နားထောင်ရန်ပင်ဖြစ်ပါကြောင်း၊ သို့မှသာ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အဓိကနေရာမှစွမ်းဆောင်နေသည့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၏ အခက်အခဲများနှင့် လိုလားချက်များကို နိုင်ငံရေးအရ ဦးဆောင်မှုပေးနိုင်မည် ဖြစ်ပါကြောင်းဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ကျင်းပသည့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းဆောင်ရွက်သူများနှင့် စီးပွားရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲအခမ်းအနား၌ ပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းဆောင်ရွက်သူများနှင့် စီးပွားရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံပွဲ အခမ်းအနားတွင် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တွေ့ဆုံပွဲ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဝန်ကြီးများ၊ နိုင်ငံတော်အမျိုးသားလူမှုရေးနှင့် စီးပွားရေးအကြံပေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ညီနောင်စီးပွားရေး အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့်ကိုယ်စားလှယ်များ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းဆောင်ရွက်သူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတက ဆက်လက်ပြောကြားရာ၌ မိမိအနေဖြင့် အစိုးရတာဝန်ယူပြီးချိန်မှစပြီး နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းနှင့်ပတ်သက်၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသော ကဏ္ဍစုံ အပြောင်းအလဲများနှင့် ဆက်စပ်ပြီး အနည်းငယ် ပြောကြားလိုပါကြောင်း။

ဖြေရှင်းနိုင်ခဲ့

မိမိတို့အစိုးရ စတင်တာဝန်ယူသည့်အချိန်မှစပြီး နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်မှုများနှင့်အတူ ကဏ္ဍစုံ အထွေထွေ ပြုပြင်ပြောင်းလဲမှုများကို အခြေခံမှစတင်ပြောင်းလဲနိုင်ရေးအတွက် မူဝါဒများချမှတ်ဆောင်ရွက်ခဲ့ပြီး ယနေ့အခါ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ဖြစ်ထွန်းမှုများသည် လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေပါကြောင်း၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအနေဖြင့် ရေရာသေချာမှုရှိသည့် နိုင်ငံရေးပုံစံသစ်တစ်ရပ်ကို တည်ဆောက်နေခြင်းဖြစ်ပြီး မိမိတို့ မြန်မာ့လူ့အဖွဲ့အစည်းအနေဖြင့် ပြောင်းလဲကျင့်သုံးရမည့် နိုင်ငံရေးယဉ်ကျေးမှုသစ်သည်လည်း စတင်ရှင်သန်စပြုလာသော အနေအထားဟု ဆိုရမည်ဖြစ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များမှ ပေါ်ပေါက်လာသော နိုင်ငံရေးပွင့်လင်း လွတ်လပ်မှုများကြောင့် နိုင်ငံရေးအင်အားစု အချင်းချင်းထိတွေ့မှုများ ပိုမိုများပြားလာသည်နှင့်အမျှ မတူညီသောအင်အားစုများအကြား နိုင်ငံရေးပွတ်တိုက်မှုများရှိခဲ့သော်လည်း နိုင်ငံရေးယဉ်ကျေးမှုသစ်၏ အနှစ်သာရဖြစ်သည့်ထိပ်တိုက်ရင်ဆိုင်ခြင်းများကို ကျော်လွှားပြီး ဆွေးနွေးညှိနှိုင်းခြင်းနည်းလမ်းများဖြင့် အကျပ်အတည်းအားလုံးကို ဖြေရှင်းနိုင်ခဲ့ကြပါကြောင်း။

အသွင်ကူးပြောင်းရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သော နိုင်ငံရေးတည်ငြိမ်မှုနှင့် ဒီမိုကရေစီအသက်ဝင် ရှင်သန်ရေးအတွက် အရေးကြီးသည့် နိုင်ငံရေးတက်ကြွနိုးကြားမှုတို့ကို ဆက်လက်ထိန်းသိမ်းပြီး ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များ အောင်မြင်အောင် လုပ်ဆောင်ကြရမည် ဖြစ်ပါကြောင်း။

တစ်ဆက်တည်းမှာပင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မိမိတို့အစိုးရ ကြိုးပမ်းဆောင်ရွက်နေသော ကိစ္စရပ်များကို အနည်းငယ်ရှင်းလင်းပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံသမိုင်းကို ပြန်ပြောင်းကြည့်မည်ဆိုလျှင် မိမိတို့နိုင်ငံအနေဖြင့် ပုံစံတကျရှိသော အမျိုးသားစီးပွားရေးတစ်ရပ်ကို ပိုင်ဆိုင်နိုင်ခြင်းမရှိသေးသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် လွတ်လပ်ရေးရပြီးနောက်ပိုင်း ဖြတ်သန်းခဲ့ရသော နိုင်ငံရေးစနစ်မျိုးစုံက ရွေးချယ်အကောင်အထည်ဖော်ခဲ့သော အမျိုးသားစီးပွားပုံစံချမှုဖြစ်စဉ်များကိုကြည့်လျှင် နိုင်ငံအတွက် စီးပွားရေးအောင်မြင်မှုနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်ခဲ့ခြင်းမရှိခဲ့သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

လက်တွဲကြိုးပမ်း

ထို့ကြောင့် ယနေ့ မိမိတို့ရရှိထားသော နိုင်ငံရေးဖြစ်ထွန်းမှုများသည် မိမိတို့ လူ့အဖွဲ့အစည်းအတွက် အရေးတကြီးလိုအပ်နေသော ပုံစံတကျရှိသည့် အမျိုးသားစီးပွားရေးစနစ်တစ်ရပ်ကို ပီပြင်စွာဖော်ဆောင်နိုင်ရန် အခွင့်အလမ်းကောင်းများကို ဖန်တီးပေးနိုင်ပြီဟု ဆိုရမည်ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် မိမိတို့ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နေခြင်းသည် ဈေးကွက်စီးပွားရေးစနစ်ရှင်သန်ပြီး နိုင်ငံသားတိုင်း မျှဝေခံစားနိုင်သော အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည့် အခြေခံကောင်းများကို တည်ဆောက်နေခြင်းပင်ဖြစ်ပါကြောင်း၊ ထိုအခွင့်အလမ်းကောင်းများကို အမိအရဆုပ်ကိုင်နိုင်ရန် အစိုးရနှင့်ပုဂ္ဂလိကလုပ်ငန်းများ လက်တွဲကြိုးပမ်းကြရမည်ဖြစ်ပြီး တက်လှမ်းရမည့်အဆင့်များစွာ ကျန်ရှိနေသေးသည်ကိုလည်း သတိပြုစေလိုပါကြောင်း။

နိုင်ငံ့စီးပွားရေး၏ ၉၀ ရာခိုင်နှုန်းရှိသော ပုဂ္ဂလိကလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုသာ တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်မည် ဖြစ်သည့်အတွက် မိမိတို့အစိုးရလက်ထက်တွင် စီးပွားရေးပြုပြင်ပြောင်းလဲမှုကိုလည်း အခြေခံမှစပြီး ပြုပြင်ပြောင်းလဲနိုင်ရန် အာရုံစိုက်လုပ်ဆောင်ခဲ့ပါကြောင်း၊ အဓိကကျသော ပြုပြင်ပြောင်းလဲမှုတချို့မှာ နိုင်ငံ့စီးပွားရေးအတွက် အရေးအကြီးဆုံးဖြစ်သော တည်ငြိမ်သည့် နိုင်ငံခြားငွေလဲလှယ်မှုနှုန်း စနစ်တစ်ရပ်ကို ဈေးကွက်စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေဖြစ်မည့် ဘဏ်လုပ်ငန်းစနစ်များ၊ သီးခြားလွတ်လပ်သော ဗဟိုဘဏ်စနစ်ကို စတင်ပြောင်းလဲခြင်းနှင့် အခြားသော ငွေကြေးမူဝါဒများ၊ ဘဏ္ဍာရေးဆိုင်ရာမူဝါဒများကို ပြောင်းလဲကျင့်သုံးခဲ့ခြင်းပင် ဖြစ်ပါကြောင်း။

တစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံကို နိုင်ငံရေးအခြေအနေများအရ ကမ္ဘာ့နိုင်ငံများက ချမှတ်ကျင့်သုံးခဲ့သော စီးပွားရေးပိတ်ဆို့အရေးယူမှုများကိုလည်း ဖယ်ရှားနိုင်ရန် နည်းလမ်းပေါင်းစုံနှင့် ကြိုးပမ်းခဲ့ရပြီး အောင်မြင်စွာ ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ပါကြောင်း။

မိမိတို့ ပြည်တွင်းထုတ်လုပ်မှုနှင့် လုပ်ငန်းရှင်များအတွက် ပြည်ပပို့ကုန်လုပ်ငန်းများတွင် အားသာချက် ဖြစ်စေမည့် ဥရောပသမဂ္ဂ၏ GSP ကဲ့သို့ အခွန်လျှော့ပေါ့ကင်းလွတ်ခွင့်များ ပြန်လည်ခံစားခွင့်ရရန် ဆောင်ရွက်ခဲ့ပြီး အခြားနိုင်ငံများနှင့်လည်းအခွန်လျှော့ပေါ့မှုနှင့် ကင်းလွတ်ခွင့်များကို ရရှိရန်လည်း ဆွေးနွေးညှိနှိုင်းလျက်ရှိပါကြောင်း။

ထိုသို့ ပြောင်းလဲနိုင်ခဲ့သည့်အတွက် နိုင်ငံတကာဈေးကွက်များနှင့် ချိတ်ဆက်သည့်အခါ ပိုမိုလွယ်ကူပြီး ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများအတွက် အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ပို့ကုန်ကိုအခြေခံပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းကိုလည်း ပိုမိုအားပေးရာရောက်စေပါကြောင်း၊ တစ်ဖက်တွင်လည်း အစိုးရအနေဖြင့် ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့မှုများ၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး၊ ကုန်သွယ်မှုပညာ ပြန့်ပွားရေးနှင့် ကုန်သွယ်မှု မြှင့်တင်ရေးများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထို့အပြင် ကုန်သွယ်မှုအခန်းကဏ္ဍတွင် တန်းတူအခွင့်အရေးရရှိဖို့နှင့် ပို့ကုန်ခွန် ၁၀ ရာခိုင်နှုန်းမှာ ကုန်သွယ်လုပ်ငန်းခွန် ၈ ရာခိုင်နှုန်း ကင်းလွတ်ခွင့်ပြုခြင်း၊ လိုင်စင်အများစုကို ရန်ကုန်တွင်ထုတ်ယူနိုင်ရန်သာမက အချို့ကို လိုင်စင်လျှောက်ထားရန်မလိုအောင် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၂၇၃ ဘီလီယံရှိခဲ့ရာမှ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်တွင် အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၅၇၁ ဘီလီယံထိ တိုးတက်ခဲ့ပါကြောင်း။

ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းဆောင်ရွက်သူများနှင့် စီးပွားရေးအသင်းအဖွဲ့များမှ သူများအား တွေ့ရစဉ်။

ထို့ပြင် မြန်မာနိုင်ငံတွင် အခြေစိုက်မည့် စီးပွားရေးလုပ်ငန်းများ၏ အကျိုးစီးပွားကိုရည်ရွယ်ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ရှင်းလင်းလွယ်ကူ၍ ပွင့်လင်းမြင်သာမှုရှိသော လုပ်ငန်းစဉ်များဖြင့် ဖွဲ့စည်းတည်ထောင်ပေးထားပြီး ဖြစ်ပါကြောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၁၈၈ ခုနှင့် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ သန်းပေါင်း ၈၂၀၀ ကျော်၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်ပေါင်း ၁၄၅ ခုနှင့် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ကျပ်သန်းပေါင်း ၂၂ သိန်း ကျော် တိုးတက်ခဲ့သည်ကို တွေ့ရပါကြောင်း။

ခေတ်အဆက်ဆက်က ရှင်းလင်းဆောင်ရွက်နိုင်ခြင်းမရှိခဲ့သော နိုင်ငံတကာ ကြွေးမြီကိစ္စရပ်များကိုလည်း အောင်မြင်စွာ ဆွေးနွေးညှိနှိုင်းနိုင်ခဲ့သည့်အတွက် ကမ္ဘာ့ဘဏ်၊ ကမ္ဘာ့ငွေကြေး ရန်ပုံငွေအဖွဲ့နှင့် အာရှဖွံ့ဖြိုးတိုးတက်မှုဘဏ်တို့နှင့် ပြန်လည်ချိတ်ဆက်နိုင်ခဲ့ပြီး အနာဂတ်ကာလတွင် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်မည့် ငွေကြေးအရင်းအနှီး စုဆောင်းမှုနှင့် ချေးငွေများရရှိနိုင်မည့် အခြေအနေကောင်းများ ပေါ်ထွန်းနေပြီ ဖြစ်ပါကြောင်း။

အရင်းအနှီးအတွက် ငွေကြေးအရင်းအနှီးဈေးကွက်ဖွံ့ဖြိုးအောင် ကြိုးပမ်းနေသကဲ့သို့ ပြည်တွင်းကုန်စည်ဈေးကွက်များ အဆင့်မြင့်မြင့် ဖွံ့ဖြိုးလာပြီး နိုင်ငံတကာဈေးကွက်သို့ ချိတ်ဆက်လာနိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

စီးပွားရေး၏ အဓိကမောင်းနှင်အားဖြစ်သော ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အခက်အခဲအတားအဆီးများ ဖယ်လျှော့ရေးနှင့် အရင်းအနှီးလိုအပ်ချက်များ ပိုမိုရရှိလာရေးကို အစိုးရပိုင်းမှ ဆောင်ရွက်ပေးခဲ့သကဲ့သို့ ပုဂ္ဂလိကပိုင်းမှလည်း ကြိုးစား ဆောင်ရွက်မှုများကြောင့် သုံးနှစ်အတွင်း တိုးတက်သင့်သလောက် တိုးတက်လာခဲ့ပါကြောင်း။

စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို မြင့်မားစေရေးအတွက် အရေးကြီးသော လျှပ်စစ်ကဏ္ဍ၊ ဆက်သွယ်ရေး၊ နည်းပညာကဏ္ဍနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍများတွင်လည်း အစိုးရနှင့်ပူးပေါင်းပြီး တိုးတက်ကောင်းမွန်အောင် အထူးအလေးပေးဆောင်ရွက်လျက် ရှိပါကြောင်း။

အမျိုးသားစီးပွားရေး စနစ်တစ်ရပ်အခြေခိုင်မာစေရန်နှင့် ယခုကဲ့သို့ အခြေခံကိစ္စများတွင် ရလဒ်ကောင်းများရရှိရန် အချိန်အတိုင်းအတာတစ်ခုယူပြီး တည်ဆောက်ခဲ့ရခြင်းဖြစ်ပါကြောင်း။

ထိုစီးပွားရေးပြုပြင်ပြောင်းလဲမှု၏ အကျိုးရလဒ်များကို ပြည်သူတစ်ရပ်လုံး လက်တွေ့ကျကျရရှိခံစားနိုင်စေရေးအတွက်လည်း အစိုးရနှင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ အတူ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ များမကြာမီ လက်တွေ့အကောင်အထည်

...ကောင်းများ ပေါ်ထွန်းနေပြီဖြစ်

အမှာစကား ပြောကြား

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပုဂ္ဂလိက စီးပွားရေး လုပ်ငန်း ဆောင်ရွက်သူများနှင့် စီးပွားရေး အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

...မှုဘဏ်တို့နှင့် ...နိုင်ခဲ့ပြီး အနာ ...တို့နိုင်ငံ ဖွံ့ဖြိုး ...် လိုအပ်မည့် ...စုဆောင်းမှုနှင့် ...ည့် အခြေအနေ ...န်းနေပြီ ဖြစ်ပါ ...

...တွက် ငွေကြေး ...က်ဖွံ့ဖြိုးအောင် ... ပြည်တွင်း ...ား အဆင့်မြင့် ... နိုင်ငံတကာ ...ာက်လာနိုင်ရေး ...မ်းဆောင်ရွက် ...

...မိကမောင်းနှင် ...ွယ်မှုနှင့်ရင်းနှီး ...ာ်ရေး၊ အသေး ...ားရေးလုပ်ငန်း ...ယ်သမားများ ...န်းများ ဖွံ့ဖြိုး ...က် အခက်အခဲ ...

...ယ်လျှော့ရေးနှင့် ...ျက်များ ပိုမိုရရှိ ...းမှ ဆောင်ရွက် ...ကပိုင်းမှလည်း ...ာ်မှုများကြောင့် ... တိုးတက်သင့် ...ိုးတက်လာခဲ့ပါ ...

...့ဖြိုးတိုးတက်မှု ...မြင့်မားစေရေး ...သော လျှပ်စစ် ...ရေး၊ နည်းပညာ ...ဆောင်ရေးကဏ္ဍ ...ရနှင့်ပူးပေါင်းပြီး ...အောင် အထူး ...က်လျက် ရှိပါ ...

...းရေး စနစ် ...စေရန်နှင့် ယခု ...ျားတွင် ရလဒ် ...အချိန်အတိုင်း ...တည်ဆောက်ခဲ့ ...၊

...ပြင်ပြောင်းလဲမှု ...ားကို ပြည်သူ ...့ကျကျရရှိခံစား ...ည်း အစိုးရနှင့် ...ရေးလုပ်ငန်းများ ...ပမ်းဆောင်ရွက် ...ါကြောင်း၊ များ ...ကောင်အထည်

ဖော်တော့မည့် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဇရိယာ (AFTA) နှင့် အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) ဆိုင်ရာ ကဏ္ဍများတွင်လည်း မြန်မာနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခွင့်ရသောအချိန်နှင့် တိုက်ဆိုင်နေသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် အခြေစိုက်သော စီးပွားရေးလုပ်ငန်းများအနေဖြင့် အားသာချက်များရှိမှာဖြစ်ပြီး အခြေခံလူတန်းစားများ၏ ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုများကို အခြေပြုပြီး စီးပွားရေး ကဏ္ဍအသီးသီးတွင်ရှိသည့် အလယ်အလတ်နှင့်အကြီးစား စီးပွားရေးလုပ်ငန်းရှင်များက ထုတ်လုပ်မှုကွင်းဆက် (Supply Chain) တွင် ဈေးနှုန်းတန်ဖိုးကွင်းဆက် (Value Chain) ညီညွတ်မျှတရေးကို ပူးပေါင်းဆောင်ရွက်ရန် လိုမည်ဖြစ်ပါကြောင်း။

နိုင်ငံသားတိုင်း တန်းတူယှဉ်ပြိုင်ခွင့်ရှိသည့် ဈေးကွက်စီးပွားရေးအခြေပြု လုပ်ထုံးလုပ်နည်းများကြောင့် စီးပွားရေးလုပ်ငန်းများအနေဖြင့် ယခင်ကကဲ့သို့ ကဏ္ဍတစ်ခုတည်းတွင် စုပြုံတိုးဝင်တာမျိုးမဟုတ်ဘဲ မိမိတို့ကျွမ်းကျင်မှုရှိသော၊ အားသာချက်ရှိသော လုပ်ငန်းများကို တစိုက်မတ်မတ်လုပ်ကိုင်ရင်းနှင့်လုပ်ငန်းအောင်မြင်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းနိုင်မည်ဖြစ်ပါကြောင်း။

တိုက်တွန်း

အာဆီယံဥက္ကဋ္ဌ တာဝန်ယူချိန်တွင် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ၏ စွမ်းဆောင်ရည်ကိုပြသနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကြရန်လည်း တိုက်တွန်းအပ်ပါကြောင်း။

လက်ရှိ မြန်မာနိုင်ငံတွင်ဖြစ်ထွန်းနေသည့် နိုင်ငံရေးဖြစ်စဉ်ရှင်သန်ရန်နှင့် နိုင်ငံရေးတည်ငြိမ်မှု၊ အခြေခံမှစပြီး ပြင်ဆင်နေသော စီးပွားရေးပြုပြင်ပြောင်းလဲမှုတို့သည် မိမိတို့နိုင်ငံ၏ စီးပွားရေးအောင်မြင်မှုနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတို့ကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ပို၍အရေးကြီးသောအချက်မှာ လက်ရှိမိမိတို့ လုပ်ဆောင်နေသော ငြိမ်းချမ်းရေးဖြစ်စဉ်ကိုအခြေပြုသည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးတည်ဆောက်မှု အောင်မြင်မှသာ အနာဂတ်တွင် လွတ်လပ်ပွင့်လင်းပြီး သာယာဝပြောသော လူ့အဖွဲ့အစည်းတစ်ရပ်အဖြစ် တက်လှမ်းနိုင်မည်ဖြစ်ပြီး အောင်မြင်ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တစ်ရပ်ကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း။

ထိုသို့ တည်ဆောက်တက်လှမ်းနိုင်ရန်အတွက် လက်ရှိရရှိထားသော ဖြစ်ထွန်းမှုအဆင့်ဆင့်ကို ယနေ့တက်ရောက်လာကြသော စီးပွားရေးလုပ်ငန်းရှင်များအပါအဝင် မိမိတို့နိုင်ငံသားတစ်ဦးချင်းစီက ပါဝင်ကြိုးပမ်းဆောင်ရွက်ကြမှသာ အောင်မြင်မည်ဖြစ်သည်ကို သတိပြုစေလိုပါကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ အောင်မြင်မှုနှင့်သာ ဖော်ဆောင်နိုင်မည် ဖြစ်သည့်အတွက် ပြည်တွင်း စီးပွားရေးလုပ်ငန်းများ၊ စီးပွားရေးအသင်းအဖွဲ့များနှင့်စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့အခန်းကဏ္ဍ၏ အရေးပါမှုကိုလည်း မှန်ကန်စွာရှုမြင်နိုင်ရန် အရေးကြီးပါကြောင်း၊ အဓိကအကျဆုံး အချက်မှာ ယနေ့ဖြစ်ထွန်းနေသော နိုင်ငံရေးဖြစ်စဉ်များ၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်များကို မိမိတို့တစ်ဦးချင်းလုပ်နိုင်စွမ်းရှိသော ကဏ္ဍများမှ အဆိုမြင်ခြင်းနှင့်အပြစ်တင်ခြင်းထက် ပြဿနာပြေလည်ရေး၊ အဖြေထွက်ရေးနှင့် တည်ဆောက်ရေးဆိုသော နည်းလမ်းများဖြင့် ရှုမြင်အကောင်အထည်ဖော်ဆောင်ရွက်ကြမှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း အလေးအနက်တိုက်တွန်း ပြောကြားလိုပါကြောင်း ဖြင့် ပြောကြားခဲ့သည်။

...ားရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်လာကြ (သတင်းစဉ်)

ဆွေးနွေးတင်ပြ

ထို့နောက် တက်ရောက်လာကြသည့် အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းဆောင်ရွက်သူများက စက်မှုဇုန်များဖွံ့ဖြိုးရေး၊ မြန်မာ့ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာများ၊ မြို့ပြမြေအသုံးချမှု၊ အဆောက်အအုံအသုံးချမှုနှင့် ဇုန်များသတ်မှတ်ခြင်းဆိုင်ရာများ၊ အထည်ချုပ်လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံနေရသည့် စိန်ခေါ်မှုများ၊ မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းအခြေအနေ၊ မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးရေး၊ ကျောက်မျက်ရတနာလုပ်ငန်းဆိုင်ရာများ၊ ဘဏ်နှင့် ငွေကြေးလုပ်ငန်းများ၊ မြန်မာ့စီးပွားရေးဖိုရမ်ဆိုင်ရာ ကိစ္စရပ်များ စသည်တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက ပြန်လည်ဆွေးနွေးရာတွင် ဆွေးနွေးပွဲတွင် စီးပွားရေးလုပ်ငန်း ဆောင်ရွက်သူများ၊ စီးပွားရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ယခုကဲ့သို့ တွေ့ဆုံပြီး လုပ်ငန်းအလိုက်အားသာချက်၊ အားနည်းချက်များ၊ မိမိတို့၏ အတွေ့အကြုံများ၊ အခက်အခဲများ၊ အကြံပြုချက်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပေးကြသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း။

ဆွေးနွေးသွားမှုများကို ခြုံငုံကြည့်လျှင် မိမိတို့အကျိုးစီးပွားထက် တိုင်းပြည်၏ အကျိုးစီးပွားကို ပိုမိုအလေးထားကြောင်း တွေ့ရှိရသည့်အတွက် တိုင်းပြည်အပေါ် ထားရှိသည့် စေတနာကိုလည်း အထူးလေးစားမိပါကြောင်း၊ နားမလည်သေးမှုများ၊ သတိမပြုမိခြင်းများ၊ ပညာရပ်ပိုင်းဆိုင်ရာများ များစွာပါဝင်နေသည့်အတွက် မိမိတို့ယနေ့ဆောင်ရွက်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍမြှင့်တင်ရေး၊ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများအတွက် အထူးသဖြင့် ပုဂ္ဂလိကကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် အစိုးရနှင့်ပုဂ္ဂလိကစီးပွားရေးလုပ်ငန်း ဆောင်ရွက်နေသူများ၊ စီးပွားရေး အသင်းအဖွဲ့များအား နီးနီးကပ်ကပ် အမြဲထိတွေ့ပူးပေါင်းဆောင်ရွက်နေရန် လိုသည်ဆိုသည့် အဖြေတစ်ခုကို ဖော်ထုတ်နိုင်ခဲ့ပါကြောင်း။

ထို့ကြောင့် မိမိတို့အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ အမြဲထိတွေ့ ပူးပေါင်းဆောင်ရွက်နိုင်မည့် Mechanism တစ်ခု ဖွဲ့စည်းထူထောင်သွားရန် လိုအပ်ပါကြောင်း၊ ယင်းအဖွဲ့အစည်းမှာ မြန်မာ့စီးပွားရေးဖိုရမ် (Myanmar Economic Forum) ဖြစ်ပါကြောင်း၊ တစ်ဖက်က ပုဂ္ဂလိကလုပ်ငန်းရှင် ကိုယ်စားလှယ်များပါဝင်သည့် ကိုယ်စားလှယ်များ၊ လုပ်ငန်းအဖွဲ့ (Working Group)၊ ထိန်းကွပ်ညှိနှိုင်းပေးမည့် ပုဂ္ဂိုလ်များပါဝင်စေပြီး တစ်ဖက်မှလည်း အစိုးရအဖွဲ့မှ Working Group, Delivery Unit များ၊ ညှိနှိုင်းဆောင်ရွက်ပေးမည့်အဖွဲ့များ၊ ထိန်းကွပ်ဆုံးဖြတ်ပေးမည့်အဖွဲ့များပါဝင်စေကာ ယင်းအဖွဲ့နှစ်ဖွဲ့အား အမြဲမပြတ်ထိတွေ့ပေါင်းစပ်ဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်း။

ဖွဲ့စည်းဆောင်ရွက်

မိမိတို့၏ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့၌ ၁၉၉၈၊ ၁၉၉၉၊ ၂၀၀၆ ခုနှစ်ခန့်ကစပြီး Economic Forum များ ဖွဲ့စည်းထူထောင်၍ ဥပဒေ၊ နည်းဥပဒေများရေးဆွဲခြင်း၊ ပေါ်ပေါက်လာသည့် ပြဿနာများ၊ Issueများကို ဝိုင်းဝန်းအဖြေရှာဆုံးဖြတ်ခြင်း၊ နည်းနာများနှင့်ဆောင်ရွက်နေကြပါကြောင်း၊ ထို့ကြောင့် မိမိတို့လည်း Myanmar Economic Forum ကို ဖွဲ့စည်းပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ယနေ့ ဆွေးနွေးသွားကြသည့် ဆွေးနွေးချက်များအနက် မိမိတို့အစိုးရပိုင်းမှ လတ်တလောဆောင်ရွက်ပေးနိုင်သည်များ၊ အချိန်ယူပြီး ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ မဆောင်ရွက်နိုင်သေးသည့် ကိစ္စများကို ဤအခမ်းအနားအပြီးတွင် သက်ဆိုင်ရာဝန်ကြီးများနှင့် ရင်းနှီးပွင့်လင်းစွာ ဆက်လက်ဆွေးနွေးကြရန်နှင့် အချို့ကိစ္စရပ်များကို သက်ဆိုင်ရာဝန်ကြီးများအနေဖြင့် ဖြေရှင်းဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ အချို့ကိစ္စရပ်များကို အစိုးရအဖွဲ့ အစည်းအဝေးတွင် ဝိုင်းဝန်းဆွေးနွေးပြီး ဆုံးဖြတ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

မွန်းလွဲပိုင်းတွင် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းဆောင်ရွက်သူများ၊ စီးပွားရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ဆက်လက်တွေ့ဆုံညှိနှိုင်းကြသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် လူမှုဖူလုံရေးဆေးရုံ၊ ဆေးခန်းများရှိ ကျန်းမာရေးဝန်ထမ်းများ၏ အရည်အချင်းပြည့်စုံနေရန် အရေးကြီး

ရန်ကုန် ဖေဖော်ဝါရီ ၂၂

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုတိုးတက်ထိရောက်စေရေးနှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်ရေးအတွက် လူမှုဖူလုံရေးအဖွဲ့နှင့် Japan International Medical Technology Foundation (JIMTEF) တို့ ပူးပေါင်းကျင်းပသော Japanese Medical Service for Contributing towards the Advancement of Medical Care ဆေးဘက်ဆိုင်ရာ နည်းပညာဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ Sedona Hotel မင်းတုန်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်း၊ လွှတ်တော် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး၊ Japan International Medical Technology Foundation (JIMTEF) နှင့် လူမှုဖူလုံရေးအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က မိမိတို့ဝန်ကြီးဌာနအနေဖြင့် လူမှုဖူလုံရေးဥပဒေအသစ်ကို ၂၀၁၄ ခုနှစ်ဧပြီ ၁ ရက်တွင် စတင်အကောင်အထည်ဖော်တော့မည်ဖြစ်ကြောင်း၊ ထိုဥပဒေသစ်အရ အာမခံထည့်ဝင်ကြေးနှုန်းထားများ တိုးမြှင့်သတ်မှတ်ခြင်းနှင့်အတူ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ငွေကြေးအကျိုးခံစားခွင့်များလည်း တိုးမြှင့် ခံစားကြရမည်ဖြစ်သည့်အတွက် လူမှုဖူလုံရေးအဖွဲ့၏ ကျန်းမာရေးစောင့်ရှောက်မှုများအား ခေတ်နှင့်အညီ တိုးမြှင့်ဆောင်ရွက်ပေးနိုင်မှသာ လူမှုဖူလုံရေးစီမံကိန်းအပေါ် အများပြည်သူယုံကြည်ကိုးစားမှု ရရှိမည်ဖြစ်ကြောင်း၊ ဥပဒေသစ်အရ အကျုံးဝင်အာမခံအလုပ်ဌာနများ တိုးချဲ့သတ်မှတ်ခြင်း၊ အကျိုးခံစားခွင့်များ တိုးမြှင့်ဆောင်ရွက်ပေးခြင်းအပြင် မိမိဆန္ဒအလျောက် လူမှုဖူလုံရေးအာမခံထားရှိခြင်းများကြောင့် လက်ရှိအာမခံအလုပ်သမား ဦးရေ ၆ သိန်း ၈ သောင်းကျော်ရှိနေရာမှ များမကြာမီ ကာလအတွင်း ၁၀ သိန်းခန့်အထိ ရောက်ရှိသွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်၍ အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် လူမှုဖူလုံရေး ဆေးရုံ၊ ဆေးခန်းများရှိ ကျန်းမာရေးဝန်ထမ်းများ၏ အရည်အချင်းပြည့်စုံနေရန်မှာ အလွန်အရေးကြီးပါကြောင်း၊ ယခုပြုလုပ်သော Seminar တွင် လူမှုဖူလုံရေး ဆေးရုံ၊ ဆေးခန်းများမှ ဆရာဝန်များ၊ သူနာပြုများနှင့် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းများ၏ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးများ ပိုမိုတိုးတက်စေရေးအတွက် စွမ်းရည်မြှင့်တင်ပေးသည့်အနေဖြင့် ဂျပန်ပညာရှင်များက ဆေးဘက်ဆိုင်ရာနည်းပညာများ ပို့ချခြင်း၊ ဆေးပစ္စည်းကိရိယာများ အသုံးပြုပုံစနစ် သင်ကြားပေးခြင်းများအား ဆောင်ရွက်မှာဖြစ်ပြီး မိမိတို့ လူမှုဖူလုံရေးအဖွဲ့ကလည်း အာမခံအလုပ်သမားများ၏ ကျန်းမာရေး စောင့်ရှောက်မှုများနှင့်ပတ်သက်၍ အပြန်အလှန် ဆွေးနွေးသွားကြမည် ဖြစ်ပါကြောင်း၊ လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ဆေးရုံ၊ ဆေးခန်းများ အဆင့်မြှင့်တင်ခြင်း၊ ဆေးကုသခြင်းဆိုင်ရာကိရိယာများ၊ စမ်းသပ်စစ်ဆေးသည့် ကိရိယာများတိုးချဲ့တပ်ဆင်ခြင်းများကို မိမိအဖွဲ့ပိုင်ငွေကြေးဖြင့် ဝယ်ယူရန်စီစဉ်နေသည့်အပြင် ပြည်တွင်းပြည်ပ အကူအညီများကိုလည်း ရယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိအလုပ်သမားဆေးရုံကြီး သုံးရုံအနက် ထန်းတပင်တီဘီရောဂါကုဆေးရုံကြီးကို အထွေထွေရောဂါကု ဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင်ခြင်းနှင့် ကျန်းမာရေး ဝန်ထမ်းအင်အား တိုးမြှင့်ဖြည့်ဆည်း ခန့်ထားခြင်းများ လုပ်ဆောင်နေပြီဖြစ်ကြောင်း၊ အဖွဲ့ပိုင် ဆေးရုံ၊ ဆေးခန်းများ၏ ကျန်းမာရေးဝန်ဆောင်မှုများအပြင် ပုဂ္ဂလိကပိုင်ဆေးရုံ၊ ဆေးခန်းများနှင့်စာချုပ်ချုပ်ဆို ဆောင်ရွက်သွားရန်လည်း စီစဉ်လျက်ရှိကြောင်း၊ ယခုဆွေးနွေးပွဲမှ ရရှိလာမည့်ရလဒ်များ၊ ဆွေးနွေးချက်များအား မိမိတို့ဆေးကုသမှု လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချခြင်းဖြင့် အာမခံအလုပ်သမားများ၏ ကျန်းမာရေး စောင့်ရှောက်မှုကို တိုးမြှင့်ဆောင်ရွက်သွားပြီး လူမှုဖူလုံရေးစီမံကိန်းကို အများပြည်သူ ပိုမိုယုံကြည်အားကိုးလာစေရေး စွမ်းဆောင်ကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းမော်ထွန်းက ယနေ့ဆွေးနွေးပွဲမှ ရရှိသည့် အတွေ့အကြုံကောင်းများကို လူမှုဖူလုံရေးအဖွဲ့မှ ဆရာဝန်ကြီးများနှင့် ပညာရှင်များကလည်း အပြည့်အဝရယူနိုင်ကြပြီး မိမိတို့စနစ်နှင့်ကိုက်ညီမည်ဆိုလျှင် ထိထိရောက်ရောက် အသုံးချသွားနိုင်ပါရန် မျှော်လင့်ကြောင်း၊ သို့မှသာ ပြည်သူများ၊ အလုပ်သမားများ၏ ယုံကြည်မှုနှင့် မိမိတို့အဖွဲ့အစည်း တိုးတက်ရန် လမ်းစရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး၊ Japan International Medical Technology Foundation (JIMTEF) အဖွဲ့တို့မှ တာဝန်ရှိသူများကလည်း နှုတ်ခွန်းဆက်စကားပြောကြားကြပြီး ဆွေးနွေးပွဲကို ဆက်လက်ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် JIMTEF မှ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများတွင် အသုံးပြုရန် လူနာတင်ယာဉ်နှစ်စီးနှင့် ဆေးရုံသုံးပစ္စည်း ၁၄ မျိုးကို ပေးအပ်လှူဒါန်းခဲ့သည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံတကာဆေးဘက်ဆိုင်ရာ နည်းပညာဖောင်ဒေးရှင်း(JIMTEF) တို့ သည် အပြန်အလှန်ပူးပေါင်းကူညီမှုနှင့် လက်တွဲဆောင်ရွက်မှုတို့အရ ဂျပန်စတိုင်ကျန်းမာရေးစောင့်ရှောက်မှုသည် မြန်မာနိုင်ငံ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းကို အဆင့်အတန်း တိုးတက်မြင့်မားစေရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ကျန်းမာရေးပြုစုစောင့်ရှောက်မှုနှင့် ဆေးဘက်ဆိုင်ရာ ကဏ္ဍအတွက် ဆေးဘက်ဆိုင်ရာ နည်းပညာသင်တန်း ပရောဂျက်များအတွက် စီမံကိန်းရေးဆွဲတင်ပြခြင်း၊ လူမှုဖူလုံရေး ပရောဂျက်များအတွက် စီမံကိန်းရေးဆွဲတင်ပြခြင်း၊ နောက်ဆုံးပေါ် ဆေးဘက်ဆိုင်ရာ ကိရိယာများ ပြုပြင်ထိန်းသိမ်းခြင်း၊ စီမံကွပ်ကဲခြင်း၊ ကိုင်တွယ် အသုံးပြုခြင်းတို့ဆိုင်ရာ နည်းပညာသင်တန်းများ၊ အလုပ်သမားဆေးရုံများနှင့် ဆေးပေးခန်းများတွင် တာဝန်ထမ်းဆောင်သူ ဝန်ထမ်းများအတွက် နည်းပညာသင်တန်းများ၊ ကွင်းဆင်းလေ့လာရေး အဖွဲ့များနှင့် ကျွမ်းကျင်သူပညာရှင်များပေးပို့စေလွှတ်ခြင်း၊ ဆီမီနာများ၊ ဆွေးနွေးပွဲများကျင်းပခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးဘက်ဆိုင်ရာ ကဏ္ဍများနှင့် ပတ်သက်သော သတင်းအချက်အလက်များ ဖလှယ်ခြင်း၊ လုပ်ငန်းရပ်များနှင့်ပတ်သက်၍ အနီးကပ် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် အသုံးပြုရန် လူနာတင်ယာဉ်နှင့် ဆေးရုံသုံးပစ္စည်းများ လှူဒါန်းမှုအတွက် အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (သတင်းစဉ်)

ပြည်တွင်းသတင်း

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးအတွက် ဒေသအချို့တွင် စာရင်းစစ်၊ စာရင်းကောက် သင်တန်းများ စတင်ဖွင့်လှစ်ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၂

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးအတွက် စာရင်းစစ်၊ စာရင်းကောက် သင်တန်းများကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်အထူးဒေသ(၂)မှ ဝမ်ဟုန်၌လည်းကောင်း၊ ရှမ်းပြည်နယ် အထူးဒေသ(၄) မိုင်းလားဒေသရှိ မိုင်းလား၊ ဆီလူး၊ နမ့်ပန်းတို့၌ လည်းကောင်း၊ ကချင်ပြည်နယ် ပူတာအိုခရိုင်ရှိ ပူတာအို၊ ဆွမ်ပရာဘွမ်၊ မချမ်းဘော၊ ခေါင်လန်ဖူး၊ နောင်မွန်းတို့၌လည်းကောင်း သက်ဆိုင်ရာဒေသမှ တာဝန်ရှိသူများ၏ တောင်းဆိုချက်အရ ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက တစ်ပြိုင်တည်း ဖွင့်လှစ်ခဲ့ကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ သက်ဆိုင်ရာအဖွဲ့အစည်းများမှ တိုင်းရင်းသားခေါင်းဆောင်များနှင့်တာဝန်ရှိသူများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ တက်ရောက်၍ယခုဖွင့်လှစ်သည့်သင်တန်းများတွင် စာရင်းစစ်၊ စာရင်းကောက်အဖြစ် တာဝန်ထမ်းဆောင်ကြမည့် ဒေသခံ ဆရာ ဆရာမများ၊ ဒေသခံ တိုင်းရင်းသားလူငယ်များ တက်ရောက်ကြရာ မိုင်းဆတ်မြို့နယ် အထူးဒေသ(၂) ဝမ်ဟုန်၌ ၁၁၇ ဦး၊ အထူးဒေသ(၄) မိုင်းလားဒေသရှိ မိုင်းလား၌ ၁၀၆ ဦး၊ ဆီလူး၌ ၇၇ ဦး၊ နမ့်ပန်း၌ ၁၉၃ ဦး၊ ပူတာအိုခရိုင်ရှိ ပူတာအို၌ ၁၃၇ ဦး၊ ဆွမ်ပရာဘွမ်၌၂၇ဦး၊ မချမ်းဘော၌ ၃၁ ဦး၊ ခေါင်လန်ဖူး၌ ၅၀၊ နောင်မွန်းနှင့် ပန်နန်းတင်မှ စုပေါင်း၍ နောင်မွန်း၌ ၃၆ ဦးတို့ကို စာရင်းစစ်၊ စာရင်းကောက်သင်တန်းကို ခြောက်ရက်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။

ယင်းဒေသများတွင် ရာသီဥတု၊ လမ်းပန်းဆက်သွယ်ရေး၊ ဒေသခံဘာသာစကားအခြေအနေတို့ကြောင့် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေးအတွက် ကြိုတင်သန်းခေါင်စာရင်းကောက်ယူနိုင်ရန် ဒေသခံအဖွဲ့အစည်းများမှတာဝန်ရှိသူများက သက်ဆိုင်ရာသို့ တောင်းဆိုချက်အရ ယခုကဲ့သို့ စာရင်းစစ်၊ စာရင်းကောက် သင်တန်းများ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ရာ သင်တန်းများပြီးဆုံးပါက သက်ဆိုင်ရာ ဒေသများအတွင်း ရပ်ကွက်၊ ကျေးရွာအနှံ့ မြေပြင်ကွင်းဆင်းကာ တစ်အိမ်တက်ဆင်းကောက်ယူသွားမည်ဖြစ်ကြောင်းနှင့်ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)'ဝ'ဒေသတွင်လည်း ဒေသခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၏ တောင်းဆိုချက်အရ မကြာမီ စာရင်းစစ်၊ စာရင်းကောက်သင်တန်းများ ဖွင့်လှစ်၍ ကြိုတင်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

တက္ကသိုလ် ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၂၂

မန္တလေးတိုင်းဒေသကြီး တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ ဇုန်အလိုက် အမျိုးသားအမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၂၁ ရက် ညနေ ၃ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအဆင့်မြင့်အားကစားကွင်းကြီး၌ ကျင်းပသည်။

ရှေးဦးစွာ ဇုန်အလိုက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကိုကျင်းပရာ ဇုန်(၁)အသင်းက ဇုန်(၅)အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားပြီး အမျိုးသားဘောလုံးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ဇုန်(၁)အသင်းက ဇုန်(၄)အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ထို့နောက် ဆုများချီးမြှင့်ရာ ဇုန်အလိုက် အမျိုးသားအမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ကူညီဆောင်ရွက်ပေးကြသော မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ဘောလုံးဒိုင်လူကြီးများအား တိုင်းဒေသကြီးအားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ ဇုန်အလိုက် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် နေရာအလိုက် အကောင်းဆုံးဆုရရှိသူများ၊ ပွဲစဉ်တစ်လျှောက်အကောင်းဆုံးအားကစားသမားဆုရရှိသူများ၊ ဒုတိယဆုရ ဇုန်(၅)အသင်းမှ အားကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုတို့ကို တိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်ကိုနှင့်တာဝန်ရှိသူများက ဆုချီးမြှင့်ပေးအပ်ကြပြီး ပထမဗိုလ်စွဲခဲ့သည့် ဇုန်(၁)အမျိုးသမီးအသင်းအား အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဝင်းက တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် ပထမတံခွန်စိုက်ဆုဖလားတို့ကို ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ဇုန်အလိုက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် နေရာအလိုက် အကောင်းဆုံးရရှိသူများ၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုရရှိသူတို့နှင့် ဒုတိယဆုရ ဇုန်(၄)အသင်းမှ အားကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းနှင့် တာဝန်ရှိသူများက ဆုချီးမြှင့်ပေးအပ်ကြပြီး ပထမဗိုလ်စွဲခဲ့သည့် ဇုန်(၁)အမျိုးသားအသင်းအား တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်က တစ်ဦးချင်းဆုတံဆိပ်များ၊ ငွေသားဆုနှင့်ပထမတံခွန်စိုက်ဆုဖလားကြီးကို ချီးမြှင့် လိုက်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

တင်မောင်(မန္တလေး)

ရာသီမရွေးသွားလာနိုင်မည့် ကျေးလက်ကတ္တရာလမ်းမြို့ပြနှင့်ကျေးလက်ဒေသဆက်သွယ်မှုလွယ်ကူ

သီပေါ ဖေဖော်ဝါရီ ၂၂

နယ်စပ်ရေးရာဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးတိုးတက်မှုကွာဟခြင်း မရှိစေရန် ကျေးရွာကိုကျေးရွာချင်း၊ ကျေးရွာနှင့် မြို့ပြဆက်သွယ်ရေးလွယ်ကူချောမွေ့ရေးအတွက် ကျေးလက်ဒေသများတွင် လိုအပ်လျက်ရှိသော ချောင်းကူးတံတားများ၊ လမ်းများကိုအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် စံဖိတ်ကျေးရွာအုပ်စု နားလွယ်-ဖာဖိတ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းများပြီးစီးမှုကို ဖေဖော်ဝါရီ ၂၁ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးခိုင်ထွန်းနှင့်တာဝန်ရှိသူများကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။ **(ဓာတ်ပုံ)**

အဆိုပါ စံဖိတ်ကျေးရွာအုပ်စု နားလွယ်-ဖာဖိတ် တစ်မိုင်အရှည်ရှိ ကတ္တရာလမ်းကိုမြန်မာ့ရတနာရွှေခေတ်ကုမ္ပဏီကတာဝန်ယူဆောင်ရွက်ပေးလျက်ရှိပြီး ငွေကျပ်၇၁၅ သိန်း ကုန်ကျကြောင်း သိရသည်။ **စိုင်း(သီပေါ)**

နိုင်ငံကြီးသား ပီသစွာ အခွန်ဆောင်တာ ပြည့်အကျိုးပါ

ရွှေကြေးစည် - ရွှေဂက်တော် / အလောင်းတော်ကဿပ
... Feb 28 (...)
240860/372290 09-49282825 09734943339

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3E/2778၊ Mitsubishi Van (4x2) RHD ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်ထွေး ၈/ဆပဝ(နိုင်)၀၂၉၃၄၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့

လူပျောက်ကြော်ငြာ

အထက်ပါဓာတ်ပုံရှင် မောင်ရဲမင်းနိုင် အသက်(၂၀)၊အရပ် ၅'၂" သည် စိတ်မနှံ့ပါသဖြင့် အိမ်မှပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန် ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၉-၄၇၀၇၃၇၀၄၊ ၀၁-၅၈၄၅၀၉၊ ၀၉-၅၀၀၃၆၀၅၊ ၀၉-၇၃၁၃၃၉၃၂**

ဖခင်အမည်မှန်

မဒီဇင်ဘာကြူ ၃/ကဆက (နိုင်) ၀၆၅၂၈၂၏ ဖခင်အမည်မှန်မှာ ဦးအေးကြူ(ခ)ဦးမင်းကြူသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း

သဃ်ာန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၀၊ မြေကွက်အမှတ် ၁၄၉၊ မြေကွက်တည်နေရာအမှတ် ၁၅၊ ဦးထွန်းတင်လမ်း၊ (ခ) ရပ်ကွက်၊ သဃ်ာန်းကျွန်း ဒေါ်အမီနာဘီဘီ(ခ)အေအိပ်ချ်ဒါလီယာ (စီအီး-၀၅၄၁၅၅) အမည်ပေါက် မြေပိုင်မြေ(အိမ်ရာမြေ)အား အမည်ပေါက် ဒေါ်အမီနာဘီဘီ(ခ)အေအိပ်ချ်ဒါလီယာ (မိခင်)နှင့် ဦး GH ပူနာဝါလား (ဖခင်) ညီအစ်ကိုဖြစ်သူ ဦးဇော်ဝင်း ၁၂/သဃက(နိုင်)၀၄၁၆၆၃ လူပျိုကြီးဘဝဖြင့်လည်းကောင်း၊ ညီမအစ်မဖြစ်သူ ဒေါ်သန်းသန်းထွေး ၁၂/သဃက(နိုင်)၁၂၅၅၉၃ အပျိုကြီးဘဝဖြင့်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် (၁) ဦးကျော်ဝင်း(ခ)အစ်ဘဲလ် ၁၀/မလမ(နိုင်) ၁၂၀၂၁၁၊ (၂) ဦးသိန်းအောင်(ခ)နဆိမ် ၁၂/သဃက(နိုင်)၁၂၄၃၁၈၊ (၃) ဦးအောင်ဝင်း ၁၂/သဃက(နိုင်)၁၃၂၇၆၀၊ (၄) ဒေါ်ယဉ်ယဉ်အေး ၁၂/သဃက(နိုင်)၀၀၁၃၉၀တို့က သားသမီးညီအစ်ကိုမောင်နှမတော်စပ်ကြောင်း ကတိသစ္စာပြုလွှာနှင့် ၁၉၉၉ ခုနှစ်တွင် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခဲ့သော်လည်း မြေပုံမထုတ်ယူခဲ့ကြောင်း ကတိသစ္စာပြုလွှာနှင့် GP No. ၁၁၈၈/၁၃-၁-၁၄ ရသူ ဦးအောင်ဝင်း ၁၂/သဃက(နိုင်)၁၃၂၇၆၀က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်းမရှိသေးကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်ုပ်တို့၏သမီး မဖြူဖြူပြည့် ၁၂/တမန(နိုင်)၁၀၄၈၉၉သည် မိဘ၏ဆိုဆုံးမမှုကိုနာခံခြင်းမပြုဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများ ပြုလုပ်ကာ ၁၃-၂-၂၀၁၄ ရက်တွင် မိသားစုအား ၄င်းသဘောဆန္ဒအလျောက် စွန့်ခွာသွားပါသဖြင့် ၄င်းနှင့်ပတ်သက်၍ အမွေစား အမွေခံသမီးအရင်းအဖြစ်မှ အပြီးတိုင် စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၄င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စရပ်ကိုမျှ လက်ခံဆွေးနွေး ဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးအေးကြိုင်
၁၂/တမန(နိုင်)၀၆၈၃၃၂
ဒေါ်ခင်အေးလွင်
၁၂/တမန(နိုင်)၀၈၄၉၉၂

ဖခင်အမည်မှန်

မအေးချမ်းပိုပို ၁၀/မလမ(နိုင်) ၂၄၉၈၇၃၏ ဖခင်အမည်မှန်မှာ ဦးစိန်ချွန်း(ခ)ဦးစိန်ထွန်းသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၉၉၈၇၂ Unistar 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးတင်စိုး ၇/ပမန(နိုင်)၁၃၈၈၂၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)ပြည်၊ ပြည်မြို့**

ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ကေသွယ်ဦး ၁၂/ကမရ(နိုင်)၀၀၁၅၀၆၏ မြန်မာနိုင်ငံကူးလက်မှတ်သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၀၂၆၇၉၀**

အလိမ္မာ စာမှာရှိ

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

မြန်မာ့ဗုဒ္ဓစင်တာကြီး ဗြိတိန်၌ တည်ဆောက်မည်

သတင်း-မောင်စိန်လွင်၊ ဓာတ်ပုံ-မင်းထက်

ဗြိတိန်ရှိ အောင်မြင်ချမ်းသာဆင်းတုတော်ကြီး တည်ထားကိုးကွယ်တော်မူသည့် သာသနရံ့သီဝိဟာရကျောင်းတိုက်ကြီး။

ဗုဒ္ဓသာသနာ ပြန့်ပွားရေးနှင့် ယဉ်ကျေးမှု ထွန်းကားရေးအတွက် မြန်မာ- ဥရောပ ဗုဒ္ဓသာသနာနှင့် ယဉ်ကျေးမှု တည်တံ့ခိုင်မြဲရေးကို အထောက်အကူပြုမည့် မြန်မာ့ဗုဒ္ဓစင်တာကြီးကို ဗြိတိန်နိုင်ငံ၌ လာမည့် ဧပြီလဆန်းပိုင်းတွင် စတင်အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်ကြောင်း ပီနန်ဆရာတော်ကြီး၏ ဩဝါဒခံ တပည့်ရင်းဖြစ်သည့် ဂရိတ်ဗြိတိန်၊ နယ်သာလန်၊ ဂျာမနီ၊ ဒိန်းမတ်၊ ဖင်လန်၊ ဘယ်လ်ဂျီယံ၊ အိုင်ယာလန်တို့ရှိ ရံသီကျောင်းများ၏ ဥက္ကဋ္ဌ အဆိုပါစင်တာကြီး ဖြစ်မြောက်ရေးအတွက် ဦးစီးဦးဆောင်ပြုသည့် သာသနရံ့သီဝိဟာရ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဥတ္တရက မိန့်ကြားခဲ့သည်။

အဆိုပါ မြန်မာ့ဗုဒ္ဓစင်တာကြီးကို ယခုလက်ရှိတွင် လန်ဒန်မြို့ အနောက်မြောက်ဘက် Colindale ရပ်ကွက်ရှိ သာသနရံ့သီဝိဟာရ ကျောင်းဝင်းအတွင်း၌ ပေါင် ၂ သန်း အကုန်အကျခံပြီး ယခုလာမည့် ဧပြီလဆန်းပိုင်းတွင် စတင်အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ တည်ဆောက်မည့် ကျောင်းဝင်းသည် နှစ်ဧကခွဲကျော်ရှိပြီး ယခုလက်ရှိတွင် အဆိုပါဝင်းအတွင်း၌ မြန်မာနိုင်ငံမှ ပင့်ဆောင်လာသည့် ထုထည်ကိုးပေရှိ အောင်မြင်ချမ်းသာ ထိုင်တော်မူကျောက်ဆင်းတု မြတ်စွာဘုရားကြီးတစ်ဆူ တည်ရှိသည်။ ထိုကျောက်ဆင်းတု ဘုရားကြီးသည် မြန်မာ့ကျက်သရေဂုဏ်ဆောင်နိုင်ပြီး ဥရောပနိုင်ငံများတွင် အကြီးဆုံးဘုရားကြီးအဖြစ် ထင်ရှားလျက်ရှိသည်။

"ဘုန်းဘုန်းတို့ ဒီဗုဒ္ဓစင်တာကြီးကို လွန်ခဲ့တဲ့ ၁၀ နှစ်လောက်ကတည်းက တည်ဆောက်ဖို့ ရည်ရွယ်ထားခဲ့တာပါ။ အဓိကကတော့ ထေရဝါဒဗုဒ္ဓသာသနာတော်ကြီးကို မြန်မာနိုင်ငံမှာသာမက နိုင်ငံတကာမှာပါ စည်ပင်ထွန်းကားပြန့်ပွား တည်တံ့ခိုင်မြဲစေဖို့နဲ့ မြန်မာ-ဥရောပ ဗုဒ္ဓသာသနာပြန့်ပွားရေးနဲ့ ယဉ်ကျေးမှုထွန်းကားစေဖို့ အဓိကထားရည်ရွယ်ဆောက်လုပ်မှာဖြစ်ပါတယ်" ဟု ပဓာနနာယကဆရာတော် ဘဒ္ဒန္တဥတ္တရက ပြောကြားခဲ့သည်။

ဗြိတိန်တွင် မြန်မာနိုင်ငံမှ ဘုန်းတော်ကြီးအပါး ၂၀ ကျော် သီတင်းသုံးလျက်ရှိပြီး ၎င်းတို့အား တစုတစည်းတည်း ရှိစေရန်နှင့် အဆိုပါ ဘုန်းတော်ကြီးများမှတစ်ဆင့် အရည်အသွေးပြည့်ဝသော ပြည်ပသာသနာပြုရဟန်းတော်များ ပေါ်ပေါက်လာစေရေး၊ ယဉ်ကျေးမှုပေါင်းစည်းရေး၊ လူပုဂ္ဂိုလ်ဆိုင်ရာ ပြည်ပသာသနာပြုအရပ်ရပ်နှင့် စာတွေ့သင်တန်းများကို အဆိုပါ စင်တာကြီး၌ ဖွင့်လှစ်ပေးသွားမည်ဖြစ်သည့်အပြင် ဗုဒ္ဓစာပေ ဗဟုသုတတိုးတက်ရေးနှင့် အခါကြီးရက်ကြီး ရုံးပိတ်ရက်များတွင် သမထ ဝိပဿနာ ကမ္မဋ္ဌာန်းဌာနများ ဖွင့်လှစ်ပေးခြင်းနှင့် စာကြည့်တိုက်များ တိုးမြှင့်ဖွင့်လှစ်ခြင်းတို့ကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့အကြီးဆုံး မြန်မာ့ဗုဒ္ဓစင်တာကြီးကို အင်္ဂလန်အင်ဂျင်နီယာများက တည်ဆောက်မှုများ ပြုလုပ်သွားမည်ဖြစ်ပြီး မြန်မာ့ယဉ်ကျေးမှု အနုပညာပိုင်းဆိုင်ရာများကို မြန်မာလက်မှုပညာရှင်များနှင့် ပူးပေါင်းတည်ဆောက်သွားမည် ဖြစ်ကြောင်း သိရသည်။ စေတနာရှင် ပြည်သူများ အနေဖြင့် ပါဝင်လှူဒါန်းလိုပါက ဆရာတော် ဦးဥတ္တရ (သာသနရံ့သီဝိဟာရ) ဖုန်း-၀၉-၅၀၇၃၇၁၄၊ ဦးယဉ်ထွေးဆွေ(ရန်ကုန်) ဖုန်း-၀၉-၄၃၁၁၁၁၁၈၊ ဦးဆန်းဝင်း (ရန်ကုန်) ဖုန်း-၀၉-၄၂၀၂၇၂၅၀၇၊ ဒေါက်တာလှကြွယ်(မန္တလေး) ဖုန်း-၀၉-၂၀၃၁၃၂၆၊ ဒေါ်စန်းစန်းဌေး (မန္တလေး) ဖုန်း-၀၉-၂၀၀၀၃၆၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ – ဥရောပ ဗုဒ္ဓသာသနာနှင့် ယဉ်ကျေးမှု တည်တံ့ခိုင်မြဲရေးကို အထောက်အကူပြုမည့် မြန်မာ့ဗုဒ္ဓစင်တာကြီး

အဘိုးအဘွားများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်

ဆားလင်းကြီး ဖေဖော်ဝါရီ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဦးစီးဆောင်ရွက်သော အသက် ၆၀ နှင့်အထက် သက်ကြီးရွယ်အို အဘိုးအဘွားများကို အခမဲ့ကျန်းမာရေး ဆောင်ရွက်မှုအဖြစ် ဖေဖော်ဝါရီ ၁၉ ရက်မှစတင်ကာ စည်သူပန်လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၌ စမ်းသပ်ကုသပေးနေကြောင်း သိရသည်။

ဆားလင်းကြီးမြို့ မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ် ဆရာဝန်ဒေါက်တာ တင့်လွင်နှင့်ဇနီး ဒေါ်ဖြူဖြူဝင်းတို့ ဦးဆောင်ပြီး မြို့နယ်ကျန်းမာရေးဌာနမှ ဆရာ ဆရာမများက ကြီးကြပ်၍ ဆားလင်းကြီးမြို့ အမှတ် (၁)၊ (၂)၊ (၃) ရပ်ကွက်ရှိ အသက် ၆၀ နှင့်အထက် သက်ကြီးရွယ်အို အဘိုး အဘွားများကို အာဟာရဒါန ကျွေးမွေးခြင်း၊ အခမဲ့ကျန်းမာရေး စစ်ဆေး စောင့်ရှောက်ကုသမှုများ ပြုလုပ် ဆောင်ရွက်ပေးခြင်းတို့ကို ဖေဖော်ဝါရီ ၁၉ ရက်မှစ၍ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း အခမဲ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တာဝန်ကျဆရာမတစ်ဦးထံမှ သိရသည်။ ဖေဖော်ဝါရီ ၁၉ ရက်တွင် သက်ကြီးရွယ်အို အဘိုး အဘွား ၈၇ ဦး လာရောက်ဆေးကုသမှုခံယူကြောင်း သိရသည်။ သက်ကြီးရွယ်အို အဘိုးအဘွားများကို ကရုဏာရှင်လူမှုကူညီရေးအသင်းနှင့် စာနာစိတ် နာမှုကူညီရေးအသင်းတို့မှ မော်တော်ယာဉ်များဖြင့် ကုသိုလ်ယူ၍ အကြို/အပို့ ဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။ **ဦးငယ်(ဆားလင်းကြီး)**

ပုတ်ရက်လုပ်ငန်းဖြင့်ဝင်ငွေရရှိနေသော ကျောက်တံခါးမြို့နယ် ဇီးကုန်းရွာ

ကျောက်တံခါး ဖေဖော်ဝါရီ ၂၂

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် သမင်အင်းကုန်းကျေးရွာအုပ်စု ဇီးကုန်းကျေးရွာတွင် အိမ်ခြေပေါင်း ၃၀၀ ခန့်ရှိပြီး အများစုမှာ မိရိုးဖလာ လက်မှုပညာများဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်ကိုင်နေကြသူများဖြစ်ကြောင်း သိရသည်။

ဇီးကုန်းကျေးရွာနေ မိရိုးဖလာ ပုတ်လုပ်ငန်းဖြင့် နှစ်စဉ်ပုတ်ရက်လုပ်ရောင်းချနေသူ ဦးဝင်းတင်၏ နေအိမ်သို့ရောက်ရှိစဉ် ခြံဝင်းအတွင်းနှီးဖျာသူများ၊ ပုတ်ရက်နေသူများနှင့်စည်ကား နေသည်ကိုတွေ့ရှိရ၍ ဦးဝင်းတင်အား ယခုပုတ်ရက်လုပ်ရောင်းချနေမှု အခြေအနေကို မေးမြန်းကြည့်ရာ "ကျွန်တော်ဒီပုတ်ရက်လုပ်ပြီး ရောင်းချတဲ့အလုပ်ကို ဘိုးစဉ် ဘောင်ဆက် ပြုလုပ်လာပြီး နှစ်စဉ် ပြာသိုလဆန်းမှ တပို့တွဲလကုန်အထိ နှစ်လကြာရက်လုပ်ရောင်းချပါတယ်။ ကျွန်တော့်အိမ်က မိသားစုရယ်၊ ရွာထဲကနှီးဖျာ၊ ပုတ်ရက်တဲ့ လူတွေကိုလည်း နေ့စားပေးပြီး ခေါ်ခိုင်းပါတယ်၊ နှီးဖျာသူတစ်ဦးကို တစ်နေ့ ငွေကျပ်နှစ်ထောင်ပေးပြီး ပုတ်ရက်တဲ့သူတွေကို ငွေကျပ် ၂၅၀၀ ပေးပါတယ်၊ ပုတ်ကတော့ နှစ်ဆယ့်ငါးတင်းပုတ်၊ ဆယ့်နှစ်တင်းခွဲပုတ်၊ ခြောက်တင်းပုတ်ဆိုပြီး သုံးမျိုးရက်လုပ်ပါတယ်၊ ပုတ်လုပ်တဲ့ ဝါးကိုတော့ မြို့ချောင်းကလာတဲ့ ကြသောင်းဝါး တစ်လုံးကို ငွေကျပ် ၆၅၀ နဲ့ဝယ်ရပါတယ်" ဟု ရှင်းပြခဲ့ပြီး ပုတ်ရောင်းချမှုနှင့်ဝင်ငွေရရှိမှုအပေါ် ဆက်လက်မေးမြန်းကြည့်ရာ "အဓိကကတော့ ကျွန်တော်တို့ရွာက လက်လုပ်လက်စားသမားတွေ အလုပ်ရဖို့ရယ်၊ နောက်ပြီး ယခုအချိန်ဆို တောင်သူတွေစပါးတလင်းပြီး၍ မျိုးစပါး၊ ဝမ်းစာစပါးနှင့်ဆန်များကို ပုတ်ထဲသို့အလွယ်တကူထည့်နိုင်ရေးကို ရည်ရွယ်ပြီးလုပ်ပါတယ်၊ ပုတ်ကိုတော့ နွားချေးနဲ့သုတ်ပြီး နေပူလှန်းအခြောက်ခံပြီးမှ ထည့်ရပါတယ်၊ ရောင်းဈေးကတော့ နှစ်ဆယ့်ငါးတင်း ပုတ်တစ်လုံးကို ငွေကျပ် ၂၅၀၀၊ ဆယ့်နှစ်တင်းခွဲပုတ်ကို ငွေကျပ် ၂၀၀၀ ၊ ခြောက်တင်းဆံ့သောပုတ်ကို ငွေကျပ် ၁၅၀၀နဲ့ရောင်းချပါတယ်၊ ကျောက်တံခါးမြို့နယ် တစ်ဝိုက်မှာရှိတဲ့ တောင်သူတွေ လာရောက်ဝယ်ယူကြပါတယ်၊ တချို့ကလည်း ပုတ်များကိုဖောက်သည်ယူပြီး ကျေးလက်တောရွာတွေမှာ နွားလှည်းနဲ့တောင်သူတွေထံ လိုက်လံရောင်းချကြပါတယ်။ အခုလိုကျွန်တော်ပုတ်လုပ်ငန်းလုပ်ကိုင်ခြင်းကြောင့် တောင်သူတွေလည်း အဆင်ပြေပြီး လက်လုပ်လက်စားပြည်သူတွေနဲ့ ကျွန်တော်တို့ မိသားစုတွေပါ အပိုဝင်ငွေရရှိကြပါတယ်"ဟု ဦးဝင်းတင်က ပြောပြသည်။

ခင်ကို(ကျောက်တံခါး)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၂-၂-၂၀၁၄

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	၁၆ ပဲရည်	တစ်ကျပ်သား	၆၈၆၀၀၀
ရန်ကုန်ရွှေဈေး	၁၅ ပဲရည်	တစ်ကျပ်သား	၆၄၅၇၀၀
မန္တလေးရွှေဈေး	၁၆ ပဲရည်	တစ်ကျပ်သား	၆၈၃၂၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၈၂-၉၈၉	ကျပ်
ဥရောပ	တစ်ယူရို	၁၃၃၂-၁၃၄၀	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၈၂	ကျပ်
ထိုင်း	တစ်ဘတ်	၃၅. ၅-၃၀. ၈	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅. ၅-၁၆. ၁	ကျပ်
တရုတ်	တစ်ယွမ်	၁၅၇-၁၆၄	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၀၀-၃၀၆	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၀၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၀၀၀-၃၂၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၇၀၀-၃၀၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၄၂၀၀-၆၀၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၅၀၀-၇၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၃၀၀၀-၂၀၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ မိုးဆန်(ဧည့်ယာအသစ်)	တစ်အိတ်	၁၆၀၀၀
၂။ ပေါ်ကျွဲ(အသစ်)	တစ်အိတ်	၁၆၂၀၀
၃။ ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၂၀၀၀-၂၅၅၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၁၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၆၃၅
၆။ ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၂၀၀-၄၇၅
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၅၀-၂၀၅၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၁၀၀
၉။ အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၂၅၀-၇၆၀
၁၀။ ငရုတ်ရှည် (ပျော်ဘွယ်မိုး)	တစ်ပိဿာ	၂၆၀၀-၂၇၀၀
၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၇၀၀-၅၀၀၀
၁၂။ သကြား	တစ်ပိဿာ	၈၄၀-၈၉၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

နိုင်ငံ့တာဝန် ကျေပွန်အောင်
ကျသင့်အခွန် မှန်မှန်ဆောင်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ် (၄၃၉၊ ၄၄၂၊ ၄၄၃)၊ မြေကွက်တစ်ကွက်လျှင် အကျယ်အဝန်းဧရိယာ ဝဒသမဝ၅၅၈ကေစီရှိသော နှစ် ၆၀မြေငှားဂရန်မြေကွက် သုံးကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ယခုအခေါ် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၆)ရပ်ကွက်၊ မေယု (၄)လမ်းနှင့် အင်းဝ(၁)လမ်းထောင့်၊ အမှတ် (၄၃၉၊ ၄၄၂၊ ၄၄၃)ဟုခေါ်တွင်သည့် မြေကွက်သုံးကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးမောင်မောင်သန်း LL.B, D.M.A, D.B.L., D.M.L, D.A (Psy)
WIPO, D.L.P (Switzerland), Diploma in International Law
High Court Advocate & Legal Advisor
ရုံးခန်း-အမှတ် (၆၂)၊ အခန်း (၁၇)၊ Winner Firm ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
နေအိမ်-အမှတ် ၄၀၊ ပိတောက်ပင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၅၁၂၅၈၈၊ ၅၁၇၁၈၃၊ ဝ၉-၅ဝ၄၂ဝဝ၃

ဦးနေမျိုးလွင် ၁၂/မဂတ(နိုင်)၀၀၀၉၄၈ နှင့် အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်သဇင်ဝင်း ၁၂/ပဘတ(နိုင်)၀၁၂၇၈၀၈ ၏ လွှဲအပ်ချက်အရ ဦးနေမျိုးလွင်(ဘ)ဦးဇော်လွင် အမှတ် ၁၄၇၊ (၃)ရပ်ကွက်၊ ဝေဇယန္တာလမ်းနှင့် (၃)လမ်းထောင့် သိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေပိုင် Toyota Brevis 2001 Model ခဲဖြူရောင်မော်တော်ယာဉ်အမှတ် ၁ဃ/၂၂၉၁ ကားကို ၁၇-၈-၂၀၁၃ ရက်တွင် ကျွန်ုပ်မိတ်ဆွေမှ ဦးနေမျိုးလွင်အား ယုံကြည်စွာအပ်နှံ၍ ကားငှားရမ်းလိုက်သော်လည်း ဦးနေမျိုးလွင်သည် ကားငှားရမ်းသည့်သက်တမ်းကုန်ဆုံးပြီးနောက် ယနေ့တိုင် ယင်းကားကို ကျွန်ုပ်မိတ်ဆွေထံ ပြန်လည်အပ်နှံခြင်းမရှိဘဲ ရှောင်တိမ်းနေပါ၍ ကျွန်ုပ်မိတ်ဆွေက တောင်ဥက္ကလာပမြို့နယ်ရဲစခန်းတွင် (ပ)နံပါတ် ၅၅၊ ပြစ်မှုပုဒ်မ ၄၀၆ ဖြင့် တရားစွဲဆိုထားပါသဖြင့် ယင်းကားအား ဦးနေမျိုးလွင်မှ ယာဉ်ပိုင်ရှင်ဖြစ်သူ ဒေါ်ခင်သဇင်ဝင်းထံသို့ အမြန်ဆုံးလက်ရောက်ပြန်လည်အပ်နှံရန်နှင့် လက်ဝယ်ထားရှိခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းထားခြင်းမျိုး မပြုလုပ်ရန် တားမြစ်အပ်ပါသည်။ ထိုသို့ပြုလုပ်ပါက သက်ဆိုင်ရာ တရားဥပဒေများနှင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲချက်အရ-
ဒေါ်စန်းတင့် တရားလွှတ်တော်ရှေ့နေ(၂၀၂၀)
အမှတ် ၅၈၈၊ယုဇနလမ်း၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ ပြည်လမ်းနှင့် ရွှေဟင်္သာလမ်းထောင့်၊ ရွှေဟင်္သာ အဆင့်မြင့်အိမ်ရာစီမံကိန်း၊ တိုက်အမှတ်(ဘီ)၊ ငွေလရောင်တာဝါ၊ အခန်းအမှတ် ၁၂၀၇၊ ဧရိယာ ၂၁၀၀ စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်အကျိုးခံစားခွင့်အားလုံးတို့ကို ရန်ကုန်မြို့ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် အမည်ပေါက်ထားသူ ဒေါ်ခိုင်ဇာလွင် ၁၂/ကမရ(နိုင်) ၀၄၉၉၂၉ ထံမှ ဝယ်ယူလက်ရှိ ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူ MYANMAR MAYSON INDUSTRIES CO., LTD.(ကုမ္ပဏီမှတ်ပုံတင်အမှတ် ၄၂၀/၁၉၉၆-၁၉၉၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ၏ စရန်ငွေကိုပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါတိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်မြလှဲ့ဝင်း LL.B,D.B.L **အထက်တန်းရှေ့နေ**
အမှတ် ၈၃ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
Fax& ph- ၀၁-၉၆၆၉၀၀၄၊ ၀၁-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃

ဦးကြည်တိုး (HLG -၀၀၈၀၉၀) အမှတ် (၂၅)၊ မြတ်လေးရုံလမ်း၊ ၁/ရပ်ကွက်၊ လှိုင်မြို့နယ်နေသူနှင့် သက်ဆိုင်သူများ သိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သော်ကလမ်း၊ အမှတ် ၆၇၄၊ မြေနှင့်ဆက်စပ်မြေတို့တွင် အဆောက်အအုံအသစ်ဆောက်လုပ်ရန် ကန်ထရိုက်တာ ဦးကြည်တိုးနှင့်မြေပိုင်ရှင်တို့ သဘောတူညီမှု ရှိထားသော်လည်း လုပ်ငန်းအပ်နှံခြင်း၊ ဂရန်ပေးအပ်ခြင်း၊ ကိုယ်စားလှယ်လွှဲအပ်ပေးခြင်းတို့ မရှိသေးပါ။

ရပ်ကွက်တာဝန်ရှိသူအုပ်ချုပ်ရေးမှူးမှ ကျွန်ုပ်၏မိတ်ဆွေအား ဥပဒေနှင့်အညီ ဆောင်ရွက်ရန် လမ်းညွှန်မှုပြုထားပါသည်။ ဦးကြည်တိုးသည် ရပ်ကွက်ရုံး၌ ကျွန်ုပ်မိတ်ဆွေ၏နစ်နာမှုများကို ပေးလျော်မှုပြုပြီး ပြန်လည်တောင်းပန်ရန်ကို ဤအသိပေးစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဆောင်ရွက်ပေးရန်နှင့် ဆောင်ရွက်ပေးခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြင့်မိုးလှိုင် B.Sc (Chemas), H.G.P	**ဒေါ်စိုးစိုးနိုင် LL.B, D.I.L, WIPO**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**

အမှတ် ၇၂၃၊ ခေမာသီလမ်းမကြီး၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်တရားရုံးရှေ့

CLAIMS DAY NOTICE
M.V GOLDEN FAN VOY; No.13

Consignees of cargo carried by M.V GOLDEN FAN Voy; No. (13) are here by notified that the vessel will arrive on about 25-02-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily **from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM** to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-
ဖုန်း-၂၅၆၉၂၄၊ ၂၅၆၉၁၄၊ ၂၅၆၉၀၃၊ ၂၅၆၉၁၃၊ ၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ဗိုလ်ရာညွှန့်လမ်း၊ အမှတ် ၆၅-A မြေညီထပ်ကို ပိုင်ရှင်ဖြစ်သူ ဒေါ်သိန်းသိန်းညွှန့် K/RGN-၀၂၆၈၁၃ကအပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် လူကိုယ်တိုင် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးသိန်းဇော်
၁၂/ဥကမ(နိုင်)၁၃၇၈၆၂
အမှတ် ၁၉၉၊ ဗိုလ်ချုပ်လမ်း၊
ပန်းတနော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊
ဖုန်း-၀၉-၅၁၁၂၄၅၆

သတင်းဆောင်းပါး

ကမ်းလင့်လက်များအား မျှော်လင့်နေသော အသက်ရှူသံများ

ဆောင်းပါးနှင့် ဓာတ်ပုံ-ရဲခေါင်ညွန့်

တစ်ပြည် ငွေကျပ် ၆၀၀ တန် ဆန်ဖြင့် ချက်ထားသည့် ကလေးတစ်ဦး၏ ပုံမှန်ထမင်းတစ်နပ်စာသည် စီးကရက်သုံးလိပ်ဖိုးဖြင့် ညီမျှသည့် ငွေကျပ် ၁၅၀ သာ ကုန်ကျသည်။ လူတစ်ဦးလျှင် တစ်နပ်စာငွေကျပ် ၁၅၀ နှုန်းဖြင့် ကျွေးနိုင်သော နေရာတစ်ခုရှိသည်။ လူပေါင်း ၁၁၅၀ ကျော်အား နေ့စဉ် လက်ခံကျွေးမွေးနေသည့် တွံတေးမြို့ ဘုရားကြီးကျေးရွာ မင်္ဂလာကျောင်းတိုက်ရှိ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာပင်ဖြစ်သည်။

"သမီးကြီးလာရင် အဆိုတော်တစ်ယောက် ဖြစ်ချင်ပါတယ်" လို့ နှုတ်က ဖွင့်ဟလာသူက အသက် ၁၃ နှစ်အရွယ် မအေးငြိမ်းသူပါ။ အသက်ရှစ်နှစ်အရွယ်ကတည်းက မိဘမဲ့ဂေဟာကို ရောက်ရှိခဲ့ပြီး အတိတ်ကို ပြန်လည်ပြောပြဖို့ သူ့အတွက်ခက်ခဲနေတုန်းပါပဲ။ သူဟာ မျက်ခွံဆီသို့ ဝေ့တက်လာတဲ့ မျက်ရည်စတွေကို မျက်တောင်ဖြင့် ပုတ်ခတ်ထိန်းကာရင်း "အမေက သမီးမွေးကတည်းက ဆုံးတာပါ။ အဖေကတော့ နာဂစ်တုန်းက လှေထွက်ရင်း သေတယ်။ အိမ်ဘေးက အဒေါ်ကြီးက ဒီကျောင်းကို ပို့ပေးတာပါ။ သမီး ဒီကျောင်းမှာ လေးတန်းတက်နေပါတယ်" ဟု ဆိုရှာသည်။

"ဖြူဖြူကျော်သိန်းသီချင်းတွေကို အများကြီးကြိုက်ပါတယ်" ဟု ပြောသော မအေးငြိမ်းသူဟာ တစ်ယောက်တည်း သီချင်းတွေ ဆိုတတ်သလို ကိုယ်ပိုင် အားလပ်ချိန်တွေမှာလည်း အတူနေသူငယ်ချင်းများကို သီချင်းတွေဆိုပြရင်း ကုန်ဆုံးစေတတ်ပါတယ်။

မြန်မာပြည်ရှိ လူပေါင်းတစ်သိန်းကျော်ကို ဇီဝိန်ခြွေခဲ့သော နာဂစ်သည် ကလေးငယ် မအေးငြိမ်းသူအား မိဘမဲ့ဘဝသို့ရောက်အောင်ဆွဲခေါ်သွားခဲ့သည်။ "အဆောင်က အစ်မတွေက ဖြူဖြူကျော်သိန်းလို့ စတယ်။" သူဟာ ကံကြမ္မာရဲ့ စေစားမှုကြောင့် မင်္ဂလာ ပရဟိတလူငယ်ဖွံ့ဖြိုးရေးကျောင်းကို ရောက်ရှိလာခဲ့ပေမယ့် ယခုအချိန်မှာတော့ နေသားတကျဖြစ်စပြုနေပါပြီ။

ပရဟိတလုပ်ငန်းကိုသာ ၁၅ နှစ်ကျော်ကြာ လုပ်ကိုင်နေသည့် ကရင်လူမျိုး ကျောင်းထိုင်ဆရာတော် စန္ဒိမာက "ကျောင်းသားတွေ တဖွဲဖွဲဝင်လာဖြစ်တာကတော့ နာဂစ်တုန်းက ဧရာဝတီတိုင်းဒေသကြီးက ဆိုရင် ဒေးဒရဲ၊ ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ မအူပင်ပေါ့။ ပင်လယ်ကမ်းခြေက ဟိုင်းကြီးကျွန်း၊ အဆက်၊ ကျုံတား၊ ရေတွင်းကုန်း၊ ကျွန်းညိုကြီးပေါ့လေ" ဟု မိန့်ကြားသည်။

နာဂစ်ဒဏ် ခံရသောကြောင့် ရောက်ရှိလာသောမိဘမဲ့အုပ်စု၊ မိမဲ့အုပ်စု၊ ဖမဲ့အုပ်စု၊ ဆင်းရဲနွမ်းပါးအုပ်စုများအပြင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ (မြောက်ပိုင်း)က ပအိုဝ်း၊ ပလောင်ဝ်၊ ရှမ်း၊ ကရင်တိုင်းရင်းသား ၂၀၀ ခန့်ကိုပါ တာဝန်ယူစောင့်ရှောက်ပညာသင်ကြားပေးလျက် ရှိနေသည်ကို တွေ့ရသည်။

ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ စတင်စမ်းသပ်ထူထောင်ခဲ့သည့် ၁၉၉၃-၁၉၉၄ ခုနှစ်က မင်္ဂလာကျောင်းတိုက်တွင် မူလတန်းကျောင်းသား ၄၇၀ ခန့်အထိ ရှိခဲ့ဖူးသည်။

၁၉၉၉ မေလတွင် ဘုန်းတော်ကြီးသင် မူလတန်းကျောင်းအဖြစ်မှ မင်္ဂလာလူငယ်ဖွံ့ဖြိုးရေး ပရဟိတကျောင်းလေးအဖြစ် ခနိမိုး၊ ထရံကာ၊ ဝါးကြမ်းခင်းဖြင့် စတင်ခဲ့သော ယင်းကျောင်းသို့ နာဂစ်မုန်တိုင်းအပြီးတွင် ကျောင်းသားဦးရေ ၅၀၀ ကျော်အထိ တိုးလာခဲ့သည်။ ယခုအချိန်တွင်မူ မိဘမဲ့ကလေးများအပါအဝင် မိမဲ့၊ ဖမဲ့၊ ဆင်းရဲနွမ်းပါး ကလေးငယ်ပေါင်း ၁၁၈၇ ဦး (ကျား ၄၃၈၊ မ ၇၄၉) နေထိုင်ပညာသင်ကြားလျက်ရှိသည်။

မင်္ဂလာပရဟိတ လူငယ်ဖွံ့ဖြိုးရေးကျောင်းမှ လူမှုဝန်ထမ်းဦးစီးဌာန၏ အသိအမှတ်ပြု (ဒုတိယအဆင့်)ကို ရရှိခဲ့ကာ ငွေကြေးထောက်ပံ့မှုများ ရရှိခဲ့ကြောင်း သိရသည်။

"သူတို့ ထောက်ပံ့ပေးပါမယ်။ ကျောင်းသားတစ်ယောက်အတွက် တစ်နှစ်စာ ငွေကျပ် တစ်သောင်းခွဲ၊ နှစ်သောင်းဆိုတော့ နည်းတော့နည်းတာပေါ့။ ထာဝရငွေပဒေသာပင်မရှိသေးဘူး။ ရေရှည်အစီအစဉ်အတွက် ဘာမှဆွဲမထားရသေးပါဘူး။ ဘုန်းကြီးခံယူချက်က အကြောင်းတရားကောင်းရင်၊ အကျိုးတရားကောင်းမယ်ဆိုတာပဲ" ဟု ဦးစန္ဒိမာကဆိုသည်။

"ဒီလ အလှူရှင်လာတယ်၊ ဒီလစားတယ်၊ ပိုရင် နောက်လစားတယ်။ အလှူရှင်နည်းသွားရင်တော့ ဆန်ဆိုင်တွေမှာ အကြွေးမှတ်ပြီးစားတယ်။ ဆန်ဆိုင်တွေ၊ ကုန်စုံဆိုင်တွေကိုတော့ ဘုန်းကြီးက ပြောထားရတာပေါ့။ နောက် အလှူရှင်ပေါ်လာရင် ပြန်ဆပ်တယ်" ဟု ကျောင်းထိုင်ဆရာတော် ဦးစန္ဒိမာက မိန့်ကြားသည်။

လက်ရှိအချိန်တွင် အဆိုပါ ပရဟိတကျောင်းလေးကို ပညာရေးဝန်ကြီးဌာနက တွဲဖက်အလယ်တန်းကျောင်းအထိ အဆင့်တိုးမြှင့်ပေးထားသည်။

ဒေးဒရဲတွင် နေထိုင်ပြီး ငယ်စဉ်ကတည်းက မိခင်ကွယ်လွန်ခဲ့သူ ၁၆ နှစ်အရွယ် စုစုဝင်းက "အဖေက တက္ကသိုလ်ဝင်တန်းကို မထားနိုင်တော့လို့ စိတ်မကောင်းဖြစ်ပြီးနေနေတာ။ တစ်နှစ်လည်း မနားစေချင်တာနဲ့ သမီးက အဖေ့ကိုပူဆာတော့ စုံစမ်းပြီး ဒီမှာ လာထားပေးတာပါ။ ဖြစ်ချင်တာက ဆရာဝန်ပါ။ ဒါပေမယ့် သမီးက အီကိုတွဲယူထားတယ်"ဟု ပြောပြသည်။

"တက္ကသိုလ်ဝင်တန်းအောင်မြင်တဲ့သူတွေမှာ မိန်းကလေးဦးရေ ပိုများတော့ ပညာရေးကောလိပ်ဆက်ထားပေးတယ်။ ဒီထဲက တချို့ဆိုရင် ဆရာမအဖြစ် တာဝန်ကျရာဒေသတွေမှာ တာဝန်ထမ်းဆောင်နေကြပါပြီ" ဟု လုပ်အားပေးဆရာမအဖြစ် ဆောင်ရွက်နေသူ ဆရာမတစ်ဦးက ပြောသည်။

"ဘွဲ့ရပြီးရင်မိဘထံပြန်အပ်တယ်။ အလုပ်လုပ်ချင်ရင် ရှာပေးတယ်။ မိဘလုပ်ကျွေးကျေးဇူးဆပ်ဖို့ တက္ကသိုလ်ဝင်တန်း နှစ်နှစ်၊ သုံးနှစ်ကျလို့ အလုပ်လုပ်ချင်သူတွေကို အလုပ်ရှာပေးတယ်။ ရန်ကုန်က ဒကာတွေက ကုမ္ပဏီတွေမှာ သွင်းပေးပါတယ်။ မိဘမဲ့တွေကို အမွေစားအမွေခံနဲ့ ပိုက်ဆံတတ်နိုင်တဲ့ အသိုင်းအဝိုင်းက မွေးချင်ရင်လည်းပေးမယ်လို့ စိတ်ကူးထားတယ်၊ စာချုပ်နဲ့ပေါ့" ဟု ဘုန်းတော်ကြီးက ကလေးငယ်တို့၏ အနာဂတ်အား စီမံထားပုံကို မိန့်ကြားသည်။

မင်္ဂလာပရဟိတ လူငယ်ဖွံ့ဖြိုးရေးကျောင်းတွင် တက္ကသိုလ်ကျောင်းသား ၃၀၊ အထက်တန်းကျောင်းသား ၅၅၄ ဦး၊ အလယ်တန်းကျောင်းသား ၄၅၀ နှင့် မူလတန်းကျောင်းသား ၁၅၃ ဦးကို ကျွေးမွေးစောင့်ရှောက် ပညာသင်ကြားပေးနေသည်။

မျှော်လင့်ချက်၊ မျှော်လင့်ခြင်းများကိုရှူရှိုက်ရင်း အသက်ရှင်နေရသည့် မိဘမဲ့ကလေးငယ်၊ အမိမဲ့ကလေးငယ်၊ အဖမဲ့ကလေးငယ်၊ ဆင်းရဲနွမ်းပါးကလေးငယ်များ မြန်မာနိုင်ငံအနှံ့အပြားတွင် ရှိနေပေလိမ့်မည်။ ကလေးငယ်အချို့၏ မျှော်လင့်ချက်များအား တစ်ပိုင်းတစ်စ ပံ့ပိုးပေးနေသူ ပဲ့ကိုင်ရှင် ဘုန်းတော်ကြီးက "ဘုန်းကြီး အသက်ကြီးသွားလို့ ဆက်မလုပ်နိုင်တော့ရင်တော့ လူမှုဝန်ထမ်း ခဝဲခြံကို အပ်ခဲ့မှာပါ" ဟု ပြောကြားလိုက်သည့် စကားသံလေးနားထဲမှာ ကြားယောင်မိတော့ ပြားကပ်နေသော မိမိအိတ်ကပ်ကိုလည်း စမ်းမိလိုက်ပါသေးသည်။

လှူချင်စိတ်ရှိသော်လည်း ယခုတစ်ခေါက်တော့ မလှူနိုင်ခဲ့။ နောက်တစ်ခေါက်တော့ဟု အားခဲရင်းပြန်လာခဲ့သည်။

အလှူရှင်ကို မျှော်လင့်နေကြသော ကလေးငယ်များ၏ မျက်နှာကို မျက်စိထဲ မြင်ယောင်နေသည်။ ။

တွံတေးမြို့ ဘုရားကြီးကျေးရွာ မင်္ဂလာကျောင်းတိုက်ရှိ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ

ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
Ph: 209077, 209388, 09-731 67000

ရောင်းမည်
HIACE 2011 (ဘယ်မောင်း)
၁၅ ယောက်စီး (ခေါင်မြင့်)
၆၇/------- (ငွေရောင်)
ဖုန်း-၀၉-၃၁၄၀၅၇၅၂၊ ၃၁၄၀၅၇၅၃

New Light Co., Ltd. မှ
အိမ်ခြံမြေကျွမ်းကျင်
(ကျား/မ) ငါးဦး အလိုရှိ
ဖုန်း-၀၉-၃၁၂၉၇၈၆၁၊ ၆၅၆၇၃၄

အမည်ပြောင်း

ဦးအောင်ဇော်နိုင်၏သား အထက (၁) သဃ်န်းကျွန်း၊ ပဥ္စမတန်း(A)မှ မောင်ကောင်းခန့်နိုင်အား မောင်ကောင်းခန့်သော်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ကောင်းခန့်သော်

ဖခင်အမည်မှန်

အလုံမြို့နယ်၊ ကရင်ခြံရပ်ကွက်၊ မီးရထားဝင်း အခန်း(၃)မှ မဖြိုးသီရိကျော်၏ ဖခင်အမည်မှန်မှာ ဦးကိုကိုနိုင် ၁၂/လမန(နိုင်)၀၈၈၆၈၇ ဖြစ်ပါသည်။

ဖခင်အမည်မှန်

အလုံ အထက -၂၊ ပဥ္စမတန်း (A) မှ မောင်ထက်အာကာကျော်၏ဖခင်အမည်မှန်မှာ ဦးကိုကိုနိုင် ၁၂/လမန(နိုင်)၀၈၈၆၈၇ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
စက်မှုဇုန်နယ်မြေဖော်ထုတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်

အဆိုပြုလွှာများဖိတ်ခေါ်ခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ရန်ကုန်ပတ်ဝန်းကျင်ရှိနေရာဒေသအချို့တွင် နိုင်ငံတကာအဆင့်မီစက်မှုဇုန်များ ဖော်ထုတ်ဖွံ့ဖြိုးစေရေးအတွက် စီမံဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါစက်မှုဇုန်များအား အတွေ့အကြုံရှိသည့် ရင်းနှီးတည်ဆောက်သူများ/လုပ်ငန်းဆောင်ရွက်သူများမှ ဖော်ထုတ်ဖွံ့ဖြိုးစီမံခန့်ခွဲရန် လိုအပ်ပါသည်။ သို့မှသာ အဆိုပါစက်မှုဇုန်များတွင် နိုင်ငံတကာအဆင့်မီအထောက်အပံ့ပစ္စည်းများ၊ အခြေခံအဆောက်အအုံများရရှိမှုကို အာမခံချက်ပေးနိုင်ပြီး ပြည်ပပို့ကုန်အတွက်ဖြစ်စေ၊ ပြည်တွင်းစားသုံးမှုအတွက်ဖြစ်စေ ကုန်ထုတ်လုပ်သည့်လုပ်ငန်းများကို လုပ်ကိုင်မည့် ရင်းနှီးမြှုပ်နှံသူများ(သို့မဟုတ်)မြေငှားရမ်း၍ စီးပွားရေးလုပ်ကိုင်သူများအား ပိုမိုကောင်းမွန်အရည်အသွေးပြည့်ဝသည့် ဝန်ဆောင်မှုများကိုပေးနိုင်မည်ဖြစ်ပါသည်။

၂။ ရည်ရွယ်စီစဉ်ထားသည့် စက်မှုဇုန်နယ်မြေလုပ်ငန်းခွင်များသည် ရန်ကုန်နယ်မြေ၏ အနီးပတ်ဝန်းကျင်တွင် တည်ရှိသဖြင့် လျှပ်စစ်အသုံးပြုမှုနည်းပါးပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိသလောက်နည်းပါးသော လုပ်သားစုစိုက်၍ အသုံးပြုရသည့် စက်ရုံများအား ဦးစားပေးထူထောင်ရန်ရည်ရွယ်ပါသည်။ စက်မှုဇုန်နယ်မြေများအား ဖော်ထုတ်ဖွံ့ဖြိုးဆောင်ရွက်ပြီးချိန်တွင် ရင်းနှီးမြှုပ်နှံသူများ(သို့မဟုတ်)မြေယာငှားရမ်းမည့်သူများအား သင့်လျော်လက်ခံနိုင်သည့်ဈေးနှုန်းဖြင့် တစ်ဆင့်ပြန်လည်ငှားရမ်းနိုင်ရန်လည်း ရည်ရွယ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် စက်မှုဇုန်နယ်မြေများအား ဖွံ့ဖြိုးလာစေရန်စီမံချက်ဖွံ့ဖြိုးရေးအတွက် အကောင်အထည်ဖော်မည့်သူများအား တည်ဆောက်၊ ပိုင်ဆိုင်၊ လည်ပတ်(Build, Own and Operate-BOO)စနစ်ဖြင့် စီမံချက်ဖွံ့ဖြိုးရေးအတွက် အကောင်အထည်ဖော်မည့်အလားအလာရှိသည့် နိုင်ငံခြားသား(သို့မဟုတ်)ပြည်တွင်းရင်းနှီးတည်ထောင်သူများအား ဖိတ်ခေါ်လိုပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ(သို့မဟုတ်) မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဆောင်ရွက်ရန်ဖြစ်ပြီး အသေးစိတ်စည်းကမ်းများကို ၂၄-၂-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံရေးရာဌာနတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

Myanmar Palace Co., Ltd.

မင်္ဂလာဝတ်စုံ (မြန်မာ၊ အနောက်တိုင်း) Branded Lady Fashion နှင့် Construction & Decoraction လုပ်ငန်းများအတွက် ဓာတ်ပုံနှင့် ကြော်ငြာရိုက်ကူးရန် တက်သစ်စ Model ဝါသနာရှင်များလာရောက်လျှောက်ထားနိုင်ပါသည်။

စုံစမ်းရန်ဖုန်း - ၀၉-၃၁၀၃၉၂၄၊ ၀၉-၄၂၀၂၇၅၀၈၁၊
၀၉-၄၂၀၁၇၉၆၀၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကချင်ပြည်နယ်အစိုးရအဖွဲ့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်အတွင်းရှိ မိုးကောင်း-ကာမိုင်း-ဖားကန့်လမ်းအား ၂၄ ပေအကျယ် ၅၅ တန် ခံနိုင်ဝန်ရှိ ကျောက်ချောလမ်း(သို့မဟုတ်)ကတ္တရာလမ်းဆောင်ရွက်ရန်အတွက် အောက်ဖော်ပြပါ တည်နေရာများတွင် အပိုင်းလိုက်ဆောင်ရွက်သွားရန် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်-

(က) လ၀-ကာမိုင်း-ဖားကန့်လမ်း မိုင် ၁၈/၀(မအူပင်)မှ မိုင် ၂၃/၀ (နန့်ယား)ထိ ၅မိုင်
(ခ) လ၀-ကာမိုင်း-ဖားကန့်လမ်း မိုင် ၂၃/၀ (နန့်ယား)မှ မိုင် ၂၈/၀ ထိ ၅ မိုင်
(ဂ) လ၀-ကာမိုင်း-ဖားကန့်လမ်း မိုင် ၂၈/၀ မှ ၃၃/၀ (နန့်တိန်း)ထိ ၅ မိုင်
(ဃ) လ၀-ကာမိုင်း-ဖားကန့်လမ်း မိုင် ၃၃/၀ (နန့်တိန်း)မှ ၃၈/၀ ထိ ၅ မိုင်
(င) လ၀-ကာမိုင်း-ဖားကန့်လမ်း မိုင် ၃၈/၀ မှ ၄၃/၀ (လုံးခင်း)ထိ ၅ မိုင်

၂။ တင်ဒါတင်သွင်းရာတွင် ၅၅ တန်ခံနိုင်ဝန်ရှိ ကျောက်ချောလမ်းနှင့် ကတ္တရာလမ်း Design များကိုပါ တစ်ပါတည်းတင်ပြရန် တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၂၄-၂-၂၀၁၄ ရက်မှစတင်၍ ရုံးချိန်အတွင်း ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ စီးပွားဌာနစိတ်တွင် လာရောက် ဝယ်ယူနိုင်ပြီး အောက်ပါအတိုင်း တင်ဒါတင်သွင်းရမည်ဖြစ်ပါသည်-

(က) **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်** - ၂၄-၃-၂၀၁၄ ရက် (တနင်္လာနေ့) ၁၆:၀၀ နာရီအထိ
(ခ) **တင်ဒါတင်သွင်းရမည့်နေရာ** - ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး စီးပွားဌာနစိတ် ဖုန်း-၀၇၄-၂၂၄၈၄၊ ၀၇၄-၂၂၃၂၉

၃။ ထို့အပြင် ကာမိုင်း-မအူပင်(၆)မိုင်ဖြတ်လမ်းအား B.O.T စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များအနေဖြင့် တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီသို့ လျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဦးဇော်သိန်း အတွင်းရေးမှူး၊ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဖုန်း-၀၇၄-၂၉၅၄၁၊ ၀၇၄-၂၉၅၄၄၊ ၀၇၄-၂၂၄၈၄ နှင့် အင်ဂျင်နီယာမှူးကြီး ကချင်ပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မြစ်ကြီးနားမြို့၊ ဖုန်း-၀၇၄-၂၂၃၂၂၊ ၀၇၄-၂၂၃၆၉ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ကချင်ပြည်နယ်အစိုးရအဖွဲ့

နိုင်ငံတကာအားကစားသတင်း

မန်ယူနဲ့ ချယ်လ်ဆီးတို့ရင်ပူရဦးမယ့် ချန်ပီယံလိဂ်ပွဲ

မိုးမြင့်လင်းလက်

ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်တွေကို ဖေဖော်ဝါရီ ၂၅ ရက်နဲ့ ၂၆ ရက်ညတွေမှာ ဆက်လက်ကစားမှာဖြစ်လို့ အရှိန်အဟုန်ပြင်းပြင်းနဲ့ ရင်ဆိုင်ကြမယ့်ပွဲကောင်းတွေကို ရင်ခုန်စွာ အားပေးရဦးမှာ ဖြစ်ပါတယ်။ ပရီမီယာလိဂ် ကလပ်တွေဖြစ်တဲ့ မန်ယူနဲ့ ချယ်လ်ဆီးတို့ရဲ့ ချန်ပီယံလိဂ် အားထုတ်မှုတွေဟာ သူတို့ရဲ့ရည်မှန်းချက်ဘယ်လောက်အထိမြင့်မားတယ်ဆိုတာ အကဲခတ်ခွင့်ရရှိမှာ ဖြစ်ပါတယ်။

အိုလံပီယာကော့စ်နှင့် မန်ယူ

ပရီမီယာလိဂ်မှာ ရလဒ်တွေ ဆိုးရွားနေတဲ့ မန်ယူဟာ ချန်ပီယံလိဂ်ကို အာရုံစိုက်ထားတာမို့ ဒီပွဲမှာ မန်ယူရဲ့ ခြေစွမ်းအမှန်ကို မြင်တွေ့ရတော့မှာဖြစ်ပါတယ်။ မန်ယူဟာ ချန်ပီယံလိဂ် အုပ်စုပွဲစဉ်တွေမှာ ရှုံးပွဲမရှိခဲ့ပေမယ့် အဝေးကွင်းမှာ ခြေချော်လက်ချော်ဖြစ်တတ်တဲ့ သဘာဝရှိတတ်ပါတယ်။ မန်ယူနည်းပြ မိုယက်စ်ကတော့ ဒီပွဲကို အကောင်းဆုံး တိုက်စစ်နဲ့ပွဲထွက်မယ်လို့ ထုတ်ဖော်ပြောကြားတာမို့ အိုလံပီယာကော့စ်ခံစစ်ကို ကျော်ဖြတ်နိုင်မလားကြည့်ရမှာပါ ဂရိကလပ်တွေနဲ့ ဆုံတိုင်း နိုင်ပွဲရတာများတာမို့ ဒီပွဲမှာ မန်ယူတို့ ခြေကုန်ထုတ်ပြီး နိုင်ပွဲရယူမယ်လို့ယူဆပါတယ်။

ဂါလာတာစာရေးနှင့် ချယ်လ်ဆီး

ခြေစွမ်းပြနေတဲ့ ဂါလာတာစာရေးရဲ့ လက်ရှိအနေအထားကြောင့်ချယ်လ်ဆီးတို့ ခက်ခဲစွာရင်ဆိုင်ရဖို့ ရှိနေပါတယ်။ ဂါလာတာစာရေးအသင်းမှာ ဒရော့ဘာ၊ ရှနိုက်ဒါတို့ ရှိနေတာမို့ ချယ်လ်ဆီးရဲ့ အထာကို သိနေတဲ့အတွက် မော်ရင်ဟိုဗျူဟာခင်းကျင်းမှု ပြင်ဆင်မှုရပါလိမ့်မယ်။ ချယ်လ်ဆီးဟာ ချန်ပီယံလိဂ် ဖလားကိုမျှော်မှန်းနေတာမို့ အဝေးကွင်း ဆိုပေမယ့် အမှတ်ရအောင် ကစားပါလိမ့်မယ်။ ဂါလာတာစာရေးတို့ကတော့ အနိုင်ကိုမျှော်လင့်ပြီး တိုက်စစ်ဖွင့်ကစားမှာမို့ ချယ်လ်ဆီးတို့ကံကောင်းမှ တစ်မှတ်ရပါလိမ့်မယ်။

ရှော်လ်ကေးနှင့် ရီးရဲမက်ဒရစ်

ဂျာမန်ကလပ်တွေနဲ့ ဆုံတိုင်း ရီးရဲမက်ဒရစ်တို့ ပင်ပန်းကြီးစွာ ရှန်းကန်ရလေ့ရှိပြီး ရလဒ်လည်း မကောင်းတတ်ပါဘူး။ ရှော်လ်ကေးရဲ့ လက်ရှိခြေစွမ်းပိုင်းက အတက်အကျရှိနေတာမို့ ရီးရဲမက်ဒရစ်တို့ တည်တည်ငြိမ်ငြိမ်နဲ့ အလေးအနက်ထားကစားရင်အခြေအနေကောင်းနဲ့ ကြုံတွေ့ရနိုင်ပါတယ်။ ရီးရဲမက်ဒရစ်ဟာ အသင်းလိုက်ကစားအားကောင်းနေပြီး တိုက်စစ်မှူးတွေရဲ့ တွန်းအား တိုက်အားတွေကြောင့် ရှော်လ်ကေးခံစစ်မှူးတွေ အမှားအယွင်းဖြစ်စေနိုင်ပါတယ်။ ရှော်လ်ကေးတို့ အိမ်ကွင်းဆိုပေမယ့် ခြေစွမ်းအရ ညှော့သည်ကို အားရမိတာ အမှန်ပါပဲ။

ချယ်လ်ဆီးကစားသမားဟောင်းနည်းပြဖြစ်လာရန် မျှော်လင့်

ချယ်လ်ဆီးနောက်တန်းကစားသမားဟောင်း ဒန်းပီထရက်စကူက ၎င်းအနေဖြင့် စတမ်းဖို့ဘရစ်မှ နည်းပြအဖြစ်ကမ်းလှမ်းလာလျှင် ငြင်းပယ်လိမ့်မည်မဟုတ်ကြောင်း ပြောကြားလိုက်သည်။ အသက် ၄၆ နှစ်ရှိ ရိုမေးနီးယားလက်ရွေးစင်ဟောင်း ပီထရက်စကူသည် လက်ရှိ ဒိုင်နမိုမော်စကိုအသင်းနည်းပြလုပ်နေသည်။ ၎င်းသည် ၂၀၁၅ ခုနှစ်အထိ စာချုပ်ထားသည်။ ပြီးခဲ့သည့် နိုဝင်ဘာလက ခရစ္စတယ်ပဲလေ့စ်၏ကမ်းလှမ်းမှုအပေါ် ၎င်းက ငြင်းဆိုခဲ့သည်။ မိမိအနေဖြင့် တစ်နေ့ချယ်လ်ဆီးနည်းပြဖြစ်လာရန် မျှော်လင့်ကြောင်း ပီထရက်စကူက ပြောသည်။ ၎င်းသည် ၂၀၀၃ ခုနှစ်က ဘောလုံးကစားခြင်းမှ အနားယူခဲ့ပြီး အောင်မြင်သောနည်းပြအဖြစ်ရပ်တည်လျက်ရှိသည်။

နိုင်ငံတကာ ပြည်တွင်းလိဂ် ပွဲစဉ်များ နှင့် ဂိုးရလဒ်များ

သီဟ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်-၂၇			**ဖေဖော်ဝါရီ ၂၃**
လီဗာပူး	-	ဆွမ်ဆီး	ည ၈း၀၀
နယူးကာဆယ်	-	အက်စ်တွန်ဗီလာ	ည ၈း၀၀
နော့ဝှစ်ချ်	-	စပါး	ည ၁၀း၃၀
ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်-၂၂			**ဖေဖော်ဝါရီ ၂၃**
ဖရန့်ဖတ်	-	ဝါဒါဘရီမင်	ည ၉း၀၀
ဟန်နိုဗာ	-	ဘိုင်ယန်မြူးနစ်	ည ၁၁း၀၀
အီတလီစီးရီးအေ ပွဲစဉ်-၂၅			**ဖေဖော်ဝါရီ ၂၃/၂၄**
လီဗော်နို	-	ဗီရိုနာ	ညနေ ၆း၀၀
အူဒီးနိစ်	-	အတ္တလန္တာ	ည ၈း၃၀
အင်တာ	-	ကက်ဂလီယာရီ	ည ၈း၃၀
ချီယေဗို	-	ကာတာနီးယား	ည ၈း၃၀
ဆမ်ဒိုးရီးယား	-	အေစီမီလန်	ည ၈း၃၀
ဂျူဗင်တပ်စ်	-	တိုရီနို	ည ၁၂း၀၀
လာဇီယို	-	ဆက်ဆူအိုလို	နံနက် ၂း၁၅
စပိန်လာလီဂါ ပွဲစဉ်-၂၅			**ဖေဖော်ဝါရီ ၂၃/၂၄**
ဗယ်လက်ကာနို	-	ဆီဗီလာ	ညနေ ၅း၃၀
ဘက်တစ်	-	ဘီလ်ဘာအို	ည ၁၀း၃၀
ဗလင်စီယာ	-	ဂရန်နာဒါ	နံနက် ၀၀း၃၀
အိုဆာဆူနာ	-	အက်သလက်တီကို	နံနက် ၂း၃၀
ပြင်သစ်လီဂူး ပွဲစဉ်-၂၆			**ဖေဖော်ဝါရီ ၂၃/၂၄**
တူးလော့စ်	-	ပီအက်စ်ဂျီ	ည ၇း၃၀
နန့်တက်စ်	-	ရန်းနက်စ်	ည ၁၀း၃၀
လိုင်လီ	-	လိုင်ယွန်	နံနက် ၂း၃၀

ဖေဖော်ဝါရီ ၂၂ရက် ဂိုးရလဒ်များ

မိုနာကို	၃-၂	ရိမ်းစ်
ရှော်လ်ကေး	၀-၀	မိန့်ဇ်
ဗယ်လာဒိုလစ်	၁-၁	လီဗန်တေး

တစ်ပတ်ပေါင်သုံးသိန်းဖြင့် ရွန်းနေငါးနှစ်ခွဲထပ်မံစာချုပ်

တိုက်စစ်မှူးရွန်းနေအား ငါးနှစ်ခွဲစာချုပ်သစ်ဖြင့် ထပ်မံစာချုပ်လိုက်ကြောင်း မန်ယူကပြောသည်။ အသက် ၂၈ နှစ်ရှိ အင်္ဂလန်တိုက်စစ်မှူး ရွန်းနေအား မန်ယူကလက်ရှိစာချုပ်ကို ထပ်မံတိုးမြှင့်လိုက်ခြင်းဖြစ်သည်။ ယင်းစာချုပ်အရ ရွန်းနေသည် တစ်ပတ်ပေါင် ၃၀၀၀၀၀ ရမည် ဖြစ်သည်။

၂၀၀၄ ခုနှစ်က အဲဗာတန်မှ မန်ယူသို့ပြောင်းလာခဲ့ပြီးနောက် ပွဲပေါင်း ၄၃၀ တွင် ၂၀၈ ဂိုးသွင်းယူပေးခဲ့သည်။ စာချုပ်သစ်ကုန်ဆုံးချိန်တွင် ၎င်း၏အသက်မှာ ၃၃နှစ် ရှိလာမည်ဖြစ်သည်။ ၎င်းသည် ဘောလုံးကစားခြင်းမှ အနားယူချိန်တွင် မန်ယူကလပ်၏ သံတမန်လည်းဖြစ်လာမည်ဖြစ်သည်။ ရွန်းနေသည် ယခင်စာချုပ်တွင်တစ်ပတ်ပေါင် ၂၅၀၀၀၀ သာရခဲ့သည်။

■ကောင်းမြတ်သူ-စုစည်းသည်

ငွေရတုမင်္ဂလာဆုတောင်းလွှာ

ချစ်သောဖေဖေနှင့် ချစ်သောမေမေတို့၏ ၂၃-၂-၂၀၁၄ ရက်တွင် ကျရောက်သော (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုထိတိုင် တိုင်းကျိုးပြည်ကျိုး၊ ဘာသာသာသနာအကျိုးပြုရင်း မိသားစုနှင့်အတူ ပျော်ရွှင်စွာဆင်နွှဲနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ညီမ - မခင်ဆင့်၊ သားကြီး-ဒေါက်တာဘုန်းမြတ်ဟိန်း၊
သမီး - စိုးနေခြည်မြတ် (နောက်ဆုံးနှစ်အပိုင်း-ခ၊ ဆေး-၁၊ ရန်ကုန်)၊
သားငယ် - ငြိမ်းမြတ်ဟိန်း (Grade-11)နှင့်
သမီး - သက်မေအောင်

MECA PUMP

- Thermal Setting Polymer [illegible]
- Pump Housing [illegible] Polymer[illegible] Coating [illegible] pump [illegible]
- Pump [illegible] Ductile Iron, Gray Cast Iron [illegible] Manganese Steel [illegible]
- Pump shaft [illegible] Hard chrome plated shaft [illegible]

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ဇုန် ၅၊ မြေကွက်အမှတ် ၄၇၈၊ ၄၈၃၊ ၄၇၉+၄၈၂၊ မြေကွက်တည်နေရာအမှတ် (၄၇၈၊ ၄၈၃၊ ၄၇၉+၄၈၂) ရတနာလမ်း၊ (၁၈)ရပ်ကွက် ဦးမောင်မောင်လေး(ခ)ရှောက်မန်း၊ ဦးစိုးစိုးလွင်(ခ)မောင်မောင်စိုး အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် နှစ်ဦးအနက် ဦးမောင်မောင်လေး(ခ)ရှောက်မန်းမှ စွန့်လွှတ်စာချုပ် ၆၀၉/၉၉၊ ၁၇-၃-၉၉ ဖြင့် ဦးစိုးစိုးလွင်(ခ)မောင်မောင်စိုး NBN-၂၁၈၈၈၄သို့ စွန့်လွှတ်ခဲ့ပြီး ဦးစိုးစိုးလွင်(ခ)မောင်မောင်စိုးထံမှ G.P၁၆၆၆၀/၁၁၊ ၁၄-၉-၁၁ဖြင့်ရရှိသူ ဦးကျော်ကျော် ၁၄/ပသန(နိုင်)၀၅၅၈၆၇မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

AYA Bank

ဧရာဝတီဘဏ်

ဧရာဝတီဘဏ် လီမိတက် မှ

[illegible]

(က) **Manager** [illegible]
M.B.A, M.P.A [illegible] Banking, Trading, Sales & Marketing, Finance [illegible] Fluent in English, Computer Literate [illegible]

(ခ) **Assistant Manager** [illegible]
[illegible] B.Com, LCCI Level III [illegible] Computer Literate [illegible]

(ဂ) **Senior Banking Assistant (or) Junior Banking Assistant** [illegible]
[illegible] (Word, Excel, PowerPoint, PageMaker, Internet & E-mail) [illegible]

(ဃ) **Technical Assistant (Card Operation)** [illegible]
B.C.Sc (or) B.C Tech [illegible] Hardware, Software, Operation System [illegible] A+, Network Engineering Certificate [illegible] (Word, Excel, PowerPoint, PageMaker, Internet & E-mail) [illegible]

(င) [illegible]

(စ) [illegible]

(ဆ) [illegible]

[illegible] hr.recruit@ayabank.com.mm [illegible]

ဧရာဝတီဘဏ် လီမိတက် [illegible]

ဌာနဆိုင်ရာ

ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီသို့ မေးမြန်းအကြံပြုချက် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာ

ပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

၁။ **မြဝတီမြို့သည် ခရိုင်အဆင့်ရှိမြို့နယ်ဖြစ်သည့်အပြင် ထိုင်းနိုင်ငံနှင့် နယ်စပ်ချင်းထိစပ်လျက်ရှိသော မြို့ဖြစ်ပါ၍ ပြည်တွင်းနှင့်ပြည်ပသို့ ဆက်သွယ်သွားလာနိုင်သော လေယာဉ်ကွင်းတည်ဆောက်ပေးရန် မေးမြန်းချက်နှင့် ပတ်သက်၍** မြန်မာနိုင်ငံတွင် လေယာဉ်ကွင်း ၆၉ ကွင်းရှိပြီး ၃၃ ကွင်းကိုသာ အသုံးပြုနိုင်ပါသည်။ နိုင်ငံတကာအဆင့် ကွင်းသုံးကွင်းရှိပြီး ရန်ကုန်၊မန္တလေး၊ နေပြည်တော်တို့တွင်ဖြစ်ပါသည်။ ဟံသာဝတီလေဆိပ်ကို နိုင်ငံတကာလေဆိပ်အဖြစ်တိုးချဲ့ရန် ကမ်းလှမ်းဆောင်ရွက်လျက်ရှိပြီး ခရီးသည်တစ်နှစ်လျှင် ၁၂ သန်းခန့်ကိုင်တွယ်နိုင်ရန်လျာထားပါသည်။ မြဝတီမြို့သည် ပြည်တွင်းပြည်ပသို့ ဆက်သွယ်သွားလာနိုင်သော လေယာဉ်ကွင်းတည်ဆောက်ရန် လတ်တလော အစီအစဉ် မရှိသေးပါ။ မြဝတီအနီးပတ်ဝန်းကျင်တွင် မော်လမြိုင်လေဆိပ်နှင့် ဘားအံလေဆိပ်များရှိပါသည်။ လုံလောက်သော ခရီးသည်မရရှိသဖြင့် ခရီးစဉ်များ ရပ်ဆိုင်းထားရပါသည်။ လေယာဉ်ကွင်းအတွက် ပြေးလမ်းအလျားပေ ၅၀၀၀ ရှိ မြေနေရာလိုအပ်ပါသည်။ ဒေသမှမြေနေရာလျာထားပေးပါက Design Team စေလွှတ်၍ ဒီဇိုင်းပြုလုပ်ပေးပါမည်။ အနာဂတ်တွင် လေယာဉ်ကွင်းတည်ဆောက်ရန် အခြေအနေပေးပါက အဆင်သင့်ဆောင်ရွက်နိုင်ရန်ဖြစ်ပါကြောင်းဖြေကြားအပ်ပါသည်။

၂။ **မြဝတီမြို့တွင် ပြီးခဲ့သည့်နှစ်က သောင်ရင်းမြစ်ရေထူးကဲစွာ မြင့်တက်ခဲ့မှုကြောင့် ပျက်စီးခဲ့သော မြေထိန်းတာမံကို ပြုပြင်ပေးမည့် အခြေအနေနှင့်မယ်ထော်သလေးကျေးရွာ ကမ်းပြိုမှုကာကွယ်ရေးဆောင်ရွက်ပေးမည့် အခြေအနေများအား မေးမြန်းချက်နှင့် ပတ်သက်၍** မြဝတီမြို့တွင် ယခင်နှစ်က သောင်ရင်းမြစ်ရေထူးကဲဒီရေမြင့်တက်ပြီး မြို့ထဲသို့ ရေဝင်ရောက်စဉ်ပျက်စီးခဲ့သောမြေထိန်းတာမံ အစိတ်အပိုင်းအား ပြင်ဆင်မှုများကို ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်း စတင်ဆောင်ရွက်လျက်ရှိပါသည်။ မြဝတီမြို့နယ် မယ်ထော်သလေးကျေးရွာ ကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းအတွက် လုပ်ငန်းတင်ဒါခေါ်ယူပြီးစီးခဲ့ပြီး တင်ဒါအောင်မြင်ခဲ့သော ဒေါနမြေကုမ္ပဏီဖြင့် ဖေဖော်ဝါရီလ ဒုတိယပတ် အတွင်း စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

၃။ **မြဝတီမြို့တွင် မြစ်ရေကြီးသော ကာလ၌ မြေထိန်းတာမံများအခြေအနေကို စောင့်ကြည့်ရန်လိုအပ်ပါသည်။ ယခုအခါ ကမ်းထိန်းလုပ်ငန်းများလည်း များပြားလာ၍ ရေအရင်းအမြစ်နှင့်မြစ်ချောင်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ရုံးဖွင့်လှစ်ပေးစေလိုပါကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍** မြဝတီမြို့တွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ရုံးဖွင့်လှစ်ရန် လတ်တလော အစီအစဉ် မရှိသေးသော်လည်း ရေများကာလနှင့် လုပ်ငန်းဆောင်ရွက်နေချိန်များတွင် ရှေ့တန်းရုံးထားရှိ၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

၄။ **ဘားအံမြို့ အမှတ်(၃၊ ၄)ရပ်ကွက်ကြားရှိ ဖြဟ္မာကြီးချောင်း ဝဲယာတွင် မလိုအပ်ဘဲ ခြံမြေများ မြေဖို့တိုးချဲ့မှုများရှိနေသဖြင့် ချောင်းများကျဉ်းမြောင်းလာပြီဖြစ်ပါသည်။ ချောင်းကျဉ်းပါသဖြင့် အမှတ်(၃၊ ၄)ရပ်ကွက်များမှာ မိုးရာသီတွင် ရေကြီးနစ်မြုပ်နိုင်သဖြင့် ဖြဟ္မာကြီးချောင်း ရှင်းလင်းရေးကိစ္စများ ဆောင်ရွက်ပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ဘားအံမြို့ အမှတ်(၃၊ ၄)ရပ်ကွက်ကြားရှိ ဖြဟ္မာကြီးချောင်းကျဉ်းလာပြီး မိုးရာသီတွင် ရေကြီးရေလျှံဖြစ်နိုင်မှုကြောင့် ရေစီးရေလာကောင်းမွန်စေရန် ချောင်းရှင်းလင်းပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ပါသည်။ ယင်းလုပ်ငန်းများကို ဆည်မြောင်းဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးတို့မှ ဆောင်ရွက်သင့်သောလုပ်ငန်းများဖြစ်ပါသည်။ မိမိဌာနမှ ရှိသင့်သည့် ချောင်းအကျယ်၊ ရေအနက်၊ ရှင်းလင်းရမည့် ပမာဏစသည့်နည်းပညာဆိုင်ရာ အချက်အလက်များကို ဒေသအဖွဲ့အစည်းများနှင့် ပူးပေါင်းအကြံပြုပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ်ဆောင်ရွက်မှုအခြေအနေများ

၁။ **တယ်လီဖုန်းကတ်ပျောက်များကို ဆက်လက်ဆောင်ရွက်မပေးနိုင်တော့ဟု သတင်းများကြားသိနေရသဖြင့် ဟုတ်/မဟုတ် တိတိကျကျသိလိုပါကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍** တယ်လီဖုန်း ကတ်ပျောက်ကတ်ပျက်များကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ သတင်းမှားကို ကြားသိရခြင်းဖြစ်ပါသည်။ ကတ်ပျောက်များကို အထောက်အထားပြည့်စုံပါက ကတ်ပျောက်ခြင်းအတွက် ဒဏ်ကြေးပေးဆောင်စေ၍ သုံးစွဲသူများအဆင်ပြေအောင် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကတ်ပျောက်အတွက် သက်ဆိုင်ရာမြို့နယ်များတွင် ဆောင်ရွက်ပေးနိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

၂။ **ကြာအင်းဆိပ်ကြီး ကျိုက်ဒုံမြို့နယ်ခွဲတွင် GSM/MEC CDMA-800 MHz တန်ဖိုးနည်းမိုဘိုင်းဖုန်းများချထားပေးသော်လည်း အသုံးပြု၍ မရပါသဖြင့် ကျိုက်ဒုံတွင် အသုံးပြု၍ ရနိုင်အောင် ဆောင်ရွက်ပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ကျိုက်ဒုံမြို့နယ်ခွဲတွင် GSM စခန်းတစ်ခုတည်ဆောက်ရန် ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းလျာထားလျက်ရှိပါသည်။ အဓိကလိုအပ်ချက်ဖြစ်သော စက်မှုပိုင်းဆိုင်ရာအရ သင့်တော်သော မြေနေရာရရှိရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ လိုအပ်သော အဝေးလိုင်းရရှိရေး ကွင်းဆင်းစစ်ဆေး၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၃။ **လက်ကိုင်ဖုန်းလုပ်ပိုင်ခွင့်ရရှိထားသော ကုမ္ပဏီသည် ကမ္ဘာမှာကျော်ကြားသော ကုမ္ပဏီဖြစ်သည့်အတွက် စီးပွားရေးတစ်ခုတည်းကိုသာမကြည့်ဘဲ မိမိလုပ်ပိုင်ခွင့်ရရှိထားသော နိုင်ငံအတွင်းရှိ ပြည်သူပြည်သားများ ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရေးအတွက် ဖုန်းလိုင်းကွန်ရက်ကို ကျေးရွာများသို့ အမြန်တပ်ဆင်ပေးနိုင်ရန်၊ SIM Card အခမဲ့ဖြန့်ဝေပေးနိုင်ရန်၊ တစ်မိနစ် ၂၅ကျပ်နှုန်းအထိ ချပေးပါရန် သက်ဆိုင်ရာဝန်ကြီးဌာနမှ ညှိနှိုင်းဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရန် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် နိုင်ငံတကာအဆင့်မီပြည်ပအော်ပရေတာနှစ်ဦးအား လိုင်စင်ချထားပေးခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံအား အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနည်းတူ တယ်လီဖုန်းသိပ်သည်းဆရောက်ရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဝန်ကြီးဌာနအနေဖြင့် တယ်လီဖုန်းသိပ်သည်းဆအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ၂၇ ရာခိုင်နှုန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ၅၀ ရာခိုင်နှုန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ၇၅ ရာခိုင်နှုန်းနှင့် ၈၀ ရာခိုင်နှုန်း အသီးသီးရောက်ရှိအောင် ရည်မှန်း၍ စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

(ဆက်လက်ဖော်ပြပါမည်)

ဌာနဆိုင်ရာကြေညာချက်နှင့် ကြော်ငြာ

အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ကုသပေး

ကသာ ဖေဖော်ဝါရီ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့တွင် WILMAR အင်တာနေရှင်နယ် လီမိတက်နှင့် ဂရိတ်ဝေါလ် စားသောက်ကုန် လုပ်ငန်း ကုမ္ပဏီလီမိတက်ကအခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ကုသမှု ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၏ ဦးဆောင်လမ်းညွှန်မှု၊ စစ်ကိုင်းတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ စီစဉ်ညွှန်ကြားမှုဖြင့် ကသာခရိုင် ပြည်သူ့ဆေးရုံ၊ ထီးချိုင့်မြို့နယ်ပြည်သူ့ဆေးရုံ၊ မြတောင်တိုက်နယ် ပြည်သူ့ဆေးရုံတို့တွင် စစ်ကိုင်းတိုင်းဒေသကြီးမျက်စိအထူးကုဆရာဝန်ကြီးများက ကြီးကြပ်၍ ပူးပေါင်းဆောင်ရွက်မှုဖြင့် အခမဲ့မျက်စိစမ်းသပ် ခွဲစိတ်ကုသမှု ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဂရိတ်ဝေါလ် စားသောက်ကုန် လုပ်ငန်းကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးက အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ကုသပေးရခြင်းအကြောင်းကို ပြောကြားသည်။

အဆိုပါ အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ကုသပေးခြင်းများကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၃ ရက်အထိ ကသာမြို့ သာသနပဗ္ဗောတာရုံ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ကျင်းပပေးခဲ့ပြီး မျက်စိဝေဒနာရှင်ပေါင်း ၂၀၀၀ ကျော်ကို ကုသပေးခဲ့ကြောင်း သိရသည်။

လူအောင်(ကသာ)

သထုံမြို့၌ ဆိုင်ကယ်လိုင်စင်များပြုလုပ်ပေး

သထုံ ဖေဖော်ဝါရီ ၂၂

မွန်ပြည်နယ် သထုံခရိုင်အတွင်းရှိ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ခရိုင်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံး၌ ဖေဖော်ဝါရီ ၁၇ ရက်မှ စတင်ကာ လိုင်စင်များပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။ ဆိုင်ကယ်တစ်စီးလျှင် အကောက်ခွန်ကြေး ကာလတန်ဖိုး၏ ငါးရာခိုင်နှုန်း၊ ကုန်သွယ်လုပ်ငန်းခွန် ကာလတန်ဖိုး၏ ငါးရာခိုင်နှုန်း၊ နှစ်နှစ်တာကာလအတွက် အာမခံကြေး ငွေကျပ် ၁၇၅၀၊ နှစ်နှစ်တာကာလအတွက် မှတ်ပုံတင်ကြေး ငွေကျပ် ၂၂၀၀၀ နှင့် ဘဏ် ဆောင်ရွက်ခ ငွေကျပ် ၅၅၀ ကုန်ကျမည်ဖြစ်ပြီး တစ်နေရာတည်းတွင် အဆိုပါလုပ်ငန်းများကို ပြီးပြည့်စုံစွာဆောင်ရွက်နိုင်မည်ဖြစ်ကာ မည်သည့် မော်တော်ဆိုင်ကယ် အမျိုးအစားမဆို လွတ်လပ်လွယ်ကူစွာ ပြုလုပ်နိုင်ကြောင်း သိရသည်။

သက်ဦး(သထုံ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်

ဆိုင်ခန်းငှားရမ်းလေလံကြေညာချက်

၁။ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်၏ (၂၄ပေ×၂၈ပေအကျယ်) စားသောက်ဆိုင် (၁၆)ဆိုင်နှင့် (၁၂ပေ×၂၈ပေအကျယ်) မိတ္တူဆိုင်လေးဆိုင်တို့အား ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်အတွက် ဆိုင်ခန်းငှားရမ်းခွင့် လေလံပစ်ခြင်းကို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ လျှောက်လွှာစတင်ရောင်းချရက်မှာ ၂၄-၂-၂၀၁၄ရက် ဖြစ်ပါသည်။
၃။ လျှောက်လွှာတင်သွင်းရန် နောက်ဆုံးရက်မှာ ၃-၃-၂၀၁၄ရက် ညနေ ၃း၀၀နာရီထိ ဖြစ်ပါသည်။
၄။ အသေးစိတ်သိရှိလိုလျှင် ဖုန်း-၀၉-၄၃၂၀၂၂၂၁၊ ၀၉-၂၅၀၀၇၃၉၉၇တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဆိုင်ခန်းလေလံတင်ငှားရမ်းရေးအဖွဲ့
ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်

ပြောင်းရွှေ့ဖွင့်လှစ်ခြင်း

ယခင် မေခအိမ်ရာ B.O.C မှတ်တိုင်အနီးရှိ **ကုံးထက်** ကြက်ဆီထမင်းနှင့် နှင်းပုလဲရေခဲမုန့်ဆိုင်ကို **ယခု** Junction ဇေနနှင့် K.B.Z ဘဏ်အနီး သုမင်္ဂလာလမ်း အမှတ် (၂/၀၀၄)သို့ ပြောင်းရွှေ့ဖွင့်လှစ်လိုက်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။ အလှူမင်္ဂလာပွဲနေ့ပွဲထိုင်များအတွက် စိတ်တိုင်းကျဆောင်ရွက်ပေးနေပါသည်။

ဖုန်း-၀၉-၇၃၀၈၆၆၄၂၊ ၀၉-၅၀၃၈၂၁၀၊ ၀၉-၅၄၁၇၈၆၈

မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း
Myanmar Paddy Producers Association
ပထမအကြိမ် နှစ်ပတ်လည်အထွေထွေအစည်းအဝေး

ဖိတ်ကြားစာ

၁။ မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း (MYANMAR PADDY PRODUCERS ASSOCIATION) ကို ၆-၁၂-၂၀၁၂ရက်စွဲပါ ကုမ္ပဏီ မှတ်ပုံတင်လက်မှတ် အမှတ် ၃၆၈၁/၂၀၁၂-၂၀၁၃နှင့် အသင်းမှတ်ပုံတင်ခွင့်လိုင်စင်အမှတ် ၆၀/၂၀၁၂-၂၀၁၃ဖြင့် တရားဝင်ဖွဲ့စည်းနိုင်ခဲ့ပါသည်။
၂။ မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း (MPPA) ၏ ပထမအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို အောက်ဖော်ပြပါအတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် အသင်းဝင်များ မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၂၀၁၄ခုနှစ် မတ် ၅ရက် (ဗုဒ္ဓဟူးနေ့)
ကျင်းပမည့်အချိန် - နံနက် ၁၀း၃၀နာရီ
(၁၀း၀၀နာရီတွင် နေရာယူပါရန်)
ကျင်းပမည့်နေရာ - Myanmar Convention Center၊
မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း
အမှတ် ၂၉၊ ငါးလွှာ၊ UMFCCI Office Tower,
မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊
ဖုန်း-၀၁-၂၁၄၈၄၁၊ ၀၁-၂၁၄၈၄၂

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(တင်ဒါပိတ်ရက်တိုးမြှင့်သတ်မှတ်ခြင်း)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများအား ဝယ်ယူရရှိနိုင်ရန်(၃/၂၀၁၄)ကြိမ်မြောက်အဖြစ် ၅-၂-၂၀၁၄ ရက်မှစတင်၍ ပြည်တွင်းထုတ်နိုင်ငံပိုင်သတင်းစာများမှ အိတ်ဖွင့်တင်ဒါ ခေါ်ယူထားပြီးဖြစ်ပါသည်။
၂။ အဆိုပါအိတ်ဖွင့်တင်ဒါများအနက် တင်ဒါအမှတ် IFB-184(2013-2014)Assorted Sizes of Seamless Casing(10)Items အား လုပ်ငန်းလိုအပ်ချက်အရ ပစ္စည်းအမျိုးအမည်/အရေအတွက်/ပစ္စည်းအရည်အသွေး/စံချိန်စံညွှန်းများ ပြည့်စုံစွာ ထပ်မံဖြည့်စွက်မည်ဖြစ်ပါ၍ တင်ဒါပိတ်ရက်အား ၂၆-၃-၂၀၁၄ ရက် ၁၆း၃၀ နာရီအထိ တိုးမြှင့်သတ်မှတ်ကြောင်းနှင့် တင်ဒါပုံစံအသစ်များအား ၂၆-၂-၂၀၁၄ရက်မှ စတင်ဝယ်ယူရရှိနိုင်ကြောင်း ကြေညာအပ်ပါသည်။
၃။ တင်ဒါပုံစံဝယ်ယူရရှိပြီးသူများအနေဖြင့် ၂၆-၂-၂၀၁၄ရက်မှစတင်၍ တင်ဒါပုံစံအသစ်များနှင့် ပြန်လည်လဲလှယ်ရန် မေတ္တာရပ်ခံအပ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇/၄၁၁၂၀၆

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ကွမ်းခြံကုန်းကျေးရွာ၊ ကွင်းအမှတ် ၆၄၄/ဘီ၊ ဦးပိုင်အမှတ် ၅၄/၁၊ ဧရိယာ ၁ ဒသမ ၈၃ ဧကအနက်(မခွဲမစိတ်ရသေးသောမြေ၏ တစ်စိတ်တစ်ဒေသ)မြေအမျိုးအစား-ဥယျာဉ်မြေ၊ ဦးဘိုဝင်း အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ အရပ်ကတိစာချုပ်အဆက်ဆက်အရ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဦးသန်းအေး ၁၂/သလန(နိုင်)၀၆၆၄၂၂ မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကောင်းမြတ်ဇော် | **ဦးသန့်ဇော်**
အထက်တန်းရှေ့နေ(စဉ်-၃၇၂၂၅) | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**
အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မန်ကျည်းသီးမှည့်ပေါ်ချိန် နယ်လှည့်မန်ကျည်းသီးဆွတ်ရောင်းသူများ အဆင်ပြေ

မလှိုင် ဖေဖော်ဝါရီ ၂၂

အညာဒေသ မန်ကျည်းသီးမှည့် ပေါ်ချိန်သည် တောင်သူလုပ်ငန်းများ နားချိန်နှင့် တိုက်ဆိုင်နေသဖြင့် ဒေသခံများ အပိုဝင်ငွေရရှိအောင် ရာသီပေါ် မန်ကျည်းသီးမှည့်များ လှည့်လည်ဆွတ်ခူး ရောင်းချနေကြသဖြင့် ဝင်ငွေရအဆင်ပြေနေကြောင်း သိရသည်။

မန်ကျည်းပင်သည် အညာဒေသတွင် ပေါများစွာ ပေါက်ရောက်ပြီး အရွက်နုပေါ်ချိန်တွင် အရွက်၊ အပွင့်ဖူးချိန်တွင် မန်ကျည်းပွင့်၊ အသီးသီးချိန်တွင် မန်ကျည်းသီးစိမ်းစသည်ဖြင့် ရာသီအလိုက် အရွက်၊ အပွင့်၊ အသီးများကို ဆွတ်ခူးရောင်းချခြင်းဖြင့် ဒေသခံတို့အတွက် အပိုငွေရရှိစေပြီး စားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေပေသည်။ တပို့တွဲ၊ တပေါင်းယခုအချိန်ကာလသည် မန်ကျည်းသီးမှည့် ပေါ်ချိန်ဖြစ်၍ မန်ကျည်းသီးမှည့်ဆွတ်ခူးရောင်းသူများ ဝင်ငွေကောင်းနေပြီး မိမိဒေသတွင်သာမက တခြားအရပ်ဒေသများသို့ပါ သွားရောက်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

မန်းကျည်သီးမှည့်များ ရွေးချယ်နေကြစဉ်။

"ကျွန်မတို့အဖွဲ့က ခြောက်ယောက်ရှိပါတယ်။ သဲကန်ကျေးရွာက လာဆွတ်တာပါ။ အပင်ပေါ်တက်ဆွတ်တဲ့သူက ဆွတ်တယ်၊ ကျန်တဲ့သူကမြေကြီးပေါ်ကျလာတဲ့အသီးကို ကောက်တယ်။ နံနက်ခင်းပိုင်းကိုဆွတ်ပြီး နေ့ခင်းပိုင်းနေပူချိန် အရိပ်မှာ အခွံချွတ်တယ်။ အကြော(အမျှင်)ဆွဲတယ်။ အကြောဆွဲပြီးသား တစ်ပိဿာကို ငွေကျပ် ၄၅၀ ရောင်းရတယ်။ ထုဖတ် (အစေ့ထုတ်ပြီး) တစ်ပိဿာကို ငွေကျပ်၈၅၀ ရောင်းရတယ်။ ကျွန်မတို့ကငွေမြန်မြန်ပေါ်အောင်လို့ အကြောဆွဲပဲရောင်းပါတယ်။ အရင်းအနှီးတတ်နိုင်လို့ ထုဖတ်လှောင်ထားနိုင်ရင်တော့ ပိုအကျိုးရှိပါတယ်။ မန်ကျည်းပင်ကို အသီး အနည်းအများကြည့်ပြီး အပင်ပြတ်လည်း ဝယ်ဆွတ်ပါတယ်။ အပင်ပိုင်ရှင်နှင့် တစ်ယောက်တစ်ဝက် ခွဲဆွတ်တာမျိုးလည်း လုပ်ပါတယ်။ ရလာတဲ့ အကျိုးအမြတ်ကိုလည်း ခြောက်ယောက် အညီအမျှ ခွဲယူပါတယ်။ ဆွတ်ရတဲ့အပင်အနည်းများပေါ်မူတည်ပြီး အကျိုးအမြတ်ရရှိပါတယ်" ဟု သဲကန်ကျေးရွာမှ မစိုးစိုးနှင့် မမိုးမိုးတို့က ပြောပြသည်။

အောင်ဌေး(မလှိုင်)

သတင်းတို

ဆေးပညာနှီးနှောဖလှယ်ပွဲကျင်းပ

ဆေးတက္ကသိုလ်(မန္တလေး)နှင့် Stanford University, School of Medicine (USA) တို့ပူးပေါင်း၍ စဉ်ဆက်မပြတ်ဆေးပညာသင်ကြားရေးကို ဦးတည်သောအားဖြင့် Symposium on an Introducation to Emergency Medicine အရေးပေါ်ကုသခြင်းဆိုင်ရာ ဆေးပညာခေါင်းစဉ်ဖြင့် ဆေးပညာ နှီးနှောဖလှယ်ပွဲကို ဆေးတက္ကသိုလ်(မန္တလေး)၊ အောင်ပင်လယ်ခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဆေးတက္ကသိုလ်(မန္တလေး)ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာတင်မောင်ဟန်က အမှာစကားပြောကြားပြီး Stanford University, School of Medicine မှ တွဲဖက်ပါမောက္ခ Dr.S-V-Mahadevan က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် အရေးပေါ်ကုသခြင်းဆိုင်ရာ ဆေးပညာနှီးနှောဖလှယ်ပွဲအစီအစဉ်များကို Stanford University, School of Medicine (USA) မှ တွဲဖက်ပါမောက္ခ၊ လက်ထောက်ပါမောက္ခနှင့်ဆရာဝန်သုံးဦးတို့က ဦးဆောင်ဆွေးနွေးပို့ချကြသည်။ အဆိုပါဆေးပညာနှီးနှောဖလှယ်ပွဲသို့ မန္တလေးမြို့ပေါ်ရှိ ဆရာဝန် ၂၇၀ တက်ရောက်ဆွေးနွေးကြကြောင်း သိရသည်။

တင်မောင်(မန္တလေး)

မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေး

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်လင်းအောင်နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၁၉ ရက် ညနေ ၃ နာရီက မကွေးမြို့ (၁၅)ရပ်ကွက်ရှိ မီးသတ်ရေလှောင်ကန်များနှင့် စည်ပင်သာယာဌာနပိုင် ရေစက်များသို့ မကွေးမြို့တွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လှည့်လည်စစ်ဆေးခဲ့သည်။

မကွေးမြို့တွင် မြို့နယ်မီးသတ်ဦးစီးဌာန၌ မီးသတ်ကားခုနစ်စီး၊ အမှတ်(၂) မီးသတ်စခန်းခွဲ၌ မီးသတ်ကားတစ်စီး၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က လှူဒါန်းထားသော GBS ထော်လာဂျီမီးသတ်ကားသုံးစီးရှိကြောင်း၊ မကွေးမြို့ပေါ်မှ မီးသတ်ရန် အကူရေသယ်ယာဉ်ပေါင်း ၄၁ စီး၊ သန္နေမီးသတ်တပ်ဖွဲ့ဝင် ၃၉ ဦး၊ မြို့ပေါ်ရှိ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၂၅ ဦးရှိကြောင်း၊ မကွေးမြို့ပေါ် (၁၅)ရပ်ကွက်အတွင်း၌ ရေဂါလန် ၂၀၀၀ မှ ၂၀၀၀၀ ဂါလန်ဆံ့ မီးသတ်ရေလှောင်ကန်ပေါင်း ၄၇ ကန်နှင့် မီးသတ်ကား ရေထည့်နိုင်ရန် စည်ပင်သာယာရေစက် ရေတိုင်လေးခုရှိကြောင်း မကွေးမြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်သိန်းက ရှင်းလင်းပြသသည်။

တင်ထွန်းဦး(iprd)

နေ့စဉ်အက်စပရင်ဆေးသုံးစွဲမှုက သားအိမ်ကင်ဆာကာကွယ်နိုင်

အက်စပရင်ဆေးဝါးကို နေ့စဉ်သုံးစွဲသူ အမျိုးသမီးများတွင် သားအိမ်ကင်ဆာဖြစ်ပွားမှု ငါးပုံတစ်ပုံခန့်လျော့နည်းကျဆင်းနိုင်ကြောင်း သုတေသနသစ်များအရ သိရသည်။

အမေရိကန်အမျိုးသားကင်ဆာဌာနမှ သုတေသနပြုချက်အရ အက်စပရင်ဆေးဝါးသုံးစွဲသူ အမျိုးသမီး ၈၀၀၀ ခန့်နှင့် မသုံးစွဲသူ ၁၂၀၀၀ ခန့် တို့တွင် ရရှိခဲ့သော သုတေသန ၁၂ ခုမှ အချက်အလက်များကို မူတည်ပြီး အက်စပရင်ကို မည်သို့သုံးစွဲရမည်။ စတီးရွိုက်ဟော်မုန်းမပါသော၊ ရောင်ရမ်းမှုကို ကျစေသော ဆေးဝါးများနှင့် အက်ဆီတုန်းမိုဖင်ပါသော ဆေးဝါးများ၏ သားအိမ်ကင်ဆာဆိုးကျိုးအပေါ် မည်သို့ သက်ရောက်မှုရှိစေသည် စသည်တို့ကို ဆုံးဖြတ်ရန် လေ့လာမှုပြုခဲ့ကြသည်။

နှစ်စဉ်အမျိုးသမီး ၁၄၀၀၀ ကျော် အဆိုပါရောဂါဖြင့်သေဆုံးကြရ. . .

အက်စပရင်ကို နေ့စဉ်သုံးစွဲသူ အမျိုးသမီးများသည် တစ်ပတ်တစ်ကြိမ် သုံးစွဲသူများထက် သားအိမ်ကင်ဆာဖြစ်ပွားမှု ၂၀ ရာခိုင်နှုန်း ကျဆင်းစေကြောင်း သိရသည်။

အက်စပရင်ဆေးသည် အရေအတွက်များပြားလာသော ကင်ဆာရောဂါများနှင့် အခြားရောဂါများကို ကာကွယ်ရန်အတွက် အကူအညီပေးနိုင်ကြောင်း သုတေသန ပညာရှင်များကဆိုသည်။

အက်စပရင်သည် နှလုံးရောဂါကို ကာကွယ်ခြင်းသာမက သားအိမ်ကင်ဆာကိုလည်း ကာကွယ်နိုင်ကြောင်း သုတေသနပြုချက်များတွင် တွေ့ရှိရသည်ဟု အမျိုးသားကင်ဆာဌာန၏ ကင်ဆာရောဂါကူးစက်ဌာနမှ Britton Trabertm အမျိုးသားကျန်းမာရေးဌာနများ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

အက်စပရင်ကို နေ့စဉ်သုံးစွဲခြင်းသည် အစာခြေလမ်းကြောင်းတွင်း သွေးယိုစီးမှုသို့မဟုတ် သွေးယိုစီးပြီး လေဖြတ်မှုကဲ့သို့ ဘေးထွက်ဆိုးကျိုးများ ခံစားရနိုင်သည်ဟု လေ့လာမှုကိုတင်ပြသူများက ဆိုသည်။ အက်စပရင် ဆေးကို နေ့စဉ်သုံးစွဲခြင်းမပြုမီ ဆရာဝန်၏ အတည်ပြုချက်များရယူရန် လိုအပ်ကြောင်းလည်း တင်ပြထားပါသည်။

အမေရိကန် ပြည်ထောင်စုတွင် သားအိမ်ကင်ဆာကြောင့် ရောဂါရှာဖွေမှုခံယူသူအမျိုးသမီး ၂၀၀၀၀ ကျော်ရှိသည်။ နှစ်စဉ်အမျိုးသမီး ၁၄၀၀၀ ကျော် အဆိုပါရောဂါကြောင့် သေဆုံးကြရကြောင်း သိရသည်။

လပြည့်သော်တာ

စက်မှုဝန်ကြီးဌာန
အထည်အလိပ်လုပ်ငန်း
စက်ရုံ(၃)ရုံ ငှားရမ်းဆောင်ရွက်ရန်အတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ အောက်ဖော်ပြပါ စက်ရုံ(၃)ရုံတို့အား ငှားရမ်းရေးဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသူ ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

(က) အမှတ်(၃) အထည်စက်ရုံ(စစ်ကိုင်း)နှင့် [ဝါကြိတ်စက်ရုံ(စစ်ကိုင်း)အပါအဝင်] — 1 Lot

(ခ) အမှတ်(၄) အထည်စက်ရုံ(ပွင့်ဖြူ)နှင့် [ဝါကြိတ်စက်ရုံ(ကံသာကြီး)၊ (ရောက်တော)၊ (မင်းလှ)၊ (စလင်း)အပါအဝင်] — 1 Lot

(ဂ) အမှတ်(၆) အထည်စက်ရုံ(ဆားလင်းကြီး)နှင့် [ဝါကြိတ်စက်ရုံ(မြင်းမူ)၊ (ပုလဲ)အပါအဝင်] — 1 Lot

၂။ လုပ်ငန်းများကျယ်ကျယ်ပြန့်ပြန့်နှင့် လျင်မြန်ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါပေးသွင်းရန်အတွက် စက်မှုဝန်ကြီးဌာန၏ website:www.industry.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၃။ တင်ဒါဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တင်ဒါပုံစံရောင်းချမည့် ရက်/နေရာ - ၂၄-၂-၂၀၁၄ ရက်
(၁) အထည်အလိပ်လုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်
(၂) အထည်အလိပ်လုပ်ငန်း(ရုံးခွဲ) ယခင်အထည်ချုပ်စက်ရုံ အမှတ်(၂၇)၊ အမှတ်(၁)၊ သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

(ခ) တင်ဒါပိတ်မည့်ရက်/အချိန် - ၁၇-၃-၂၀၁၄ ရက်

(ဂ) တင်ဒါတင်သွင်းရမည့်နေရာ - အထည်အလိပ်လုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်

၄။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် စုံစမ်းနိုင်ပါသည်-

ဆက်သွယ်ရမည့်လိပ်စာ အပြည့်အစုံ - ညွှန်ကြားရေးမှူး၊ ပစ္စည်းစီမံရေးဌာန အထည်အလိပ်လုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၇၊ နေပြည်တော်၊

ဆက်သွယ်ရန်ဖုန်း - ၀၆၇-၄၀၈၁၈၅၊ ၄၀၈၃၃၈၊ ၄၀၈၁၅၆

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ရန်ကုန်ပြည်သူ့ဆေးရုံကြီး
ဆေးရုံအုပ်ကြီးရုံး
အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ဟောင်းနွမ်းပျက်စီး၍ စာရင်းမှပယ်ဖျက်တော့မည့် အောက်ဖော်ပြပါစက်ပစ္စည်း သုံးမျိုးနှင့် သံထည်ပစ္စည်းတစ်မျိုးကို မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

(က) ဓာတ်မှန်စက် (၇)လုံး
(ခ) Ultrasound စက် (၇)လုံး
(ဂ) CT စက် (၁)လုံး
(ဃ) ဘွိုင်လာ (အချင်း ၈'အရှည် ၂၂' (၃)လုံးနှင့် ဆက်စပ်ပစ္စည်းများ
(င) ဆေးရုံသုံးပစ္စည်းအဟောင်းသံတိုသံစများ

၂။ လေလံပုံစံနှင့် စည်းကမ်းချက်များအား ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီးရုံးတွင် ၂၁-၂-၂၀၁၄ရက်မှစ၍ လာရောက်ဝယ်ယူနိုင်ပြီး ၃-၃-၂၀၁၄ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်လေလံတင်သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ချိန်ထက် နောက်ကျသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး

စောမွန်လှ ဆွေတော်မျိုးတော်များ အဋ္ဌမအကြိမ်မြောက် စုပေါင်းရှင်ပြုပွဲ ပါဝင်လှူဒါန်းနိုင်ပါသည်

မန္တလေးမြို့၊ နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မြတောင်တိုက် ရွှေဝါဝင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသာသနာဘိဝံသအား ဦးထိပ်ထားလျက် မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ် မန္တလေး-ပြင်ဦးလွင်ကားလမ်းနံဘေး ဘိုးတော်နတ်နန်းအကျော် တံတားဖြူထိပ် စောမွန်လှ ပေါ်တော်မူ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအတွင်းရှိ သစ္စာအဓိဋ္ဌာန်အောင် ဆုတောင်းပြည့်မြတဘက်ဘုရားအမကြီး ဘုရင်အနော်ရထာမိဖုရားစောမွန်လှအား အမှူးထားရည်စူး၍ ဆွေတော်မျိုးတော်များမှ အဋ္ဌမအကြိမ်မြောက် ၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ရက်၊ ၂၃-၃-၂၀၁၄ရက်(တနင်္ဂနွေနေ့)တွင် သင်္ကန်းပရိက္ခရာ စုံလင်စွာနှင့်ရဟန်းအပါး ၁၀၀၊ ရှင်သာမဏေအပါး ၁၀၀နှင့်သီလရှင်အပါး ၁၀၀၊ စုပေါင်းအပါး ၃၀၀ ဝတ်ပွဲတို့ကို မြတဘက်နဂါးကိုးကောင်ဘုရားရင်ပြင်ပေါ်တွင် မြတဘက်နဂါးကိုး ကောင်ဆရာတော်မှ ဦးဆောင်၍ စုပေါင်းလှူဒါန်းမည့် ရှင်ပြုအလှူပွဲနှင့်သီလရှင်ဝတ်ပွဲ၌ အမတော်စောမွန်လှ၊ နဂါးမယ်တော်တို့နှင့် ပဋ္ဌာန်းဆက်ပါသော ဆွေတော်မျိုးတော်များမှ သာသနာ့ဒါယကာ၊ သာသနာ့ဒါယိကာမအဖြစ် သာသနာ့အမွေခံယူလှူဒါန်းလိုပါက ရှင်တစ်းပါးလျှင် ၁၈၀၀၀ကျပ်(တစ်သောင်းရှစ်ထောင်ကျပ်)နှင့် ရေစက်ချမင်္ဂလာသို့ ကြွတော်မူမည့် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းအစုစုတို့ကို ဆက်ကပ်လှူဒါန်းလိုကြသော စေတနာရှင်များအနေဖြင့် ဖုန်း-၀၉-၄၀၂၅၂၃၃၆၊ ၀၉-၄၀၃၇၀၆၈၆၀၊ ၀၉-၄၃၀၇၂၉၁၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

ကျေးဇူးဆပ်ပါမည်

ကျွန်မ ဒေါ်ဆန်းသော် ၇/ဖမန(နိုင်) ၁၇၈၉၆၄ ၏ မြန်မာနိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် ကျေးဇူးဆပ်ပါမည်။

ဘန်းလောင်ကျေးရွာအုပ်စု၊မန်ကျည်းကုန်းမြောက် ဖြူးမြို့နယ်၊ ဖုန်း-၀၉-၂၅၀၁၁၀၅၆၉

အမည်မှန်

ဦးအောင်လှ၏သမီး လားရှိုးမြို့ အလက(၇) သတ္တမတန်းမှ ကျောင်းဝင်အမှတ် (၁၉၃၃) မဖြူနွယ်ထွေး၏ မိခင်အမည်မှန်မှာ ဒေါ်မာတွမ်ဖြစ်ပါကြောင်း။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

စီးပွားရေး

သီလဝါအထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံရန် ရှယ်ယာတစ်ခု ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ရောင်းချသွားမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်တွင် တည်ရှိသည့်သီလဝါ အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အများပြည်သူများဝင်ရောက် ရင်းနှီးမြှုပ်နှံနိုင်ရန်အတွက် စုစုပေါင်း ရှယ်ယာအရည်အတွက် ၂ ဒသမ ၁၄၅ သန်းကို ရှယ်ယာတစ်ခုလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ ရှယ်ယာများကို သီလဝါ အထူးစီးပွားရေးဇုန်ကို ရင်းနှီးတည်ဆောက်သည့် မြန်မာ-ဂျပန်သီလဝါ ဖွံ့ဖြိုးတိုးတက်ရေးလီမိတက်တွင်ပါဝင်သော မြန်မာအများပိုင်ကုမ္ပဏီတစ်ခု ဖြစ်သည့် မြန်မာ-သီလဝါ SEZ Holding Public Limited မှ ရောင်းချပေးသွားခြင်းဖြစ်ကြောင်း သိရသည်။

ယင်းရှယ်ယာများကို မြန်မာနိုင်ငံသားတစ်ဦးတစ်ယောက်ချင်းကိုသော်လည်းကောင်း၊ မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီတစ်ခုချင်းကို သော်လည်းကောင်း ရောင်းချသွားမည်ဖြစ်ကြောင်း၊ စီးပွားဖြစ်ရှယ်ယာအမြောက်အမြားဝယ်ယူခြင်းမရှိသည့်သူများကို ဦးစားပေး၍ ၎င်းတို့အဆိုပြုလွှာတွင်ထည့်သွင်း ဖော်ပြထားသည့် ရှယ်ယာအရေအတွက်အတိုင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ကျန်ရှိသည့် ရှယ်ယာအရေအတွက်ကို ရှယ်ယာများများ ဝယ်ယူရန်အဆိုပြုသူများကို နိုင်ငံတကာထုံးစံနှင့်အညီ Pro-rata စနစ်ဖြင့် အချိုးကျရောင်းချပေးသွားမည်ဟုသိရသည်။ မြန်မာအများပိုင် ကုမ္ပဏီ (Myanmar Thilawa SEZ Holdings Public Limited)၏ ရှယ်ယာများရောင်းချရန် ၂၀၁၄ ခုနှစ် မတ်လတွင် သတင်းစာများမှ ကြော်ငြာ၍ အများပြည်သူတို့အား စတင်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရှယ်ယာအမြတ် (Dividend) ကို မြန်မာနိုင်ငံမှာကဲ့သို့ ၂၀-၃၀ ရာခိုင်နှုန်း ပေးသည့်အလေ့အထ နိုင်ငံတကာတွင်မရှိကြောင်း၊ အမြတ်ရှိလျှင်ပင် အရန်အမြတ်ငွေ (Reserve or retained earnings) အဖြစ်ထားရှိ၍ ကျန်ရှိသည့် အမြတ်ငွေများကိုသာ Dividend အဖြစ်ခွဲဝေလေ့ရှိကြောင်း၊ ထို့ကြောင့် ရှယ်ယာဝယ်ယူသူများကလည်း အမြတ်ငွေထက် ရှယ်ယာတန်ဖိုးမြင့်တက်ခြင်း (share appreciation) ကို အဓိကမျှော်ကိုး၍ ဝယ်ယူမှုပိုများကြောင်း သိရသည်။

> အစုရှယ်ယာပေါင်း ၂ ဒသမ ၁၄၅ သန်းကို ကြေညာတဲ့ရက်ကစပြီး တစ်လအတွင်း ဝယ်ယူနိုင် . . .

၎င်းရှယ်ယာများ ရောင်းချရာတွင် ထင်သာမြင်သာဖြစ်စေရန် စီမံကိန်း သတင်းအချက်များ၊ ကုမ္ပဏီ၏ သတင်းအချက်အလက်နှင့် လုပ်ဆောင်ချက်များ၊ ရှယ်ယာနှင့်ပတ်သက်သည့် အချက်အလက်များနှင့် ရောင်းချရမည့် အစီအစဉ်များပါဝင်သည့် လမ်းညွှန်စာအုပ် (Prospectus) ကို ဖြန့်ဝေပေးမည်ဖြစ်ပြီး နိုင်ငံပိုင်သတင်းစာ အပါအဝင် သတင်းမီဒီယာများမှ ကြော်ငြာများ ထည့်သွင်း၍ ရောင်းချသွားမည်ဟု သိရသည်။

သီလဝါ အထူးစီးပွားရေးဇုန်၏ ကနဦးတည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် စိတ်ဝင်စားမှုလျှောက်လွှာများကို ၂-၆-၂၀၁၃ ရက်တွင် နိုင်ငံပိုင်သတင်းစာမှ ခေါ်ယူပြီး ၃၀-၈-၂၀၁၃ ရက်တွင် တင်ဒါခေါ်ယူ၍ ၁၀-၁၀-၂၀၁၃ ရက်တွင် တင်ဒါ ရွေးချယ်ခဲ့ကြောင်း သိရသည်။

အဆိုပါ တင်ဒါဖြင့်ရွေးချယ်ခြင်းခံရသည့် မြန်မာ-ဂျပန်ပုဂ္ဂလိကဖက်စပ်ကုမ္ပဏီတစ်ခုဖြစ်သည့် Penta-Suntac ကုမ္ပဏီမှနေ၍ သီလဝါ အထူးစီးပွားရေးဇုန်၏ ကနဦး ဆောက်လုပ်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

"သီလဝါအထူးစီးပွားရေးဇုန်ကို ရင်းနှီးတည်ဆောက်သူ (Developer) အနေနဲ့ ပါဝင်မှာက မြန်မာ-ဂျပန် ပုဂ္ဂလိကနဲ့အစိုးရတို့ ပူးပေါင်းဖွဲ့စည်းထားတဲ့ Myanmar Japan Thilawa Development Limited က ရင်းနှီးတည်ဆောက်သွားမယ်။ အဲဒီမှာ မြန်မာဘက်က မြန်မာအစိုးရကိုယ်စားပြု သီလဝါ အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီနဲ့ မြန်မာပုဂ္ဂလိကကဏ္ဍကိုယ်စားပြု အများပိုင်ကုမ္ပဏီပါဝင်မယ်။ ဂျပန်ဘက်မှာက ဆူမိတိုမိုကုမ္ပဏီ၊ မစ်ဆူဘီရှိကုမ္ပဏီနဲ့ မာရူဘီနီကုမ္ပဏီကြီးသုံးခုဦးဆောင်တဲ့ MMS Thilawa Development Co.,Ltd. နဲ့ ဂျပန်အစိုးရကိုယ်စားပြု ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JICA တို့ ပါဝင်မယ်" ဟု မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်က ပြောကြားသည်။

"အစုရှယ်ယာပေါင်း ၂ ဒသမ ၁၄၅ သန်းကို ကြေညာတဲ့ရက်ကစပြီး တစ်လအတွင်း ဝယ်ယူနိုင်ပါတယ်။ လူတစ်ဦးကို တစ်စုကနေစဝယ်နိုင်တယ်။ တစ်နိုင်ငံလုံးအနှံ့ကို ရောင်းချမှာဖြစ်ပါတယ်" ဟု ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က ပြောကြားသည်။

ရှယ်ယာများ ရောင်းချရာတွင် ကုမ္ပဏီနှင့်သဘောတူညီမှုရရှိထားသော ဧရာဝတီဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ်၊ သမဝါယမဘဏ်၊ ရိုးမဘဏ်နှင့် ကမ္ဘောဇဘဏ်လီမိတက်တို့၏ မြန်မာနိုင်ငံအနှံ့ရှိ သတ်မှတ်ထားသော ဘဏ်ခွဲအသီးသီးမှနေ၍ အဆိုပြုလွှာများ လက်ခံကာ မည်သူမဆို ရောင်းချပေးသွားမည်ဟု သိရသည်။

သီလဝါအထူးစီးပွားရေးဇုန်တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် စတင်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၅ ခုနှစ် နှစ်လယ်ပိုင်းမှစတင်၍ စီးပွားဖြစ်လည်ပတ်နိုင်မည်ဟု သိရသည်။

မြတ်စန္ဒီသင်းဇော်

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၃-၂၀၁၄ ခုနှစ် ဘတ်ဂျက်ရန်ပုံငွေဖြင့် ငါန်းမြာ-ဒုံဒင်ကျေးရွာချင်းဆက် မြေသားလမ်းအရှည် နှစ်မိုင် နှစ်ဖာလုံ မြေသားလမ်းခင်းခြင်းကို KINETIC-ARTS ကုမ္ပဏီသို့ အပ်နှံခင်းကျင်းဆောင်ရွက်လျက်ရှိသည်။ အဆိုပါ မြေသားလမ်းခင်းပေးခြင်းကြောင့် ကျေးရွာပေါင်း ၁၀ ရွာရှိပြည်သူများ လမ်းပန်းဆက်သွယ်ရေး လွယ်ကူအဆင်ပြေချောမွေ့စေမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)သို့ အလှူငွေလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၂

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)၏ (၁၅)ကြိမ်မြောက် နှစ်ပတ်လည် ဗဟိုကော်မတီအစည်းအဝေးကို ဖေဖော်ဝါရီ ၁၄ ရက်က ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်းနှင့်ဟံသာဝတီလမ်းထောင့်ရှိ မူးယစ်ပြတိုက်၌ ကျင်းပသည့် အခမ်းအနားတွင် ကျေးဇူးရှင် မိဘများဖြစ်ကြသော (ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို)-ဒေါ်ခင်လေးမြင့်တို့အား ဦးထိပ်ထား၍ သားအလှူရှင်ဦးကျော်စွာ မိသားစုက ငွေကျပ် ၂၅၀၀၀၀ ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးစိုးဝင်း(ရဲချုပ်ငြိမ်း)က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်းသိရသည်။

မောင်ရွှေဝင်း(ပြည်)

အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ ဆင်ဖြူကျွန်းမြို့၊ ပိုးအရှေ့ရပ်နေ ဦးအောင်ငြိမ်း၏သား ဦးဥက္ကာ ၈/စလန(နိုင်)၀၇၉၈၁၃အား ယနေ့မှစ၍ ဦးဥက္ကာဟု ပြောင်းလဲခေါ်ပါရန်။ **ဦးဥက္ကာ**

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
စလင်းမြို့နယ် တရားရုံးတော်၌
၂၀၁၃ ခုနှစ် တရားမမူလမှုအမှတ်-၉၇

မခင်ပြုံးရင် နှင့် ၁။ ဦးသန်းစိုး
၂။ ကိုစိုးမြတ်ကြူ

တရားလို **တရားပြိုင်များ**

အထက်ပါအမှုမှ (၂)တရားပြိုင် ကိုစိုးမြတ်ကြူ (စလင်းမြို့နယ်၊ မြောက်ဇီးကုန်းကျွန်းကျေးရွာအုပ်စု၊ ရေနားတန်းရွာ)နေ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုမခင်ပြုံးရင်က တရားပြိုင်များထံမှ ၄က်ပျောသီးဝယ်ယူရန် အကြောင်းပြပြီး ချေးယူသွားသောအတိုးမဲ့ငွေ ၁၀၀၀၀၀၀/-(ကျပ်ဆယ်သိန်း)အား ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် မတ် ၁၂ရက် (၁၃၇၅ ခုနှစ် တပေါင်းလဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါ ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(လင်းလင်းထိုက်)
ဒုတိယမြို့နယ်တရားသူကြီး၊ စလင်းမြို့နယ်တရားရုံး

သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါရန်

အနန္တကျေးဇူးရှင်မိဘနှစ်ပါးအား အမှူးထား၍ ၂၂-၂-၂၀၁၄ရက်တွင် ပဲခူးတိုင်းဒေသကြီး အင်းတကော်မြို့နယ်၊ ကြက်မောက်ကုန်းတောင်ပေါ်တွင် တည်ရှိသော မိုးကုတ်၊ ဇနိတာရာမတောရကျောင်းတိုက်ကြီးအတွင်း တည်ဆောက်ပူဇော်ဆဲဖြစ်သော သဗ္ဗညုဘုရားကြီးသို့ အလှူတော်ငွေလှူဒါန်းခြင်း၊ အမျိုးသားယောဂီဆောင်တစ်ဆောင်၊ အမျိုးသမီးယောဂီဆောင်တစ်ဆောင် ဆောက်လုပ်လှူဒါန်းခြင်း၊ ဘုန်းဘုန်း ဦးဇနိတာလင်္ကာရ(နာယကချုပ်၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်)နှင့် ဓမ္မကထိက ဆရာတော်များအား သိက္ခာထပ်ခြင်းမင်္ဂလာနှင့် နဝကမ္မဝတ္ထုငွေလှူဒါန်းခြင်း၊ တရားဝင်ယောဂီများအား တစ်နေ့တာဆွမ်းနှင့် ဝတ္ထုပစ္စည်းများလှူဒါန်းရခြင်း အစုစုတို့ကို ၃၁ဘုံသားအားလုံးတို့အား ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုနိုင်ပါရန် အမျှပေးဝေ လိုက်ရပါသည်။

သား - ကိုသန့်နိုင်ထက် (ဒု-အကောက်ခွန်မှူး-ငြိမ်း)
သမီး - ဒေါက်တာတင်ဝါဝါဝင်း MBBS, MRCPCH (UK)
Paediatrician (Charitable Service- **ကုမာရရာမ** Free Monastiry Education
Centre-Aung Thidi Road, State 3, Ma Yan Gone Township)
အမှတ် ၇၂-အောင်သုခလမ်း၊ သီရိရတနာရိပ်သာ၊ သင်္ဃန်းကျွန်း။

အမည်ပြောင်း

ဦးခင်မောင်ဝင်း၏ သား၊ သမီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့၊ အထက နဝမတန်းမှ မောင်ဘုန်းလတ်အား မောင်ဘုန်းမြတ်သော်နှင့် မလင်းလက်မော်အား မလင်းလက်အိမ်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဘုန်းမြတ်သော်နှင့် မလင်းလက်အိမ်**

ဖခင်အမည်မှန်

တမူးခရိုင်၊တမူးမြို့နယ် ပွတ်သာကျေးရွာ အလက(ခွဲ) သတ္တမတန်းမှ မောင်ချမ်းထက်ဇော်နှင့် ပဥ္စမတန်းမှ မောင်မင်းထက်ဇော်တို့၏ ဖခင်အမည်အမှန်မှာ ဦးမြင့်လွင် ဖြစ်ပါကြောင်း။ **ဦးမြင့်လွင် ၅/တမန(နိုင်)၀၄၃၆၃၈**

ဖခင်အမည်မှန်

တမူးခရိုင်၊ တမူးမြို့နယ် ပွတ်သာကျေးရွာ အလက(ခွဲ) ဆဋ္ဌမတန်းမှ မရွှေယမင်းဦး၏ ဖခင်အမည်မှန်မှာ ဦးအေးလွင် ဖြစ်ပါကြောင်း။

ဦးအေးလွင် ၅/တမန(နိုင်)၀၄၃၆၆၆

ဖောင်ကြီးသူရ(၁၀)တွေ့ဆုံပွဲဖိတ်ကြားခြင်း

၁၉၇၆-၇၇ သူရ(၁၀)သင်တန်းဆင်းသူငယ်ချင်းများ တွေ့ဆုံပွဲကို ၄-၃-၂၀၁၄ရက်(အင်္ဂါနေ့)နံနက် ၁၀ နာရီတွင် ရွှေတိဂုံဘုရားမြောက်ဘက်မုခ်၊ သွေးဆေးကန်အနီး စစစဓမ္မာရုံဘေးရှိ မူလကမ္ဘာအေးကျောင်း၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲနှင့် ၎င်းနေ့ညနေ ၅ နာရီတွင် ဗဟန်းမြို့နယ် တော်လှန်ရေးပန်းခြံရှေ့၊ ဗဟန်း အားကစားကွင်းအတွင်းရှိ M3 Food Centre တွင် ပြုလုပ်မည့် မိတ်ဆုံစားပွဲကို အနယ်နယ်အရပ်ရပ်မှ ရောင်းရင်းသူငယ်ချင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ **တွေ့ဆုံပွဲကျင်းပရေးကော်မတီ**

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/၂)၊ မြေကွက်အမှတ်(၇၄/၂)၊ ဟင်္သာလမ်း၊ အကျယ်အဝန်း(၄၅ ပေ× ပေ ၃၀)၊ ၁၃၅၀(စတုရန်းပေ)ရှိ နှစ် ၆၀ ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့မြေစာရင်းတွင် အမည်ပေါက်သူ ဦးစိုးလွင်ထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းရုံး၊ အထွေထွေကိုယ်စားလှယ် လွှဲစာအမှတ်(၁၃၆၉၀/၂၀၁၂) အရ ဝယ်ယူပိုင်ဆိုင်ထားပြီး ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းကြောင်းနှင့်ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းကို စရန်ငွေအဖြစ် ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မွန်မွန်ချို LL.B **ဒေါ်အိမ့်ဖြူနိုင် LL.B,DBL,DML** **ဒေါ်ရတနာရွှေ LL.B,D.B.L**
အထက်တန်းရှေ့နေ **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**
(စဉ်-၂၃၂၉၉) **(စဉ်-၂၉၇၄၆)** **(စဉ်-၃၈၄၉၇)**

အာရှမြေ အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီ
အမှတ် ၁၈၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၃၉၄၄၁၅၊ ၃၉၄၄၁၆၊ ၀၉-၇၃၁၅၀၆၄၀

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

စိတ်ကြွရူးသွပ်ဆေးပြား၊ ဘိန်းစိမ်းနှင့်ဘိန်းရှုကိရိယာများ တာချီလိတ်၌ ဖမ်းဆီးရမိ

တာချီလိတ် ဖေဖော်ဝါရီ ၂၂

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့၌ ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က စိတ်ကြွရူးသွပ်ဆေးပြား၊ ဘိန်းစိမ်းနှင့်ဘိန်းရှုကိရိယာများ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု (၃၀) တာချီလိတ်မှ ရဲအုပ်စိုင်းခမ်းစိုင်းဦးစီး ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ တာချီလိတ်မြို့ ဟောင်လိတ်အုပ်စု ပါလှုံ(၂)ရပ်ကွက် ကွက်သစ်အာခါရွာရှိ အားလို့၏နေအိမ်ကို မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ငါးပြား၊ အလေးချိန် ၀ ဒသမ ၅ ဂရမ် ကာလတန်ဖိုးငွေကျပ် ၁၂၅၀၀ ကိုလည်းကောင်း၊ ဘိန်းစိမ်းအလေးချိန် ၁၀ ဂရမ်ပါတစ်ထုပ်၊ ကာလတန်ဖိုးငွေကျပ် ၁၀၀၀၀ နှင့် ဘိန်းရှုကိရိယာများကိုလည်းကောင်း ရှာဖွေတွေ့ရှိသဖြင့် သက်သေများရှေ့ ရှာဖွေပုံစံဖြင့် ဖမ်းဆီးခဲ့သည်။ **(အောက်ပုံ)**

အမှုမှ အားလို့ (၅၅နှစ်) ကွက်သစ် အခါရွာ ပါလှုံ (၂)ရပ်ကွက် ဟောင်လိတ်အုပ်စု တာချီလိတ်မြို့နေသူအား တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

ကျေးရွာများကိုဖြတ်၍ မြေသားလမ်းဖောက်လုပ်

တောင်ငူ ဖေဖော်ဝါရီ ၂၂

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရန်ပုံငွေဖြင့်ဆောင်ရွက်နေသော ထန်းတပင်မြို့နယ်ရှိ ကင်မွန်းချို-ညောင်ကားယား-သက်ကယ်ကုန်း ကျေးရွာများကိုဖြတ်၍ ဖောက်လုပ်ထားသည့် မြေသားလမ်းသည် ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်သည်။ **(အပေါ်ပုံ)** ယင်းမြေသားလမ်းသည် အမြင့်လေးပေ ခန့်ရှိပြီး မြေသားထိပ်ဝအကျယ် ၁၈ ပေ၊ အရှည်လေးမိုင်ခန့် ရှိသည်။ အဆိုပါ မြေသားလမ်းပတ်ဝန်းကျင်ရှိရွာများသည် အိမ်ထောင်စု ၁၅၀၀ ကျော်ရှိပြီး ဆန်စပါးစိုက်ပျိုးခြင်း၊ ရာသီစာသီးနှံများ စိုက်ပျိုးကြပြီး ရာသီချိန်တွင် ထန်းတပင်မြို့နယ်များနှင့် တောင်ငူမြို့နယ်များသို့ တင်ပို့ရောင်းချကြသည်။ မြေသားလမ်းဖောက်လုပ်ခြင်းကြောင့် ဒေသခံလယ်သမားတစ်ဦးက “ယခင်တုန်းက လှည်းလမ်းပဲရှိတာ၊ မိုးတွင်းဆိုရင် လယ်ကွင်းတွေ ယာခင်းတွေကိုဖြတ်ပြီးသွားလာရတာ ကျောင်းသားတွေအတွက် အခက်အခဲဖြစ်တယ်။ အခုဆိုရင် အဆင်ပြေပါတယ်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာတော့ စက်ဘီး၊ ဆိုင်ကယ်တွေနဲ့ စိတ်သွားတိုင်းကိုယ်ပါတာပေါ့၊ စီးပွားရေးတွေလည်း ဒီထက်ပိုကောင်း လာနိုင်ပါတယ်”ဟု ပြောကြားသည်။ ယင်းမြေသားလမ်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ငွေကြေး ၄၄ ဒသမ ၆ သန်းအကုန်အကျခံသုံးစွဲခဲ့ကြောင်းသိရသည်။ **သူရ(တောင်ငူ)**

စစ်တွေမြို့နယ်တွင် လူထုကျန်းမာရေးလုပ်သားသင်တန်းဖွင့်

စစ်တွေ ဖေဖော်ဝါရီ ၂၂

ကမ္ဘာ့ ကျန်းမာရေးအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော စစ်တွေမြို့နယ်လူထုကျန်းမာရေးလုပ်သားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက်က မင်းဂံကျန်းမာရေးဌာနခန်းမ၌ ကျင်းပသည်။ အဆိုပါသင်တန်းဖွင့်ပွဲသို့ ရခိုင်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးငြိမ်း၊ စစ်တွေဆေးရုံအုပ်ကြီး ဒေါက်တာအောင်ဆန်း၊ ဒုတိယ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်သူရိန်၊ စစ်တွေမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော့သာစိန်နှင့် မြို့နယ်ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ၊ NGO အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

စေတနာ့ဝန်ထမ်း လူထုကျန်းမာရေးလုပ်သားများသည် မြန်မာနိုင်ငံကျန်းမာရေးသမိုင်းတွင် ၁၉၇၇ ခုနှစ်မှ ယနေ့ထိ ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ကျန်းမာရေးဝန်ထမ်းများနှင့် လက်တွဲကာ ဆောင်ရွက်ပေးနေသည်မှာ ဆယ်စုနှစ်လေးခုနီးပါးရှိလာပြီဖြစ်ကြောင်း၊ နိုင်ငံတော်မှလစာမရရှိဘဲ ကိုယ့်စရိတ်နှင့်ကိုယ် ပြည်သူလူထုအား စေတနာစွမ်းအားဖြင့် ကျန်းမာရေးစောင့်ရှောက်ပေးသူများဖြစ်ကြောင်း၊ လေးစားဂုဏ်ပြုထိုက်သူ စံပြကျေးလက်စေတနာရှင်များဖြစ်ကြောင်း စသည်ဖြင့် ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးငြိမ်းက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးက သင်တန်းဖွင့်လှစ်ရခြင်းကို ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား သင်တန်းလက်စွဲစာအုပ်များ ပေးအပ်သည်။

> ပြည်သူလူထုအား စေတနာစွမ်းအားဖြင့် ကျန်းမာရေးစောင့်ရှောက်. . .

ကျေးလက်ဒေသ ကျန်းမာရေးစောင့်ရှောက်မှုကို အထောက်အကူပြုမည့် အဆိုပါလူထုကျန်းမာရေးလုပ်သားသင်တန်းကို စစ်တွေ၊ မြောက်ဦး၊ ကျောက်တော်၊ ပေါက်တော၊ မင်းပြားနှင့် မြေပုံမြို့နယ်များတွင် တစ်မြို့နယ်လျှင် ၃၅ ဦးစီဖြင့် ကျေးလက်တောရွာများမှ လူငယ်များအား သင်တန်း ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုကြီးစော**

ဂျပန်နိုင်ငံ G.G.P မှ ဆောက်လုပ်ပေးသော နှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်

မြိတ် ဖေဖော်ဝါရီ ၂၂

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြိတ်တောင်နယ်မြေ မြို့မ(၁)ရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် ဂျပန်နိုင်ငံအသေးစားစီမံကိန်းများ ထောက်ခံရေးအစီအစဉ် G.G.P မှ ဆောက်လုပ်ပေးသော နှစ်ထပ်ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲ ၂ နာရီက ကျင်းပရာ အဆိုပါ ကျောင်းဆောင်သစ်ရှေ့၌ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ ဒုတိယအတွင်းဝန် Mr.Keimaeda နှင့် မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးတို့က နှစ်ထပ်ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသော တာဝန်ရှိသူများက ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ ဒုတိယအတွင်းဝန် Mr.Keimaeda က ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မြိတ်ခရိုင်စု ဒုတိယခရိုင်ပညာရေးမှူး ဆရာကြီး ဦးတင်ရှိန်က အမှာစကားပြောကြား၍ ကျောင်းအုပ်ဆရာကြီး ဦးသိန်းဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ၎င်းနောက် ကျောင်းသားမိဘများ ကိုယ်စား ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးဇော်လွင်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ကျောင်းဆောက်လုပ်ရေးကန်ထရိုက် ဦးညီညီမောင်က ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို ပေးအပ်ရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင် ဦးထွန်းနိုင်ကလက်ခံယူပြီး ကျောင်းဆောင်သစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံများကို အပြန်အလှန်ပေးအပ်ကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

အဆိုပါ နှစ်ထပ်ကျောင်းဆောင်သစ်အာရ်စီကွန်ကရစ် နှစ်ထပ်သွပ်မိုး အလျားပေ ၁၂၀၊ အနံ ၃၂ ပေရှိပြီး စာသင်ခန်းပေါင်း ၁၀ ခန်းပါရှိသော ကျောင်းဆောင်ကို ဂျပန်နိုင်ငံ အသေးစား စီမံကိန်းများထောက်ခံရေး အစီအစဉ် G.G.P မှ FEC ၁၂၃၄၀၈ ဖြင့်ဆောက်လုပ်ပေးခဲ့ကြောင်း သိရသည်။ **မိုးဟိန်း(မြိတ်)**

မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီး ဦးသန်း(ဒလ-ပျော်ဘွယ်ကြီး)၏ လစဉ် ဝိပဿနာ တရားစခန်းဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၅၈)ရပ်ကွက်၊ ဦးဘညာဏ်လမ်း၊ အမှတ် ၈၈၈၊ ဓမ္မရသဓမ္မာရုံကြီးတွင် လယ်တီမူ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်၊ ကမ္မဋ္ဌာနာစရိယချုပ် ဆရာကြီးဦးသန်း၏တပည့်များ အနီးကပ်ညွှန်ပြပို့ချအပ်သော လစဉ် ဝိပဿနာ ခုနစ်ရက်တရားစခန်းကို ၁-၃-၂၀၁၄ရက်မှ ၉-၃-၂၀၁၄ရက်အထိဖွင့်လှစ်ပါမည်။ တရားစခန်းဝင်လိုသူများ၊ အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည်လှူဒါန်းလိုသူများ ဖုန်း-၀၉-၃၁၅၆၆၈၂၁၊ ၀၉-၇၃၀၀၈၅၂၈တို့သို့ ဆက်သွယ်စာရင်း ပေးသွင်းနိုင်ပါကြောင်း လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

လယ်တီမူအနာဂါမ်ဆရာသက်ကြီးဝိပဿနာအဖွဲ့ချုပ်
(၅၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ -

ဦး[illegible] (LL.B)

တရားလွှတ်တော်ရှေ့နေ [illegible]

အမှတ် [illegible] HAC TOWER [illegible]

[illegible] ဖုန်း [illegible]

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
တောင်ကုတ်မြို့နယ်တရားရုံးတော်၌
၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀ နှင့် ဆက်နွယ်သည့်
၂၀၁၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၄

ဦးအုန်းလွင် **နှင့်** ဒေါ်ခင်မျိုးဆက်

ဒီကရီအနိုင်ရသူ **တရားရှုံး**

ဒေါ်ခင်မျိုးဆက် ဆေးရုံကွက်သစ်(၂)လမ်းသွယ်၊ ဂူတာရပ်ကွက်၊ တောင်ကုတ်မြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၁၀ တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးအုန်းလွင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ ခုနှစ် မတ် ၆ရက် (၁၃၇၅ ခုနှစ် တပေါင်းလဆန်း ၆ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

(နွယ်နွယ်အေး)
မြို့နယ်တရားသူကြီး
တောင်ကုတ်မြို့နယ်တရားရုံး

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
တောင်ကုတ်မြို့နယ်တရားရုံးတော်၌
၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၉နှင့်ဆက်နွယ်သည့်
၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၁

ဦးစိုးဝင်းဗိုလ် **နှင့်** ၁။ ဦးချစ်လှိုင်
၂။ ဒေါ်မရွှေသာ
၃။ ဒေါ်မသန်းရွှေ
၄။ မစိမ်းညို

တရားနိုင် **တရားရှုံးများ**

ဦးချစ်လှိုင်၊ ဒေါ်မရွှေသာ၊ အမှတ် (၆၂)၊ ဗိုလ်ဆွန်ပက်လမ်း၊ ချောင်းကောက်ရပ်ကွက်၊ တောင်ကုတ်မြို့(ယခုနေရပ်လိပ်စာမသိ)နှင့် ဒေါ်မသန်းရွှေ၊ မစိမ်းညို၊ အမှတ်(၆၂)၊ ဗိုလ်ဆွန်ပက်လမ်း၊ ချောင်းကောက်ရပ်ကွက်၊ တောင်ကုတ်မြို့နေသူတို့ သိစေရမည်။

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၉တွင် ကျရှိသည့်ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးစိုးဝင်းဗိုလ်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရ ကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၂၄ရက် (၁၃၇၅ခုနှစ် တပို့တွဲလပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၁၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နွယ်နွယ်အေး)
မြို့နယ်တရားသူကြီး
တောင်ကုတ်မြို့နယ်တရားရုံး

ဖခင်အမည်မှန်

တမူးခရိုင်၊ တမူးမြို့နယ် ပွတ်သာကျေးရွာ အလက(ခွဲ) အဋ္ဌမတန်းမှ မချောစုခိုင်၏ ဖခင်အမည်မှန်မှာ ဦးအေးဝင်းဖြစ်ပါကြောင်း။

ဦးအေးဝင်း ၅/တမန(နိုင်)၀၀၀၆၄၀

ဖခင်အမည်မှန်

တမူးခရိုင်၊ တမူးမြို့နယ် ပွတ်သာကျေးရွာ အလက(ခွဲ) သတ္တမတန်းမှ မောင်ရဝေဦး၏ ဖခင်အမည်မှန်မှာ ဦးသန်းမြင့်ဖြစ်ပါကြောင်း။

ဦးသန်းမြင့် ၅/တမန(နိုင်)၀၄၃၆၄၅

ဖခင်အမည်မှန်

တမူးခရိုင်၊ တမူးမြို့နယ်၊ ပွတ်သာကျေးရွာ အလက(ခွဲ) သတ္တမတန်းမှ မယွန်းဆွေသိန်း၏ ဖခင်အမည်မှန်မှာ ဦးကြွေအောင်ဖြစ်ပါကြောင်း။

ဦးကြွေအောင် ၅/တမန(နိုင်)၀၃၁၂၀၈

ဖခင်အမည်မှန်

တမူးခရိုင်၊ တမူးမြို့နယ် ပွတ်သာကျေးရွာ အလက(ခွဲ) ဆဋ္ဌမတန်းမှ မောင်ဝေပိုင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးထွန်းလှဖြစ်ပါကြောင်း။

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ဟိုပင်၌ လွှတ်တော်ကိုယ်စားလှယ်များ၏ အတွေ့အကြုံရှင်းလင်း

ဟိုပင် ဖေဖော်ဝါရီ ၂၂

ကချင်ပြည်နယ် ဟိုပင်မြို့နယ်တွင် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၏ အတွေ့အကြုံရှင်းလင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲ ၁၂ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးကျော်သူနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုစုပေါင်း ၁၀၅ ဦးခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီလေးက အမှာစကားပြောကြားပြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးပါ(ခ)ဦးခင်မောင်ဆွေက ဥပဒေများနှင့် ပတ်သက်၍လည်းကောင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ကိုယ်စားလှယ်များ၏ အဆိုများ၊ မေးခွန်းများနှင့် ကော်မတီများ၏ လုပ်ငန်းတာဝန်များကိုလည်းကောင်း အသီးသီးရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသည့် ဒေသခံပြည်သူများက ၎င်းတို့သိရှိလိုသည့် အချက်များကို မေးမြန်းရာ လွှတ်တော်ကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် အဖွဲ့သည် ကောင်းကင်လွှင်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာ၊ မူကြိုကျောင်း နှစ်ထပ်ကျောင်းဆောင်သစ်နှင့် အရှည်ပေ ၂၁၀ ရှိ နန့်ရင်း-ဆင်ဘိုချောင်းကူးတံတား တည်ဆောက်နေမှုကို လည်းကောင်း၊ Myanmar Maker Home ကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိသော မြန်မာ့စီးပွားရေးဘဏ်၊ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း မြသီတာခန်းမနှင့် ချောင်းသာယာတံတားတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျပ်သိန်း ၁၀၀၀ နီးပါး အကုန်အကျခံ ရိုက်ကူးထားသည့် မာကြီးရှည်ဇာတ်ကား ရုံတင်ပြသ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရှမ်းပြည်နယ်အတွင်းရှိ ရှမ်းတိုင်းရင်းသားရိုးရာအကများ၊ နှစ်ပေါင်းထောင်ချီသက်တမ်းရှိအပင်ကြီးများနှင့် ခြေတံရှည်အိမ်များ ပါဝင်သော "မာကြီးရှည်" ရုပ်ရှင်ဇာတ်ကားသစ်အား ယခုအပတ်အတွင်း ရန်ကုန်မြို့ အပါအဝင် မန္တလေး၊ မြိတ်၊ ဘားအံမြို့များရှိ အဆင့်မြင့်ရုပ်ရှင်ရုံ ၁၀ ရုံ၌ တစ်ပြိုင်တည်း ပြသမည်ဖြစ်သည်။

"မာကြီးရှည်" ရုပ်ရှင်ဇာတ်ကား ရိုက်ကူးထုတ်လုပ်သူ လပ်ကီးဆဲဗင်းထုတ်လုပ်ရေးမှ စီစဉ်သူ မအေးအေးဝင်းက "ဇာတ်ကားကို အစက အခြားနာမည်တစ်မျိုး ပေးထားတာ။ ဇာတ်ကားထဲက အဖိုးအဖြစ် သရုပ်ဆောင်တဲ့ မော့စ်က မြေးဖြစ်သူကို မာကြီးရှည် (ကျန်းမာ၊ ကြီးပွား၊ အသက်ရှည်ပါစေ)ဆိုတဲ့စကား မကြာခဏ ထည့်သုံးထားပါတယ်။ ဒီနာမည်ကို အထက်ပိုင်းမှာနေကြတဲ့သူတွေကတော့ မြန်မာစကားလို့ သတ်မှတ်ထားပါတယ်။ ဇာတ်ကားက ဆယ်ကျော်သက်နှစ်ယောက်ရဲ့ အကြောင်းကို အခြေခံထားပြီး ဟာသဇာတ်မြူးအဖြစ်နဲ့ ဖန်တီးသရုပ်ဖော်ထားတာပါ။ ကုမ္ပဏီနဲ့ ဒါရိုက်တာတို့ကတော့ မြန်မာနိုင်ငံရဲ့ အလှပဆုံးနေရာတွေကို ဇာတ်ကားကြည့် ပရိသတ်တွေအတွက်ချပြချင်လို့ပါ။ ဒေသခံ ရှမ်းတိုင်းရင်းသားတွေကလည်း အလွန်ကူညီကြပါတယ်။ ရိုက်ကူးပြီးစီးတာ တစ်နှစ်ခွဲလောက်ရှိပေမယ့် ရုံတင်ရက်ကို စောင့်နေတာပါ။ ဒီဇာတ်ကားရိုက်ကူးရတာ တစ်လနီးပါးကြာပြီး ကုန်ကျစရိတ်က ရန်ကုန်မြို့နဲ့ နယ်ရိုက်ကွင်းကုန်ကျစရိတ်တွေအားလုံးပေါင်းရင် ငွေကျပ် သိန်း ၁၀၀၀ နီးပါး ကုန်ကျပါတယ်"ဟု ဆိုသည်။

ဖေဖော်ဝါရီ ၂၃ ရက်တွင် လာရောက်ကြည့်ရှုသော ပရိသတ်များကို ဇာတ်ကားတွင်ပါဝင်သည့် အနုပညာရှင်များက အမှတ်တရတွေ့ဆုံ လက်မှတ်ထိုးပေးရန် သမ္မတရုပ်ရှင်ရုံ၌ စီစဉ်ထားသည်။ အဆိုပါဇာတ်ကားတွင် အကယ်ဒမီရဲအောင်၊ မိုးအောင်ရင်၊ အကယ်ဒမီစိုးမြတ်သူဇာနှင့် ဝတ်မှုံရွှေရည်အပါအဝင် သရုပ်ဆောင်များစွာ ပါဝင်ရိုက်ကူးထားကြောင်း ရိုက်ကူးထုတ်လုပ်သူက ပြောကြားသည်။

စိုးဝင်း-SP

ချောင်းဦးမြို့နယ်တွင် စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

ချောင်းဦး ဖေဖော်ဝါရီ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် အမြင့်ကျေးရွာ စာကြည့်တိုက်တွင် ဖေဖော်ဝါရီ ၂၀ ရက်က ပြန်/ဆက်ဦးစီးဌာနမှ စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပရာ မြို့နယ်မှ တာဝန်ရှိသူများ၊ စာပေဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးညိုမြ ရာပြည့်ပွဲတော် အကြိုကျင်းပခြင်းဖြစ်ပြီး ညိုမြတို့ရွာစာကြည့်တိုက် ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းများနှင့် ဦးညိုမြ ရာပြည့်ပွဲတော် ကျင်းပနိုင်ရေး ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများဖြစ်သော စာပေဟောပြောပွဲများ၊ ယဉ်ကျေးမှုသင်တန်းများ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ ကျင်းပရန်နှင့် ဦးညိုမြနှင့် သခင်လေးမောင်တို့၏ အမှတ်တရပစ္စည်းများကိုလည်း ပြခန်းဖွင့်လှစ်ပြသမည်ဖြစ်သည်။

ထို့နောက် ဒို့ကျေးရွာဂျာနယ်ကို စာဖတ်ဝိုင်းဆွေးနွေးပွဲအဖြစ် ဆွေးနွေးခဲ့ပြီး စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

သတင်းတိုများ

ဝမ်းတွင်းမြို့နယ်၌ ကုလားပဲစိုက်ပျိုးမှု အထွက်နှုန်းလျော့နည်းနေ

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် အိုင်သာကျေးရွာအတွင်း စိုက်ပျိုးသည့်ကုလားပဲမှာ ယခုနှစ်တွင် အထွက်နည်းကြောင်း ဒေသခံတောင်သူတချို့ထံမှ သိရသည်။ "ကုလားပဲက မိုးများရင်လည်းမကောင်းဘူး။ မိုးနည်းရင်လည်း မကောင်းဘူး။ မိုးအနေတော်ရွာမှ အထွက်ကောင်းတာ။ ဒီနှစ်မိုးကကောင်းခဲ့တော့ ကုလားပဲက အထွက်နည်းတယ်။ စိုက်ပျိုးသီးနှံမျိုးစရိတ်၊ နေ့စားစရိတ်၊ မြေသြဇာနဲ့ ပိုးသတ်ဆေးစရိတ်တွေနဲ့ဆို ကုလားပဲစိုက်ရတာ တောင်သူတွေအတွက် သိပ်မကျန်ပါဘူး။ ဒါပေမယ့် အချို့ကျေးရွာတွေကျတော့လည်း နောက်ကျပြီးစိုက်တာ၊ စောပြီးစိုက်တာကွာတော့ ကုလားပဲအထွက်ကောင်းတယ်လို့လည်း သိရတယ်"ဟု အိုင်သာကျေးရွာ ဒေသခံတောင်သူတစ်ဦးက ပြောကြားသည်။

ဧွေးလှိုင်(ဝမ်းတွင်း)

ကျေးလက်မီးလင်းရေးအတွက် လုပ်ငန်းလိုအပ်ချက်များ ဖြည့်တင်းဆောင်ရွက်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွင် တစ်ခုအပါအဝင်ဖြစ်သော ကျေးလက်ဒေသမီးလင်းရေး၊ အသေးစားရေအားလျှပ်စစ်လုပ်ငန်းကို မိုးမိတ်မြို့နယ်အတွင်းရှိ လွယ်ဆာကျေးရွာ၊ မန်ဖွယ်ကျေးရွာ၊ သစ်စိမ့်ကုန်းကျေးရွာတို့တွင် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါလုပ်ငန်းဆောင်ရွက်ရာတွင် ရေသွယ်မြောင်းဖောက်လုပ်ခြင်း၊ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြို့နယ်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးတင်မျိုးထွန်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများမှ ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိသည်။

မောင်မောင်(ကျောက်မဲ)

ကလေးမြို့ မြို့မဈေးကြီး မီးဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများ စစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၏ အထင်ကရဈေးကြီးတစ်ခုဖြစ်သော မြို့မဈေးကြီးကို မီးဘေးကြိုတင်ကာကွယ်နိုင်ရေးအတွက် မီးသတ်ရေကန်များတွင်ရေမပြတ်စေရေး၊ မီးဘေးကြိုတင်ကာကွယ်တားဆီးရေးပစ္စည်းများ ရှိ၊ မရှိနှင့်ရေစုပ်စက်များကောင်းမွန်မှုရှိစေရေးတို့ကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး ဦးဆောင်ကာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ခရိုင်မီးသတ်ဦးစီးမှူးနှင့် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ တာဝန်ရှိသူတို့သည် ဖေဖော်ဝါရီ ၂၀ရက်တွင် လိုက်လံစစ်ဆေးခဲ့ကြောင်းသိရသည်။ "မြို့မဈေးကြီးမှာက ဈေးဆိုင်ခန်းပေါင်း ၇၉၅ ခန်း၊ ပျံကျဈေးသည်ပေါင်း ၃၉၀ ရှိပါတယ်။ ဈေးရဲ့ အကျယ်အဝန်းကတော့ ၁ ဒသမ ၂၈ ဧက ရှိပါတယ်။ မီးဘေးကြိုတင်ကာကွယ်နိုင်ရေးအတွက် ဈေးကော်မတီနဲ့ မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု ဈေးကော်မတီဥက္ကဋ္ဌ ဦးငွေအောင်က ပြောကြားသည်။

သျှင်နေမင်း

LADY LIGHT

Ph : 09 73 212181, 09 420020388, 09 33336672

ဆော အထက မြတ်ဆရာပူဇော်ပွဲ ၂၀၁၄ ကျင်းပမည်

၁။ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဆောမြို့နယ်၊ ဆောမြို့ အထက၌ တာဝန်ထမ်းဆောင်ခဲ့ကြသော ၃၁-၁၂-၂၀၁၃ ရက်တွင် အသက် ၆၀ နှစ်နှင့်အထက် ဆရာကြီး ဆရာမကြီးများအား တပည့်များက မြတ်ဆရာပူဇော်ပွဲကို ၄-၅-၂၀၁၄ရက် နံနက် ၉နာရီ ဆောအထကတွင် ကျင်းပမည်ဖြစ်ပါ၍ ဆရာကြီး ဆရာမကြီးများအား အပူဇော်ခံကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

၂။ ဆရာကြီး ဆရာမကြီးများအနေဖြင့် မိမိတို့၏နေရပ်လိပ်စာအပြည့်အစုံနှင့် တယ်လီဖုန်းနံပါတ်များဖော်ပြ၍ ဖုန်း(သို့)ကြေးနန်းဖြင့် အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးထံသို့ အဆက်အသွယ်ပြုပေးကြပါရန် ပန်ကြားအပ်ပါသည်။

၃။ အနယ်နယ်အရပ်ရပ်မှ ကျောင်းသား ကျောင်းသူဟောင်းများအားလုံး မြတ်ဆရာပူဇော်ပွဲသို့ တက်ရောက်ဂါရဝပြုကြပါရန် ဖိတ်ကြားအပ်ပါသည်။ မြတ်ဆရာပူဇော်ပွဲကိစ္စအဝဝနှင့် ပညာရေးငွေပဒေသာပင်အတွက် အလှူငွေများ၊ အကြံဉာဏ်များကို အောက်ပါပုဂ္ဂိုလ်များထံသို့ဖြစ်စေ၊ အဝေးရောက် ကျောင်းသားဟောင်းကိုယ်စားလှယ်များထံမှတစ်ဆင့်ဖြစ်စေ၊ ဘဏ်မှဖြစ်စေ၊ အဆင်ပြေရာနည်းလမ်းဖြင့်ပေးပို့နိုင်ကြပါသည်။ အလှူငွေများပေးပို့ကြသည့်အခါ (ရငွေစာရင်းတွင် အတည်ပြုမှတ်တမ်းတင်နိုင်စေရန်) တယ်လီဖုန်း (သို့) ကြေးနန်းဖြင့် ပေးပို့သူအမည်နှင့် လိပ်စာဖော်ပြ၍ ဆက်သွယ်အကြောင်းကြားကြစေလိုပါသည်။

	ဆက်သွယ်ရန်		ငွေပို့ရန်
၁။	ဦးအောင်စန်း	ဖုန်း-၀၉-၄၀၁၅၆၆၁၉၅	မန်နေဂျာ
၂။	ဦးသန်းထွန်း	ဖုန်း-၀၉-၄၀၁၅၆၆၁၄၆	မြန်မာ့စီးပွားရေးဘဏ်
၃။	ဦးတင်လှိုင်	ဖုန်း-၀၉-၄၀၁၆၆၆၀၈၃	ဆောမြို့
၄။	ဒေါ်သန်းသန်းထွေး	ဖုန်း-၀၉-၄၀၁၆၂၉၉၉၈	ငွေစာရင်းအမှတ် SF(80)
၅။	ဒေါ်သင်းသင်းလှိုင်	ဖုန်း-၀၉-၄၀၁၆၃၀၀၇၂	ကျောင်းသားဟောင်းများ၏ရန်ပုံငွေ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၈)ရပ်ကွက်၊ မြဝတီလမ်း၊ အမှတ် ၁၁၈(ခ)ဟုခေါ်တွင်သော ဦးသန့်ဇင်ထွေးအမည်ပေါက်၊ မြေတိုင်းရပ်ကွက်အမှတ်(သကစ-၁၆)၊ မြေကွက်အမှတ် ၁၁၈(ခ)၊ အကျယ်အဝန်း၊ အလျားပေ ၂၀×အနံပေ ၆၀ရှိမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သော ဒေါ်ခင်မျိုးသန့်ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကိုပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက် မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးချစ်လွင် LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၉၄၄)
ဖုန်း-၀၉-၄၉၂၅၉၈၇၃

ဦးညွန့်တင် BA, H.G.P
အထက်တန်းရှေ့နေ(စဉ်-၂၂၉၈၃)
ဖုန်း-၀၉-၄၃၁၄၈၃၂၉

ရုံး-အခန်း (၂)၊ မရမ်းကုန်းမြို့နယ်တရားရုံးရှေ့၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ပြင်ဆင်ဖတ်ရှုပါရန်

၃၀-၁၁-၂၀၁၃ရက်ထုတ် ဤသတင်းစာ၏စာမျက်နှာ ကြော်ငြာ (၂) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအမှတ်စဉ် (၁၅) ဦးဟိန်းဇော်၏အမည်ပြောင်းတွင် မြေအမည်ပေါက် ဦးလှသောင်း အစား ဦးလှသော်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

အမှားပြင်ဆင်ခြင်း

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဝါးတရာစက်မှုဇုန်၊ မြေကွက်အမှတ် (1.H)ဧရိယာ ၁ဒသမ၂ဧကကို အမည်ပေါက် ဦးစိန်ကြည် BI-၀၂၅၄၆၉ ထံမှ စာချုပ်စာတမ်းများဖြင့် ပြန်လည်ဝယ်ယူထားသူ ဦးစန်ဝင်း ၁၂/လမတ(နိုင်)၀၂၉၅၄၃က ပိုင်ဆိုင်မှုအတွက်၎င်းအမည်ဖြင့် မြေချပါမစ်ထုတ်ယူခွင့်လျှောက်ထားလာမှုအပေါ် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (စီမံကိန်းဌာနခွဲ)သို့ တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ် ၃၃၅၊ မြေကွက်တည်နေရာအမှတ် ၃၃၅၊ (၆)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် ဦးမောင်မောင် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးမောင်မောင်ထံမှ အရပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဒေါ်ခင်မာလွင် ၁၂/ဒဂတ(နိုင်)၀၀၄၈၆၇မှ ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်များတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ ဂရန် လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/တောင်၊ မြေကွက်အမှတ် ၁၁၁၊ မြေကွက်တည်နေရာအမှတ် ၁၁၁၊ ဘဏ္ဍာလမ်း၊ ၁၀/တောင် တိုးချဲ့ရပ်ကွက်၊ သာကေတမြို့နယ် (ဦးသန်းညွန့်) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးသန်းညွန့် (ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်အေးမြင့် ၁၂/စခန(နိုင်)၆၂၃၂၉၅ မှ သေစာရင်းကျမ်းကျိန်လွှာတင်ပြ၍ အပိုင်ပေးစာချုပ်ရန်နှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများနှင့်အတူ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

စဉ့်ကိုင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ အသစ်တည်ဆောက်မှု ရာနှုန်းပြည့်နီးပါးပြီးစီး

စဉ့်ကိုင် ဖေဖော်ဝါရီ ၂၂

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပညာရေးဝန်ကြီးဌာန၏ ရန်ပုံငွေမှ ခွင့်ပြုငွေဖြင့် ဆောက်လုပ်လျက်ရှိသော စဉ့်ကိုင်မြို့နယ်အတွင်းရှိ စွန်ရဲအထက (ခွဲ) ကျောင်းဆောင်မှာ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ပြီး သပြေပင်အမက ကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်မှုမှာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည်။

ပညာရေးဝန်ကြီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း စွန်ရဲအထက်ကျောင်းခွဲအတွက် အလျားပေ ၁၂၀၊ အနံပေ ၃၀ ရှိ၊ ပေ ၃၀ ပတ်လည် လေးခန်းတွဲ တစ်ထပ်ကျောင်းဆောင်ကို ခွင့်ပြုငွေကျပ် ၄၃၂ သိန်းဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး သပြေကျေးရွာ အမကကျောင်းမှာ ခွင့်ပြုငွေကျပ် ၁၉၂ သိန်းဖြင့် အလျားပေ ၈၀၊ အနံပေ ၃၀ တစ်ထပ်ကျောင်းဆောင်သစ်ကို ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်သည်။

စွန်ရဲ အထက်တန်းကျောင်းခွဲတွင် စွန်ရဲ(တောင်+မြောက်) ကျေးရွာ၊ ကျောက်ကုန်းကျေးရွာ၊ အင်းအုန်းကျေးရွာ၊ စွန်ရဲကွက်သစ်၊ ကတိုးကျေးရွာများမှ ကျောင်းသား ကျောင်းသူပေါင်း ၇၀၉ ဦး ပညာသင်ကြားလျက်ရှိပြီး သပြေအမကကျောင်းတွင် လက်ပန်ကျေးရွာနှင့် သပြေပင်ကျေးရွာများမှ ကျောင်းသား ကျောင်းသူ ၁၀၇ ဦး ပညာသင်ကြားလျက်ရှိသည်။ ကျောင်းသားနှင့် ကျောင်းဆောင်အချိုးမှာ မျှတမှုမရှိခဲ့ပေ။ ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးသဖြင့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ယူနိုင်ကြတော့မည်ဖြစ်သည်။

ကျောင်းဆောင်သစ်၏ သတ်မှတ်ချက်စည်းကမ်းများ၊ စံချိန်စံညွှန်းများနှင့် ပြည့်စုံညီညွတ်မှုရှိစေရေးအတွက် ဖေဖော်ဝါရီ ၂၀ ရက်က တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက စစ်ဆေးပေးခဲ့သည်။ **ထွန်းထွန်းနိုင်(ကျောက်ဆည်)**

ကလေးသီတဂူစက္ခုဒါနဆေးရုံ၌ မျက်စိဝေဒနာရှင်များအား ခွဲစိတ်ကုသမည်

ကလေး ဖေဖော်ဝါရီ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ သီတဂူစက္ခုဒါနဆေးရုံ၌ နဝမအကြိမ်မြောက် မျက်စိဝေဒနာရှင်များအား မျက်စိအထူးကုပါရဂူများက ခွဲစိတ်ကုသပေးမည်ဖြစ်သည်။

သီတဂူစက္ခုဒါန ဆေးရုံတော်ကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာက တည်ထောင်ဖွင့်လှစ်ခဲ့ပြီး မျက်စိဝေဒနာရှင်ပေါင်း ၆၈၁၁ ဦးတို့ကို စစ်ဆေးပေးခဲ့ကာ ဝေဒနာရှင်ပေါင်း ၁၅၆၆ ဦးတို့ကို ခွဲစိတ်ကုသပေးခဲ့ပြီးဖြစ်သည်။

ထို့အပြင် စေတနာရှင်ပြည်သူများ၏ စုပေါင်းလှူဒါန်းမှုကြောင့် ဇန်နဝါရီ ၁ ရက်မှစ၍ ဒုတိယထပ်ကို တိုးမြှင့်ဆောက်လုပ်လျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ ကုသိုလ်ပါဝင်လိုသူများ လှူဒါန်းနိုင်ကြောင်း အဆိုပါဆေးရုံ၏ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဒုတိယထပ် ဆောက်လုပ်ပြီးစီးပါက မျက်စိဝေဒနာရှင်များအပြင် အထွေထွေ ရောဂါများကိုလည်း ကုသပေးနိုင်ရန် ဆေးရုံတော် တည်ထောင်သူ ဆရာတော်ကြီးများနှင့် တာဝန်ရှိသူများ တိုင်ပင်ညှိနှိုင်းထားသည်။ ကလေး သီတဂူစက္ခုဒါနဆေးရုံအပြင် သီတဂူအာယုဒါနဆေးရုံများမှာ နိုင်ငံတစ်ဝန်းလုံးတွင် အခု ၂၀ ခန့်ရှိနေပြီး သီတဂူဆရာတော်နှင့်အလှူရှင်များက စုပေါင်းလှူဒါန်းထားကြခြင်းဖြစ်သည်။ မျက်စိခွဲစိတ်ကုသရာတွင် ပြည်တွင်း၊ ပြည်ပ မျက်စိအထူးကုဆရာဝန်ကြီးများက လာရောက်ကုသပေးခဲ့ခြင်းဖြစ်သည်။ **ချင်းတွင်းသား**

အော်ပရေတာအသစ်များ ခန့်အပ်မှုကြောင့် မိုဘိုင်းဖုန်းပြပွဲ ပိုမိုစည်ကား

ရန်ကုန် ဖေဖော်ဝါရီ ၂၂

(၅)ကြိမ်မြောက် မြန်မာ့မိုဘိုင်းပြပွဲ (5th Myanmar Mobile Fair)ကို တပ်မတော်ခန်းမ၌ ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၃ ရက်အထိ ကျင်းပခဲ့ပြီး ဟန်းဆက်အမျိုးမျိုး၊ တက်ဘလက်အမျိုးမျိုး၊ ဖုန်းဆော့ဖ်ဝဲနှင့်ဝန်ဆောင်မှုများကို ရောင်းချလျက်ရှိသည်။

Cherry မိုဘိုင်း၏ အရောင်းပြခန်းတွင် ဟန်းဆက်အမျိုးမျိုးကို ငွေကျပ် ၅၀၀၀ မှ ငွေကျပ် ၄၀၀၀၀ အထိ ဈေးလျှော့၍ ရောင်းချနေသည့်အပြင် ဆုငွေချီးမြှင့်သည့် ဂိမ်းအစီအစဉ်လည်းပါဝင်သည်။ Minglaba Myanmar ဖုန်းဆိုင်၏ ပြခန်းတွင် ၄၂ လက်မအရွယ် ပရိုဂျက်တာပါဝင်သည့် Ayane ဟန်းဆက်အပါအဝင် ဟန်းဆက်အမျိုးမျိုးကို ငါးရာခိုင်နှုန်းလျှော့ဈေး၊ မေတ္တာလက်ဆောင်များ၊ စမတ်ဖုန်းတစ်လုံးဝယ်လျှင် Keypad ဖုန်းတစ်လုံးလက်ဆောင် စသည့် အစီအစဉ်များ ပါဝင်သည်။

Alcatel အရောင်းပြခန်းတွင် Alcatel ဟန်းဆက်များကို ငွေကျပ် ၁၅၀၀၀ မှ ၄၀၀၀၀ အထိ လျှော့၍ ရောင်းချပေးနေသည်။ ဟန်းဆက်အမှတ်တံဆိပ်အသစ် ဖြစ်သော Hiway ပြခန်းတွင်လည်း မြန်မာစာစနစ်ပါဝင်သည့် ဖုန်းမော်ဒယ်သစ်လေးမျိုးကို အထူးလျှော့ဈေး

ဆက်သွယ်ရေးဝန်ဆောင်မှုများ ပိုမိုဆန်းသစ်လာတော့မည်ဖြစ်၍ နည်းပညာမြင့်အသုံးအဆောင်များဝယ်ယူမှုမြင့်တက်လျက်ရှိသည်။

သတင်းနှင့်ဓာတ်ပုံ-ခင်ရတနာ

အပြင် ငွေဖြည့်ကတ်၊ တီရှပ် လက်ဆောင်များပေး၍ ရောင်းချလျက်ရှိသည်။ Phone Corne ဆိုင်၏ ပြခန်းတွင်လည်း ဆိုနီ၏ တရားဝင်အာမခံ ဟန်းဆက်အမျိုးမျိုးကို ငွေကျပ် ၅၀၀၀ မှ ၁၀၀၀၀ အထိ ဈေးလျှော့ချကာ ရောင်းချပေးခဲ့သည်။ အမှတ်တံဆိပ်တစ်ခုဖြစ်သည့် Wainford ပြခန်းတွင်လည်း ဈေးနှုန်းချိုသာသော Wainford Tablet အမျိုးမျိုးကို အထူးလျှော့ဈေး အစီအစဉ်များဖြင့် ရောင်းချခဲ့သည်။ Samsung ပြခန်းတွင်လည်း Samsung ၏ နောက်ဆုံးထွက်ဖုန်းဖြစ်ပြီး ဈေးနှုန်းချိုသာကာ မြန်မာစာစနစ်လည်းပါဝင်သည့် Galaxy Star Plus ဟန်းဆက်အပြင် ဟန်းဆက်အမျိုးမျိုးရောင်းချခဲ့သည်။

ဟန်းဆက်အရောင်းဆိုင်များအပြင် Redlink အင်တာနက်၊ မြန်မာမိုဘိုင်းမန်းနီး၊ My Data အွန်လိုင်းစတိုး၊ Total Gameplay Studio၊ ပုတက်မြန်မာကာတွန်း ပြခန်းများတွင် လျှော့ဈေး၊ ဂိမ်းနှင့်ဆော့ဖ်ဝဲ အခမဲ့ထည့်ပေးသည့် အစီအစဉ်များပါဝင်သည်။ ပြပွဲတွင် ကုမ္ပဏီနှင့် အရောင်းဆိုင်ပေါင်း ၄၀ ကျော်က ပြခန်းပေါင်း ၈၀ ကျော် ပါဝင်ပြသထားသည်။

မြစ်ငယ်တံတားထိပ် ၁၂ မိုင် တြိဂံပတ်လမ်း ပြုပြင်ဖောက်လုပ်

မြစ်ငယ် ဖေဖော်ဝါရီ ၂၂

မန္တလေးမြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အမရပူရမြို့နယ် မြစ်ငယ်တံတားထိပ် ၁၂ မိုင်လမ်းဆုံကြီးကို ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ယခုအခါ တြိဂံပတ်လမ်းကို စတင်ဖောက်လုပ်နေပြီဖြစ်သည်။

ယာဉ်မတော်တဆမှုများ မကြာခဏ ဖြစ်ပွားလေ့ရှိသဖြင့် တြိဂံပတ်လမ်း ပြုလုပ်ပေးသည့်အတွက် ယာဉ်မတော်တဆမှုများ လျော့နည်းစေတော့မည်ဖြစ်သည်။ အဆိုပါ ၁၂ မိုင်လမ်းဆုံသည် မန္တလေးမြို့တွင်းကွေ့ရှောင်လမ်း သို့မဟုတ် စစ်ကိုင်း-မြစ်ငယ်ဖြတ်လမ်း၏ အစလည်းဖြစ်သည့်အတွက် ယာဉ်ကြောရှုပ်ထွေးစေသောနေရာလည်း ဖြစ်သည်။

"အဝိုင်းပတ်လမ်းပဲဖြစ်ဖြစ် တြိဂံပတ်လမ်းဖြစ်ဖြစ် ယခုလို ပြုလုပ်ပေးတဲ့အတွက် အများပြည်သူတွေ လမ်းဖြတ်ကူးတဲ့အခါ ယာဉ်အန္တရာယ်လည်း မစိုးရိမ်ရတော့ဘူး"ဟု မြစ်ငယ်မြို့မရပ်ကွက်၌ နေထိုင်သူ ကျောင်းသားမိဘတစ်ဦးက ပြောကြားသည်။ အဆိုပါတြိဂံပတ်လမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး အမရပူရမြို့နယ်မှ တာဝန်ယူတည်ဆောက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

မန္တလေးမြို့သည် မြန်မာနိုင်ငံ၏ စက်ဘီးမြို့တော်ဟု တစ်ချိန်က ခေါ်ဆိုခဲ့ကြပြီး ယခုအခါ ဆိုင်ကယ်မြို့တော်ဟု ပြောင်းလဲခေါ်ဆိုရလောက်အောင်ပင် မော်တော်ဆိုင်ကယ်စီးနင်းမှု အများဆုံးမြို့တော်ဖြစ်သည်။ ထို့အတူ မန္တလေးမြို့နှင့် စစ်ကိုင်း-မြစ်ငယ်ဖြတ်လမ်းတွင်လည်း နေ့စဉ်နှင့်အမျှ မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ ဖြတ်သန်းသွားလာလျက်ရှိသည်။ **မောင်မောင်စိုး(မြစ်ငယ်)**

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ရုံးတော်၌

၂၀၁၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၃

၂၀၁၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁

ဒေါ်ကြူကြူဝင်း (၄င်း၏အခွင့်ရကိုယ်စားလှယ် ဦးစိုးမြင့်) **နှင့်** ၁။ ဒေါ်တင်တင်အေး ၂။ ဦးစန်းဦး

ဒီကရီအနိုင်ရသူ **တရားရှုံးများ**

အမှတ် ၄၅၈၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးစန်းဦး (ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ်-၅၃ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ကြူကြူဝင်း (၄င်း၏အခွင့်ရကိုယ်စားလှယ် ဦးစိုးမြင့်)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သည့် အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် မတ် ၁၂ ရက်(၁၃၇၅ ခုနှစ် တပေါင်းလဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးရှေ့သို့လာရောက်စေ။

အကယ်၍ သင်မလာရောက် ပျက်ကွက်ခဲ့ပါက သင်၏ကွယ်ရာတွင် အမှုကိုဥပဒေနှင့်အညီ ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

အမိန့်အရ-

(ကျော်စွာငြိမ်း)
ဒုတိယညွှန်ကြားရေးမှူး
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

ဖခင် အမည်မှန်

ထားဝယ်မြို့၊ အထက (၃) သတ္တမတန်းမှ မောင်ကျော်ဇင်ခန့်၏ ဖခင် အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးစိန်ဗိုလ်တင့်ဖြစ်ပါကြောင်း။

ဦးစိန်ဗိုလ်တင့် ၆/လလန(နိုင်)၀၀၂၃၃၈

အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်တရားရုံး၌

၂၀၁၄ခုနှစ် တရားမအထွေထွေမှုအမှတ် ၅၀

ဦးစောအေးမင်းဖြိုး **နှင့်** ၁။ ဗိုလ်မှူးတင်အောင်လှိုင် ပါ (၂၃) ၂။ သစ္စာပန်းခင်း အထွေထွေဝန်ဆောင်မှုကုမ္ပဏီလီမိတက်

လျှောက်ထားသူ **လျှောက်ထားခံရသူများ**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ် (၃၉/စီ)တွင် (ယခင်) ကုမ္ပဏီဖွင့်လှစ်ခဲ့ပြီး ယခုနေရပ်လိပ်စာမသိသူ သစ္စာပန်းခင်း၊ အထွေထွေကုမ္ပဏီလီမိတက် သိစေရမည်။

အထက်အမည်ပါ လျှောက်ထားသူ ဦးစောအေးမင်းဖြိုးက ဤရုံးသို့ တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၅၈အရ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆၊ မြေကွက်အမှတ် ၆၂၉၊ ပုလဲလမ်း၊ လူနေရပ်ကွက်အမှတ် ၃၆ဟုခေါ်တွင်သော မြေကွက်အား တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၅၄အရ ပညတ်ဝရမ်းထုတ်ဆင့်ထားမှုအပေါ် ဝရမ်းခွာပေးရန် လျှောက်ထားသည်ဖြစ်၍ သင်ကဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀၁၄ ခုနှစ် မတ် ၃ ရက် နံနက် ၁၀:၀၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်ပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(တင်တင်ဌေး)
ဒုတိယခရိုင်တရားသူကြီး(၄)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

အမည်မှန်

ထားဝယ်မြို့ အထက (၃) သတ္တမတန်းမှ မောင်ကျော်ဇင်လတ်၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မောင်ကျော်ဇင်ခန့် ဖြစ်ပါကြောင်း။ **မောင်ကျော်ဇင်ခန့်**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်း-၂၀)

လှည်းကူးမြို့နယ်တရားရုံး

၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၁၅၀

ဦးလှဝင်းနိုင် **နှင့်** ၁။ ဦးလင်းဦး ၂။ ဒေါ်ခင်မာညို

တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ သာသနာ့ရိပ်သာရပ်ကွက်၊ အောင်ချမ်းသာကျောင်းဝင်း၊ မေဃဝတီ ၁လမ်းနေ (၁)ဦးလင်းဦး (ဘ)ဦးနေဝင်း၊ (၂)ဒေါ်ခင်မာညို(ဘ) ဦးအောင်သန်း(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။ သင့်အပေါ်၌ တရားလိုက ၁၇-၁၂-၂၀၁၂ ရက်စွဲပါ စာချုပ်အရ အရောင်းအဝယ်ပြုလုပ်ထားသော အိမ်နှင့်ခြံမြေကို လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် မတ် ၄ ရက် (၁၃၇၅ ခုနှစ် တပေါင်းလဆန်း ၄ ရက်) နံနက် ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

မြင့်အောင်
ဒုတိယမြို့နယ်တရားသူကြီး(၂)
လှည်းကူးမြို့နယ်တရားရုံး

စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဦးစိုးလှိုင်(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန)-
ဒေါ်နီနီ(အထက်တန်းပြ-ငြိမ်း)တို့၏သားကြီး

မောင်ငြိမ်းလွင်နိုင်စိုး

B.Sc (Computing and Information Systems), London Metropolitan University
M.Sc(Information Studies) Nanyang Technological University, Singapore
R&D Engineer (Panasonic Research & Development Center, Singapore)

နှင့်

ရန်ကုန်မြို့နေ
ဦးသန်းအေး(M.D သီရိကျက်သရေဆောက်လုပ်ရေး)-ဒေါ်ခင်ဝင်းမော်တို့၏ တစ်ဦးတည်းသောသမီး

မဆွေသူဇာအောင်

B.A(English)
B.Sc (Computing and Information Systems), London Metropolitan University
Diploma in International Relations, University of Yangon

